
http://www



သီဇောချင်ပါသည်

သာမဏေကျော်

ပျံမဟာဒဂုံ ● ငြိမ်းချမ်းစောင့်



သီဇောချင်ပါသည်

သာမဏေကျော်

http://www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် – ၃၂၀၁၈၉၀၃၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၃၂၀၁၅၆၁၀၀၉

ထုတ်ဝေသူ – ဦးအောင်ကြည် (ခ) ဦးသစ်လွင် (၀၉၄၈)၊
(ကုံကော်မြိုင်စာပေ)၊
အမှတ် ၁၁၃ ၊ ရွှေပြည်သာလမ်း၊
(၆) ရပ်ကွက်၊ သာကေတမြို့နယ်။

အဖုံး/အတွင်း ပုံနှိပ် – ဦးမောင်မောင်လှ(မြို့-၀၅၇၄၅၅)၊
ရွှေနိုင်ငံပုံနှိပ်တိုက်
အမှတ် (၉၀/စီ)၊ ကမ္ဘာအေးဘုရားလမ်း၊
ရန်ကုန်မြို့။

အဖုံးဒီဇိုင်း – ကိုအောင်လွင်

အကြိမ်/အုပ်ရေ – ပထမအကြိမ်၊ (၂၀၀၀ အုပ်)

တန်ဖိုး – (၉၀၀) ကျပ်

ဖြန့်ချိရေး – **သာမဏောကျော်စာပေ**
သာမဏောကျော်မဟာဂန္ဓာရုံကျောင်းတိုက်၊
လှော်ကားဥယျာဉ်အနီး၊ မော်ဘီမြို့နယ်၊
ရန်ကုန်တိုင်း။ – ၀၀၉၆၈၀

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

သာမဏောကျော် ၂၀၇

သိစေချင်ပါသည် / သာမဏောကျော်၊ ရန်ကုန်။

ကုံကော်မြိုင်စာပေ၊ ၂၀၁၀။

၂၆ ၂-စာ၊ ၁၀ · ၁၆ × ၁၅ · ၂၄ စင်တီ။ (၁) သိစေချင်ပါသည်

http://www.dhammadownload.com

သီဓေသျင်ပါသည်

သာမကောကျော်

http://www.dhammadownload.com

လွန်ဆွဲသလို

ကောင်းတဲ့အာရုံနဲ့ မကောင်းတဲ့ အာရုံကစိတ်ကို လွန်ဆွဲသလိုဆွဲခဲ့ရင် စိတ်ကမကောင်းတဲ့ အာရုံဘက် လိုက်ချင်တတ်ပါတယ်။ သတိရှင်၊ ပညာရှင်ရဲ့ သတိ၊ ပညာနဲ့ ထိန်းကွပ်မှုခံယူရတဲ့ စိတ်ကတော့ ကောင်းတဲ့ အာရုံဘက်ကိုပဲ လိုက်လာပါတယ်။

အားဆေးတစ်ခွက်

အကြင်နာပိုသူရဲ့ ကြင်နာစွာ ပြောဆိုလိုက်တဲ့ စကားလေးတစ်ခွန်းက အကြင်နာလိုနေသူအတွက် အလွန့်အလွန် အစွမ်းထက်လှတဲ့ အားဆေးတစ်ခွက် ဖြစ်သွားတတ်ပါတယ်။

တွေးလိုက်တိုင်း

သေခါနီးမှာ စိတ်ချလက်ချ အားကိုးရမယ့် တကယ့် အားကိုးရာကို ရအောင် ရှာမထားသေးရင် သေရဖို့ အရေးတွေးလိုက်တိုင်း ဝန်လေး နေပါမယ်။

ကြည်ညိုရလေလေပါပဲ

ကိုယ့်မှာ သီစရာတွေက မကုန်ဆုံးနိုင်လေလေ ကုန်ဆုံးအောင် သိထားတဲ့ ဘုရားရှင်ကို ပို၍ ပို၍ ကြည်ညိုရလေလေပါပဲ။

http://www.dhammadownload.com

ခွဲခွာရမှုဒဏ်

မခွဲနိုင်၊ မခွာရက်အောင် ခင်မင်နေရသူနဲ့ မခွဲခွာရခင်ကဘဲ ကြိုတင်ပြီး အစမ်းခွဲခွာ ခွဲခွာကြည့်ထားပါမှ တကယ်တမ်း ခွဲခွာရတဲ့အခါ ခွဲခွာရမှုဒဏ်ကို ခံနိုင်ရည် ရှိပါမယ်။

စိတ်ကောင်း သူဌေးဘဝ

စိတ်ကောင်းမဲ့တဲ့ ပစ္စည်းသူဌေးဘဝထက် ပစ္စည်းမဲ့တဲ့ စိတ်ကောင်းသူဌေးဘဝက မနှိုင်းယှဉ်နိုင်လောက်အောင်ဘဲ သာလွန်မြင့်မြတ်ပါတယ်။

တန်ဖိုးရှိစွာ

ကန်ဖိုးရှိတဲ့ အလုပ်တွေကို လုပ်နေသူဟာ အချိန်ကို တန်ဖိုးရှိစွာ အသုံးချနေသူပါပဲ။

လိုနေတတ်ပါတယ်

လူပျင်းမှာ အချိန်တွေ ပိုနေတတ်ပေမယ့် အပူတပြင်း ကြိုးစားနေသူမှာတော့ အချိန်တွေလိုနေတတ်ပါ တယ်။

သင်္ကေတတစ်ခု

သည်းခံခွင့်လွှတ်နိုင်တာဟာ မေတ္တာရဲ့သင်္ကေတတစ်ခုပါပဲ။

http://www.dhammadownload.com

ရှေးရေစက်ဆိုတာ

ရှေးရေစက်ဆိုတာ မိုင်ပေါင်းများစွာ ဝေးကွာနေသူတွေကိုလည်း နီးစပ် ခင်မင် ချစ်ခင်သွားစေနိုင်ပါတယ်။

ကြိုတင်ပြင်ဆင်

ပို၍ ပို၍ ဝေးဝေးသွားစေချင်ပေမယ့် ပို၍ ပို၍ နီးနီးလာနေတဲ့ သေခြင်းတရားကို ရှောင်ကွင်းလို့ရတဲ့နည်းလုံးဝ မရှိတာမို့ ရဲရင့် တည် ကြည်စွာ ရင်ဆိုင်နိုင်ဖို့ပဲ ကြိုတင်ပြင်ဆင်ထားရပါမယ်။

တစိုက်မတ်မတ်

လုပ်သင့်တဲ့အလုပ်ကို လုပ်ချင်စိတ် ထက်သန်ပြီး တစိုက်မတ်မတ် လုပ်တတ်သူဟာ အောင်မြင်မှုရတာပါပဲ။

အသက်သွေးကြော

မကျန်းမာရင် အရာရာမှာ နောက်ကောက်ကျသွားပါတယ်။ ကျန်းမာပါမှ အရာရာမှာ စွမ်းဆောင်နိုင်ပါတယ်။ ကျန်းမာမှုဟာ အောင်မြင်မှုရဲ့ အသက်သွေးကြောတစ်ခုပါပဲ။

http://www.dhammadownload.com

များသည်ထက် များများ

စိတ်အေးချမ်းမှုလေးတွေကို များသည်ထက်များများ ပိုင်ဆိုင်နိုင်လာအောင် ကြိုးစားသူဟာ တကယ့်ပညာရှိသူတော်ကောင်းပါပဲ။

လေ့ပမာ

ရေစုန်မှာ လေအဟုန်ပြင်းပြင်းနဲ့ စုန်ဆင်းတဲ့ လေ့ပမာ စိတ်ဟာ မကောင်းတဲ့ အာရုံဆီကို အရှိန်အဟုန်ပြင်းစွာပြေးသွားနေတတ်ပါတယ်။

ကိုယ်တွေ့

စိတ်အပူတွေကို သတိရေနဲ့ ပက်ဖြန်းရင် အေးချမ်းသွားတာကို ပက်ဖြန်းဖူးသူတိုင်း ကိုယ်တွေ့သိနိုင်ကြပါတယ်။

အကြိမ်ကြိမ်

မလိမ္မာတဲ့ စိတ်ကလေးကို လိမ္မာလာအောင်, ရိုင်းစိုင်းတဲ့စိတ်ကလေးကို ယဉ်ကျေးလာအောင် ပညာရှိဟာ အခါခါအထပ်ထပ် အကြိမ်ကြိမ် ဆုံးမပေးရပါတယ်။

http://www.dhammadownload.com

ထုံမွှမ်းထားတဲ့ စိတ်ကလေး

ဘုရားဂုဏ်တော်တွေရဲ့ အဓိပ္ပာယ်ကို သိတဲ့ပညာ၊ ကြည်ညိုတဲ့ သဒ္ဓါနဲ့ ထုံမွှမ်းထားတဲ့ စိတ်ကလေးဟာ ကိုယ့်ဘဝကို မြင့်သည်ထက် ပို၍ ပို၍ မြင့်လာအောင် မြှင့်ပေးပါလိမ့်မယ်။

အမုန်းဆုံးရန်သူထက်

ကိုယ့်ရဲ့ဆိုးသွမ်းမိုက်ရိုင်းတဲ့ စိတ်ကလေးက ကိုယ့်ကို ဒုက္ခမျိုးစုံ ကြုံတွေ့အောင် ပြုလုပ်ပေးတတ်ပါတယ်။ ကိုယ့်ကို အမုန်းဆုံးရန်သူထက် အဲဒီစိတ်မိုက်က ပိုမိုကြောက်စရာကောင်းပါတယ်။

ဒဏ် (၄) ဒဏ်

ဒဏ် (၄) ဒဏ်ကို ခံနိုင်ရည်ရှိသူဟာ တကယ့်ရင့်ကျက်သူပါပဲ။

၁။ အိုလာတဲ့အခါ အအိုဒဏ်။

၂။ အကြီးအကျယ် ဖျားတဲ့အခါ၊ ရောဂါအပြင်းအထန် ခံစားရတဲ့အခါ အနာဒဏ်။

၃။ သေခါနီးမှာ ခံစားရတဲ့ ဆင်းရဲဒဏ်။

၄။ ချစ်ခင်ရသူတွေနဲ့ ခွဲခွာရမှုဒဏ်။

http://www.dhammadownload.com

မြော်မြော်မြင်မြင် မေတ္တာ

ကိုယ်ခင်မင်တဲ့သူတွေကို အကျိုးရှိရာရှိကြောင်း စကားကောင်း လေးတွေကို ပြောပြောပေးတာဟာ မြော်မြော်မြင်မြင် မေတ္တာသက်ဝင်တဲ့ လုပ်ရပ်ပါပဲ။

စကားလေးတစ်ခွန်း

ကိုယ် မခင်မင်၊ ကိုယ် မချစ်ခင်သူတွေရဲ့ စကားပေါင်း ရာ၊ ထောင်၊ သိန်း၊ သန်းထက် ကိုယ်ခင်မင်၊ ကိုယ်ချစ်ခင်ရသူရဲ့ စကားလေးတစ်ခွန်းက ပိုမိုအဖိုးတန်နေတတ်ဟာ လောကသဘာဝတစ်ခုပါပဲ။

ငါကြည်ညိုတဲ့ ငါ

ငါဟာ ငါကြည်ညိုတဲ့ ငါဖြစ်လာရင် သူတစ်ပါးတွေပါ ငါ့ကို အလို လို ကြည်ညိုလာတော့တာပါပဲ။

ရေယဉ်ကြောမှာ

အကောင်းလောကဓံ ရေယဉ်ကြောမှာ နစ်မျောပါမသွားရအောင် သတိ၊ သမာဓိ၊ ပညာတွေ အများကြီးပဲလိုအပ်လှပါတယ်။

http://www.dhammadownload.com

သူတော်ကောင်းစိတ်ထား

သူတော်ကောင်းစကားတွေကို များများ ကြားနာရရင် သူတော်ကောင်း စိတ်ထားလေးတွေ များများဝင်လာတတ်တာမို့ သူတော်ကောင်းဖြစ်လိုသူဟာ သူတော်ကောင်းစကားတွေကို များများကြီး ကြားနာသင့်ပါတယ်။ ဖတ်ရှုသင့်ပါတယ်။ မှတ်သားသင့်ပါတယ်။

ဓနရှင်

ဒါနရှင်ဟာ သံသရာတစ်လျှောက်မှာ ဓနရှင်ဖြစ်ရပါတယ်။

အသက်ရှည်ပါတယ်

မသင့်တာကို ရှောင်၊ သင့်တာကို မှီဝဲတတ်သူပညာရှိဟာ အသက်ရှည်ပါတယ်။

မိတ်ဆွေ

မေတ္တာဟာ မိတ်ဆွေတိုးပွားစေပါတယ်။ မိတ်ဆွေလျော့ပါး မသွားစေပါ။

http://www.dhammadownload.com

သတိလေးကသာ

သေခါနီးကာလမှာ အသက်ရှူ ဖုတ်လှိုက်ဖုတ်လှိုက် ဖြစ်နေတုန်း ဘယ်မိဘ၊ ဘယ်ဆွေမျိုး၊ ဘယ်မိတ်ဆွေ၊ ဘယ်ချစ်ခင်သူတွေက လာပြီး ကူနိုင်၊ ကယ်နိုင်ဦးမှာလဲ။ ကိုယ့်ရဲ့ အချိန်ကြာမြင့်စွာ အကြိမ်ကြိမ်အခါခါ စုဆောင်းထားတဲ့ သတိလေးကသာ ကူနိုင်၊ ကယ်နိုင်ပါတော့ တယ်။

အမှတ်ရဖွယ်

ကိုယ့်ဆန္ဒကို ဘေးဖယ်ထားပြီးအတူနေ ပုဂ္ဂိုလ်တွေရဲ့ ကောင်း မြတ်တဲ့ဆန္ဒကိုလိုက်လျောကာ ဆောင်ရွက်တော်မူသွားကြတဲ့ သူတော်ကောင်းကြီးတွေရဲ့ လုပ်ရပ်ဟာ အမှတ်ရဖွယ်ကောင်းလှပါတယ်။

အချစ်မပိုဘဲ မနေနိုင်ပါ

မိဘမှာ ဘယ်အချိန်မှာ ဘာတွေ၊ ဘာတွေ ပြုလုပ်ပေးဖို့ လိုအပ်နေ တယ်ဆိုတာကို အမြဲမြင်အောင် ကြည့်တတ်ပြီး အလိုက်တသိ ဆောင်ရွက်ပေးတတ်တဲ့ သား၊သမီးကို ဘယ်လိုမိဘကမှ အချစ်မပိုဘဲ မနေနိုင်ပါ။

http://www.dhammadownload.com

အလိုက်တသိနဲ့

မိဘအပေါ် သား၊ သမီးရဲ့အလိုက်တသိနဲ့ ကြင်ကြင်နာနာ၊ ယုယု ယယ ဆောင်ရွက်ပေးမှုဟာ မိဘရဲ့ ရှေးကံကောင်းမှုကြောင့် ဖြစ်လာသလို သား၊ သမီးရဲ့ အနာဂတ်ခရီးမှာ ကောင်းကျိုးတွေကို ရရှိလာဖို့လည်း ဖြစ်ပါတယ်။

နေ့စဉ်နေ့စဉ်

ကိုယ်နဲ့ ပြုလုပ်ရတဲ့ အလုပ်၊ နှုတ်နဲ့ ပြောရတဲ့ စကား၊ စိတ်နဲ့ ကြံစည် ဆုံးဖြတ်ရတဲ့ အကြံအစည် အဆုံးအဖြတ်တွေမှာ ကိုယ့်ကောင်းကျိုး၊ သူ့ကောင်းကျိုးတိုးပွား၊ မတိုးပွားကို နေ့စဉ်နေ့စဉ် စဉ်းစားစဉ်းစား ဆင်ခြင်ဆင်ခြင် ပေးရပါတယ်။ ဒါမှ ကိုယ့်ကောင်းကျိုး၊ သူ့ကောင်းကျိုးတွေကို သယ်ပိုးနိုင်တဲ့ အကျိုးဆောင်ကောင်းတစ်ယောက်ဖြစ်လာပါမယ်။

ဝေစည်လာပါမယ်

ကိုယ့်မှာလည်း ဆိုးကျိုးတွေ၊ သူ့မှာလည်း ဆိုးကျိုးတွေ တိုးပွားစေမယ့် အလုပ်၊ အပြော၊ အကြံအစည်၊ အဆုံးအဖြတ်တွေကို ဘယ်လောက်ပဲ လုပ်ချင်၊ ပြောချင်၊ ကြံစည်ဆုံးဖြတ်ချင်ပေမယ့် အောင့်နိုင်အောင် အောင့်ပါမှ သူ့မှာရော ကိုယ့်မှာပါ ကောင်းကျိုးတွေ ဝေစည်လာပါမယ်။

http://www.dhammadownload.com

တသီတတန်းကြီး

လောဘအမှောင်၊ ဒေါသအမှောင်တွေ လွှမ်းမိုးနေခိုက် အလုပ်၊ အပြော၊ အကြံအစည်၊ အဆုံးအဖြတ်တွေဟာ မိမိအား နောင်တ ပူပန်မှုတွေကို တသီတတန်းကြီး ပေးသွားတတ်ကြပါတယ်။

ပိယဆေး

ဒါနဟာ ပိယဆေးပါပဲ။

ကိစ္စအားလုံးကို

ဒါနဟာ မယဉ်ကျေးသေးတဲ့သူကို ယဉ်ကျေးစေနိုင်ပါတယ်။ ကိစ္စအားလုံးကို ပြီးမြောက်စေနိုင်ပါတယ်။

စစ်တိုက်ရင်

ဒါနဟာ စစ်တိုက်ရတာနဲ့ တူပါတယ်။ စစ်တိုက်ရင် အသက်သေ မှာ မကြောက်မှ အောင်နိုင်ပါတယ်။ လှူရင် မနှမြောမှ လှူနိုင်ပါတယ်။ နှမြောတာကို နိုင်အောင် မတိုက်နိုင်ရင် အလှူ အထမမြောက်နိုင်ပါ။

http://www.dhammadownload.com

သောတာပန်နဲ့ တူ

ဝါဆိုသင်္ကန်းလှူရင် သောတာပန်နဲ့ တူပါတယ်တဲ့။

အကျိုး (၈) မျိုး

သင်္ကန်း(အဝတ်)လှူရင် အကျိုး(၈)မျိုး ရပါတယ်။

၁။ ရွှေအဆင်းလို ဝါဝင်းတဲ့ ကိုယ်ရေ အဆင်း ရှိပါတယ်။

၂။ မြူမှုန်ကင်းပြီး သန့်ရှင်းပါတယ်။

၃။ ကိုယ်ရောင်ကိုယ်ဝါ တောက်ပပါတယ်။

၄။ တန်ခိုးအရှိန်အဝါ ရှိပါတယ်။

၅။ ခန္ဓာကိုယ် အသားအရေ သိမ်မွေ့ ညက်ညော နူးညံ့ပြေပြစ်ပါတယ်။

၆။ အဖြူရောင်၊ အဝါရောင်၊ အနီရောင် အဝတ်ပေါင်း တစ်သိန်း ရရှိပါတယ်။

၇။ ပိုးချည်အဝတ်အထည်၊ ကမွလာချည် အဝတ်အထည်တွေကို ဘဝတိုင်းမှာ ရရှိပါတယ်။

၈။ ခေါမတိုင်းဖြစ် အဝတ်၊ ဝါချည်အဝတ် အထည်တွေကို ဘဝတိုင်းမှာ ရရှိပါတယ်။

http://www.dhammadownload.com

ပွဲလမ်းသဘင် ရှိတိုင်း

အလှူလှူပြီးရင် အဲဒီအလှူကို ပြန်ပြန်ပြီး အောက်မေ့ပေးရပါတယ်။ ထပ်ထပ်ပြီး ဆင်ခြင်ပေးရပါတယ်။ ကိုယ့်မှာရှိတဲ့ လက်ဝတ်တန်ဆာကို ပွဲလမ်းသဘင် ရှိတိုင်း ထုတ်ထုတ်ပြီး ဝတ်ဆင်၊ ဝတ်ဆင်ပေး ရသလိုပါပဲ။

ကာမဘုံမှာ

မလာရင် မျှော်၊ လာရင် ပျော်၊ ပြန်သော် ပျင်းရိ နုံးချည့်ချည့်တဲ့။ အဲဒီခံစားချက် လက််ာလေးက ပိယေဟိ ဝိပ္ပယောဂဒုက္ခနဲ့ ပိယေဟိ သမ္ပယောဂသုခကို ပေါ်လွင်စေ ပါတယ်။ ပိယေဟိ ဝိပ္ပယောဂဒုက္ခဆိုတာ ကိုယ်ချစ်ခင်ရသူ တွေနဲ့ ကွေကွင်းရလို့ ဆင်းရဲရမှုပါပဲ။ ပိယေဟိ သမ္ပယောဂ သုခဆိုတာ ကိုယ်ချစ်ခင်ရသူတွေနဲ့ တွေ့ကြုံနေရလို့ ချမ်းသာ ပျော်ရွှင်နေရမှုပါပဲ။

အဲဒီ သုခ၊ ဒုက္ခကို ကာမဘုံမှာ ကြုံတွေ့ရတတ်ပါတယ်။

တစ်စတစ်စ တိုးတိုးလာ

ကိုယ့်ရဲ့ စိတ်ကောင်းလေးက ကိုယ့်ကို မိဘ၊ ဆွေမျိုးတွေက ချမ်းသာအောင် ကူညီဆောင်ရွက်ပေးတာထက် ပိုမိုကူညီဆောင်ရွက်ပေးနိုင်ပါတယ်။ ဒါကြောင့် ချမ်းသာကို အလိုရှိရင် စိတ်ကောင်းလေးတွေ တစ်စတစ်စ တိုးတိုးလာအောင် စုဆောင်းပေးရပါတယ်။

http://www.dhammadownload.com

နှစ်ဖက်မြင်လူ

(၁) စိတ်ကောင်းစုဆောင်းတဲ့ အမြင်နဲ့ (၂) စီးပွားဥစ္စာ စုဆောင်း တတ်တဲ့အမြင် အဲဒီအမြင်(၂) မျိုးလုံး ရှိရင် နှစ်ဖက်မြင်လူပါပဲ။ နံပါတ် (၁) အမြင်မရှိဘဲ နံပါတ် (၂) အမြင်သာ ရှိတဲ့ လူဟာ တစ်ဖက်မြင်လူပါပဲ။ အမြင်(၂)မျိုးလုံး မရှိရင် စုံလုံးကန်းတဲ့ လူပါပဲ။ နှစ်ဖက်မြင်လူ ဖြစ်အောင် ကြိုးစားရပါတယ်။

ငှက်ပျောတုံး

ပညာမပါတဲ့ လူဘဝဟာ ငှက်ပျောတုံးလိုပါပဲ။ အနှစ်မရှိပါ၊ အကာ ချည်းပါပဲ။ ပညာဆိုတာ သင့်တော်မတော်၊ အကျိုးရှိ မရှိ နှိုင်းချိန်နိုင်တဲ့ ပညာပါပဲ။

အလင်းရောင်

နေဟာ ထွက်လာတယ်။ ဝင်သွားတယ်။ လူဟာလည်း မွေးလာတယ်။ သေသွားတယ်။ နေဟာ လောကကြီးအား အလင်းရောင်ပေးသွားတယ်။ လူဟာလည်း ကိုယ့်ပတ်ဝန်းကျင်အား အလင်းရောင် ပေးသွားနိုင်အောင် ကြိုးစားရပါတယ်။

http://www.dhammadownload.com

မွေးကြိုင်လျက်

လူ သေသွားပေမယ့် နာမည် ရှင်သန်ကျန်ရစ်ပါမှ, လူ့ခန္ဓာကိုယ် ပုပ်ပွသွားပေမယ့် နာမည်မွေးကြိုင်လျက် ကျန်ရစ်ပါမှ လေးစားစရာလူ ဖြစ်ပါတယ်။

မဟာကံထူးရှင်

ပူလောင်တဲ့ အပျော်တွေနဲ့သာ ပျော်နေတဲ့ လူ့လောကကြီးထဲမှာ အေးချမ်းတဲ့ အပျော်နဲ့ ပျော်နိုင်သူ ကတော့ ရွှေလိုလူ၊ စိန်လိုလူပါပဲ။ ရာမှ ရှားတဲ့ လူပါပဲ။ မဟာကံထူးရှင်ပါပဲ။

စက္ကန့်လေးတွေ

မိမိရဲ့ ကျန်ရှိနေသေးတဲ့ ဘဝခရီးမှာ ရှိနေတဲ့ စက္ကန့်လေးတွေ၊ မိနစ်လေးတွေ၊ နာရီတွေ၊ ရက်တွေ၊ လတွေ၊ နှစ်တွေကို ကုသိုလ်စိန် တွေ စီခြယ်ထားတဲ့ စက္ကန့်လေးတွေ၊ မိနစ်လေးတွေ၊ နာရီတွေ၊ ရက်တွေ၊ လတွေ၊ နှစ်တွေ ဖြစ်လာအောင် ကြိုးစားနိုင်ရင် သံသရာခရီးတစ် လျှောက်မှာ မျက်နှာပန်းလှလှ၊ အထက်တန်းကျကျ နေရဖို့အရေး ဗေဒင်မေးစရာ မလိုတော့ပါ။

http://www.dhammadownload.com

အနှစ်သာရ

သူများအကြောင်းတွေကို စဉ်းစားဝေဖန်သုံးသပ်နေခြိန်တွေထက် ကိုယ့်အကြောင်းကို စဉ်းစားဝေဖန်သုံးသပ်ခြိန်တွေက ပိုမိုများပြားလာရင် ကိုယ့်သန္တာန်မှာ အနှစ်သာရတွေ ပိုမိုတည်ရှိလာနိုင်ပါတယ်။

ပညာရောင်

ပညာရောင်ဆိုတာ နေရောင်၊ လရောင်၊ မီးရောင်တွေထက် ပိုမို ထွန်းတောက်ပါတယ်။ ဒါကြောင့် ကိုယ့်ဘဝကို ပိုမိုထွန်းတောက်လာအောင် ပညာရောင်တွေ ကိုယ့်ဘဝမှာ လင်းသည်ထက် ပိုမိုလင်းလာစေရပါမယ်။

ပိုမိုအေးချမ်း

ဒေါသအမှောင်၊ လောဘအမှောင်၊ မောဟအမှောင်၊ မာနအမှောင် စတဲ့ အမှောင်တွေကို ပညာအလင်းရောင်နဲ့ ဖြိုခွင်းနိုင်ရင် ကိုယ့်ဘဝမှာ ပိုမို တောက်ပလာသလို ပိုမို အေးချမ်းလာပါမယ်။

http://www.dhammadownload.com

တန်ဖိုးမထားဘဲ ရှိမှာလဲ

သဘောကောင်း၊ အပြောကောင်း၊ ဥစ္စာပေါ၊ ရုပ်ချောပြီး မြော်မြော် မြင်မြင်၊ နှိုင်းနှိုင်းဆဆ၊ ချင့်ချင့်ချိန်ချိန် ရှိသူကို ဘယ်သူက မလေးစား၊ မချစ်ခင်၊ မမြတ်နိုး၊ တန်ဖိုး မထားဘဲ ရှိမှာလဲ။

ယုံတတ်မှ

အယုံလွယ်ရင် ဒုက္ခရောက်လွယ်တတ်ပါတယ်။ အယုံမှားရင် ဒုက္ခများတတ်ပါတယ်။ ဆင်ဆင်ခြင်ခြင် ယုံတတ်မှ ဘေးရန်လုံခြုံပါတယ်။

ဂုဏ်တင်

သူတော်ကောင်းတွေက ကိုယ့်ကိုယ်ကို နှိမ့်ချပြီး သူတစ်ပါးကို ဂုဏ်တင်ဘတ်ကြပါတယ်။ မသူတော်တွေက တော့ ကိုယ့်ကိုကိုယ် မြှောက်ပင့်ပြီး သူတစ်ပါးကို နှိမ့်ချ တတ်ကြပါတယ်။

တစ်ဆယ်သားလောက်ပဲ

သူ့ဂုဏ် တစ်ပိဿာလောက်ကို တစ်ဆယ်သား လောက်ပဲပြောတယ်။ ကိုယ့်အပြစ်တစ်ပိဿာလောက် ကိုတော့ လုံးဝမရှိသယောင် ဖုံးကွယ်တယ်။ အဲဒါဟာ မရိုးသား၊ မဖြောင့်မတ်မှုပါပဲ။

http://www.dhammadownload.com

မာယာနဲ့ သာဒ္ဓေယျ

မာယာဆိုတာ ကိုယ့်အပြစ်ကို ဖုံးကွယ်တာ။ သာဒ္ဓေယျဆိုတာက ကိုယ့်မှာ မရှိတဲ့ ဂုဏ်နဲ့ ရှိဟန်ဆောင်တာ။ မာယာနဲ့သာဒ္ဓေယျကိုမနှိုးသားသူတွေမှာ တွေ့မြင်နိုင်ပါတယ်။

မိတ်ဆွေကောင်း

ကိုယ် ဒုက္ခရောက်တဲ့အခါ ကူညီတတ်သူဟာ ကိုယ့်ရဲ့ မိတ်ဆွေ ကောင်းပါပဲ။ ကိုယ့်အပေါ် တကယ့်မေတ္တာစစ် ရှိသူပါပဲ။ တကယ့်ကရုဏာစစ်ရှိသူပါပဲ။

အလင်းရောင်ပေးသူ

ကိုယ် အားငယ်တဲ့အခါ အားပေးစကား ပြောကြား တတ်သူ၊ ကိုယ့် မှာ ကြံရာမရဖြစ်နေတဲ့အခါ အကြံကောင်း၊ ဉာဏ်ကောင်း ပေးတတ်သူဟာ အားဆေးကျွေးသူ၊ အလင်း ရောင် ပေးသူပါပဲ။

http://www.dhammadownload.com

အိပ်ရာပေါ် လဲလျောင်းရင်း

တစ်နေ့တာ ကုန်ဆုံးသွားတဲ့အခါ နဖူးပေါ် လက်တင်ပြီး အိပ်ရာပေါ် လဲလျောင်းရင်း စဉ်းစားလိုက်စမ်းပါ။ "ငါဟာ လောကမှာ ငါ့အပေါ် ကျေးဇူးအကြီးမားဆုံး မိခင်နဲ့ဖခင်အပေါ် ဘာတွေများ ပြုစုစောင့်ရှောက်ကူညီပေးရလိုက်ပါသလဲ။ အနည်းဆုံး ရေလေးတစ်ခွက်လောက်မှ ခတ်တိုက်နိုင်လိုက်ပါရဲ့လား။ အဝတ်လေးတစ်ထည်လောက် ပေးဖူးရဲ့လား။ စားစရာလေးတစ်ခု စီစဉ်ကျွေးဖူးရဲ့လား။ ဖျားတဲ့အခါ ဆေးလေးတိုက်ဖူးရဲ့လား။ ခြေဆုပ်လက်နယ် ပြုလုပ်ပေးဖူးရဲ့လား။ မိဘစိတ်ချမ်းသာအောင် စကားလေးတစ်ခွန်းကိုမျှ ပြောလိုက်နိုင်ရဲ့လား။"

မုဒိတာပွားစရာ

သူတော်စင်တွေက ကရုဏာသက်စရာ ပုဂ္ဂိုလ်အပေါ် ကရုဏာ သက်တတ်ကြသလို မုဒိတာပွားစရာ ပုဂ္ဂိုလ်အပေါ်မှာလည်း မုဒိတာ ပွားနိုင်ကြပါပေတယ်။

လမ်းညွှန်နေတတ်ပါတယ်

ကိုယ့်ရဲ့ ဆင်ခြင်တွေးဆတတ်တဲ့ ဉာဏ်ပညာက "ဒါကို လုပ်၊ ဒါကို မလုပ်နဲ့။ ဒါကို ပြော၊ ဒါကို မပြောနဲ့။ ဒီလိုဆုံးဖြတ်၊ ဒီလိုမဆုံးဖြတ်နဲ့"လို့ သတိပေးနေ၊ လမ်းညွှန်နေတတ်ပါတယ်။

http://www.dhammadownload.com

တကယ်ပါပဲနော်

ကိုယ့်သန္တာန်မှာ တကယ် ထင်ရှား ဖြစ်ပေါ်နေတဲ့ သဘောလေးတွေကို မြင်အောင် နေ့စဉ် ကြည့်ကြည့်ပေးရင် စိတ်အေးချမ်းမှုရတာဟာ တကယ်ပါပဲနော်။

ကြီးသူရဲ့တာဝန်ပဲ

ကိုယ့်အောက် ငယ်ရွယ်သူရဲ့ အပြောအဆို၊ အပြုအမူ၊ အကြံအစည်၊ အဆုံးအဖြတ်တွေမှာ တိမ်းစောင်းမှု မရှိရအောင် တည့်မတ်ပေးရမှာက ကြီးသူရဲ့တာဝန်ပဲဖြစ်ပါတယ်။

တစ်စတစ်စ

ကိုယ့်အပေါ် ခင်မင် ချစ်ခင် သံယောဇဉ်ရှိသူတွေမှာ ကုသိုလ် အတွေးတွေ၊ ကုသိုလ်စကားတွေ၊ ကိုယ်အလုပ်တွေ တစ်စတစ်စ တိုးပွားလာအောင် လုပ်ပေးတာဟာ သူတို့မှာ ချမ်းသာတွေ တိုးပွားအောင် လုပ်ပေးနေတာပါပဲ။

လူငယ်ပေမယ့်

လူငယ်ပေမယ့် အသိညာဏ်ကြွယ်ရင် အသက်ကြီးကြီး အသိညာဏ်နည်းသူထက် ပိုမိုအားကိုးလေးစားတန်ဖိုးထားရပါတယ်။

http://www.dhammadownload.com

တည်ငြိမ်မှု

တွေးခေါ်ဆင်ခြင်ဉာဏ် ရင့်ကျက်လာလေလေ လူ့ဘဝမှာ တည်ငြိမ်မှု ရှိလာလေလေပါပဲ။

အတွေးကောင်းတွေ

အတွေးကောင်းရဲ့ နောက်ကွယ်မှာ အပြောကောင်း၊ အလုပ် ကောင်းတွေ လိုက်ပါလာတတ်ကြတာမို့ အတွေးကောင်းတွေ များများ ရှိဖို့ လိုအပ်လှပါတယ်။

ဖန်တီးပေးနိုင်စွမ်း

အတွေးကောင်းက ဘဝကောင်းကို ဖန်တီးပေးနိုင် စွမ်းရှိပါတယ်။

သာမန်လူတစ်ယောက်လောက်

အောင်မြင်ကြီးကျယ်သူတစ်ဦး ဖြစ်နေပေမယ့် ပူလောင်မှုတွေ ရှုပ်ထွေး လုံးပတ်နေရရင် ငြိမ်းအေးမှု ရနေတဲ့ သာမန်လူတစ်ယောက် လောက် အားကျစရာ မကောင်းသေးပါ။

http://www.dhammadownload.com

တကယ်ချစ်ရာရောက်

ကိုယ့်ကိုကိုယ် အပြစ်ကင်းအောင် နေတတ်မှ ကိုယ့်ကိုကိုယ် တကယ်ချစ်ရာ ရောက်ပါတယ်။ ကိုယ် ခင်မင်ချစ်ခင်ရသူကိုလည်း အပြစ်ကင်းစွာ နေတတ်အောင် ကူညီစောင့်ရှောက်ပေးပါမှ သူ့ကို တကယ်ချစ်ရာ ရောက်ပါတယ်။

အလေ့အကျင့်ကောင်း

ကောင်းတဲ့ အလေ့အကျင့်ကို စွဲစွဲမြဲမြဲ လေ့ကျင့်ထားရင် အဲဒီအလေ့အကျင့်ကောင်းက ကိုယ့်ဘဝမှာ ကောင်းကျိုးတွေကို သိသိသာသာ ထင်ထင်ရှားရှား ပေးလာစမြဲပါပဲ။

ဘာဝနာအမိုး

အိမ်မှာ အမိုး မလုံရင် မိုးယိုတယ်။ စိတ်မှာဘာဝနာအမိုး မလုံရင် ကိလေသာမိုး ယိုတယ်။ အိမ်အမိုးလုံရင် လူချမ်းသာတယ်။ စိတ်အမိုး လုံရင် စိတ်ချမ်းသာတယ်။

အခါခါ ပွားမှ

တစ်ခါ ပွားရုံနဲ့ ဘာဝနာအား မကောင်းပါ။ အခါခါ ပွားမှ အားကောင်းပါတယ်။

http://www.dhammadownload.com

လူကောင်း

မကောင်းတာကို ကြောက်မှ လူကောင်း ဖြစ်ပါတယ်။ ကောင်းတာကို ကြောက်နေသေးရင် လူကောင်း ဖြစ်ဖို့ ဝေးပါသေးတယ်။

အသိဆိုတာ

ဉာဏ်တကာ ဉာဏ်တွေထဲမှာ သဗ္ဗညုတဉာဏ်ဟာ အကောင်း ဆုံးပါပဲ။ အကြောင်းကတော့ အကုန်သိလို့ပါပဲ။ အသိဆိုတာ များများရှိလေ များများကောင်းလေပါပဲ။

ရက်စက်နိုင်မှ

မကောင်းစိတ်တွေ ကိုယ့်သန္တာန်မှာ ဝင်ရောက်လာရင် အဲဒီမကောင်းစိတ်တွေကို မညှာမတာ ရက်စက်နိုင်မှ ကိုယ့်ကိုကိုယ် ကြင်နာသနားရာရောက်ပါမယ်။

သုံးလေ သုံးလေ

အသိအလိမ္မာ ဉာဏ်ပညာဆိုတာ အရာရာမှာ သုံးလေ သုံးလေကောင်းလေပါပဲ။

http://www.dhammadownload.com

ကမောက်ကမနဲ့

အမှန် မသိလို့ တပ်မက်မိရင် ကသိကအောက်နဲ့ ဒုက္ခရောက်ရပါတယ်။ ကမောက်ကမနဲ့ ဘဝခရီးမှာ ကျင်လည်ရပါတယ်။

သံသရာအရေးကိုပါ

ပညာရှိ သူတော်ကောင်းဆိုတာ တစ်ဘဝတာ အရေးလေးကိုသာမက သံသရာအရေးကိုပါ မျှော်တွေး တတ်ရပါတယ်။

သာသနာ့အာဇာနည်

သာသနာရောင်ဝါ ထိန်ထိန်ညီးအောင် ခိုးမြောက်နိုင်သူဟာ တကယ့် သာသနာ့အာဇာနည်ပါပဲ။

သဒ္ဓါလည်း ပွင့်

သဒ္ဓါလည်း ပွင့်၊ ဉာဏ်လည်း ပွင့်ပြီး ဆောင်ရွက်တတ်ပါမှ သာသနာမှာ အကျိုးများပါမယ်။

နှံစပ်တဲ့ သတိ

ခါခါမလပ် အရပ်ရပ်မှာ နှံစပ်တဲ့သတိရှိရင် လောက၊ ဓမ္မနှစ်ဌာန မှာ အောင်မြင်တာပါပဲ။

http://www.dhammadownload.com

နေ့စဉ် ပက်ဖြန်း

မေတ္တာရေချမ်းကို ကိုယ့်အိမ်၊ ကိုယ့်ရွာ၊ ကိုယ့်မြို့၊ ကိုယ့်နိုင်ငံ၊ ကိုယ့်ကမ္ဘာက သတ္တဝါတွေအပေါ် နေ့စဉ် ပက်ဖြန်း ပက်ဖြန်းပေးရပါတယ်။

သူတော်စင်

အပြစ်ကြီး အပြစ်ငယ် အသွယ်သွယ် လွတ်ကင်းပြီး သန့်ရှင်း အောင် နေတတ်ရင် တကယ့်သူတော်စင်ပါပဲ။

ဘယ်မှာ ကြီးပွားနိုင်မှာလဲ

လမ်းမှန်ကို ဖယ်၊ လမ်းမှား တွယ်နေရင် ဘယ်မှာ ကြီးပွားနိုင်မှာလဲ။

အားရဖွယ်

တရားရှုမှတ်ခြင်း အလုပ်ဟာ ကိုယ့်သန္တာန်တွင်း ဉာဏ်ရောင်လင်း ၍ ရှင်းကာ ရှင်းကာ ဖြစ်လာစေလို့ အားရ ဖွယ် ကောင်းပါပေတယ်။

ဝမ်းမြောက်ဖွယ်

ဘုရားဆုံးမ သြဝါဒကို ကြားရရှင်ပျော် သားတော် သမီးတော် ဖြစ်ရတာဟာ ဝမ်းမြောက်ဖွယ်ပါပဲ။

http://www.dhammadownload.com

အမြဲ ဝင်းပြောင်

ကိလေသာအမည်း၊ မှောင်မတွဲရင် ဘဝမှာ အမြဲ ဝင်းပြောင် အရောင်တောက်ပနေပါမယ်။

အတွင်းပူတွေ

ချစ်သူနဲ့ ကွေကွင်းရရင် ဝမ်းနည်းခြင်းဟူ အတွင်း ပူတွေ လှိုက်ဆူနေတတ်ပါတယ်။

နိဗ္ဗာန်ကို

ဂုဏ်မျှော်ကိုး၊ လာဘ်မျှော်ကိုးတဲ့ အကျင့်မျိုးနဲ့ နိဗ္ဗာန်ကို သွားလို့မရနိုင်ပါ။

ပြဒါးတစ်လမ်း

ဂုဏ်လာဘ်မျှော်ကိုးတဲ့ လမ်းနဲ့ နိဗ္ဗာန်သွားလမ်း ဟာ ပြဒါး တစ်လမ်း၊ သံတစ်လမ်းလိုပါပဲ။

ဘာဝနာနဲ့ ပျော်

အဖော်ကို ရှောင် အပေါင်းကို ခွာကာ ဆိတ်ငြိမ် ရာမှာ ဘာဝနာနဲ့ ပျော်နိုင်တဲ့ ဘဝဟာ ငြိမ်းချမ်းလှပါတယ်။

http://www.dhammadownload.com

အရူးအနှမ်းတွေ

ငါးဖြာအာရုံ ကာမဂုဏ်ဘီလူး အဖမ်းခံရတဲ့အခါ သတ္တဝါတွေဟာ အရူးအနှမ်းတွေ ဖြစ်သွားကြပါတယ်။

တဲစုတ် တိုက်ကြီး

တဲစုတ်မှာ နေရစဉ်က စိတ်ထားနဲ့ တိုက်ကြီးပေါ် နေရတဲ့အခါ စိတ်ထားဟာ မပြောင်းလဲမှ တည်ငြိမ်တဲ့ စိတ်ထားဖြစ်ပါတယ်။

ပိုမို နှစ်ခြိုက်

ဘုရားရှင်ကို ပန်း၊ ရေချမ်း၊ ဆီမီး စသည်တွေနဲ့ ပူဇော်တာထက် သီလ၊ သမာဓိ၊ ပညာအကျင့်နဲ့ ပူဇော်တာကို ဘုရားရှင်က ပိုမိုနှစ်ခြိုက် တော်မူပါတယ်။

တစ်နေ့မှာ တစ်ခုလောက်တော့

ဘုရားသားတော်၊ သမီးတော်တွေဟာ ဘုရားစကား တော်တွေကို တစ်နေ့မှာ တစ်ခုလောက်တော့ အနည်းဆုံး ဖတ်ရှု မှတ်သားသင့်ပါတယ်။ ဖတ်ရှုမှတ်သားပြီး စွမ်းနိုင်သမျှ လိုက်နာကျင့်သုံးရပါမယ်။ ဒါမှ ဘုရားရှင်ကို ကိုးကွယ်ရကျိုး နပ်ပါတယ်။

http://www.dhammadownload.com

အကျိုးပေးရာမှာ

ဘုရားရုပ်ပွားတော်တွေကို ရှိခိုးပူဇော်ကြရာမှာ ဘုရားပုံတော် အတွင်း ဘုရားဂုဏ်တော်တွေသွင်းပြီး ရှိခိုးပူဇော်တတ်ကြရင် လေးနက်တဲ့ ကြည်ညိုမှု (အသိဉာဏ် ပညာပါတဲ့သဒ္ဓါ) ဖြစ်လို့ အကျိုးပေးရာမှာ ကြီးမားပါပေတယ်။

စုံနေအောင်

အသိမကြွယ်သူတွေ အသိကြွယ်လာအောင် ပြုလုပ်ဆောင်ရွက်ပေးရာမှာ ချော့၍ တစ်လှီ၊ မြှောက်ခွီ တစ်ဖြာ၊ ခြောက်ခါတစ်ဖုံနဲ့စုံနေအောင် ပြောပြပေးရပါတယ်။

ဘယ်သူပါလဲ

ကိုယ့်မှာ ဘယ်ဘဝရောက်ရောက်၊ ဘယ်အခြေအနေ ရောက်ရောက် ဘယ်တော့မှ မုန်းလို့မရတဲ့ အချစ်ဆုံး တစ်ယောက် ရှိပါတယ်။ အဲဒီအချစ်ဆုံးက ဘယ်သူပါလဲ။ ကိုယ့်ကိုယ်ပါပဲ။

သတိတရား

ကိုယ်လျှောက်နေတဲ့ လမ်းကြောင်း တိမ်းစောင်း မသွားရအောင် သတိတရား အမြဲလက်ကိုင်ထားဖို့ လိုအပ်လှပါတယ်။

http://www.dhammadownload.com

ပါရမီဖြည့်ဖက်

ပါရမီဖြည့်ဖက်တွေဆိုတာ ချမ်းသာအတူ၊ ဆင်းရဲအတူ ရှိကြပါပေတယ်။

ဘာကြောင့်

ဒုက္ခထိုထိုကို ကြောက်အားပိုကြပါလျက် ဒုက္ခဖြစ်ကြောင်း အချစ်အပေါင်းကို မကြောက်နိုင်ဘဲ ရဲကြီးရဲကာ ဘာကြောင့် ချစ်ဝံ့နေကြပါ သလဲ။

အထင်ရှိလို့

အချစ်နဲ့ မကင်းနိုင်သေးသူတွေဟာ ချစ်ရင် ပျော်မည် အထင်ရှိလို့ ချစ်နေကြပါတယ်။

ကိုယ်က သူ့ကို

ကိုယ်က သူ့ကို အရေးပါမှ သူက ကိုယ့်ကို ပြန်ပြီး အရေးပါတတ်ပါတယ်။

ပေါက်ရောက်ပါတယ်

မ,စရမယ့်သူကို မ,စ၊ ခိုးမြောက်ရမယ့်သူကို ခိုးမြောက်နိုင်ရင် ကိုယ့်ဘဝခရီးဟာ ပေါက်ရောက်ပါတယ်။ ပြီးမြောက်ပါတယ်။ အောင် မြင်ပါတယ်။

http://www.dhammadownload.com

မိတ်ဆွေမရှား

မိတ်ဆွေဝတ်ဝတ္တရား ကျေပွန်သူမှာ မိတ်ဆွေ မရှား၊ ပေါများလှပါတယ်။

မြင့်သူ၊ နိမ့်သူ၊ တန်းတူ

ကိုယ့်ထက် မြင့်သူကို နှိမ့်ချပြီး ပေါင်းရပါတယ်။ ကိုယ့်အောက်နိမ့် သူကိုပေးပြီး ပေါင်းသင်းရပါတယ်။ ကိုယ်နဲ့ တန်းတူသူကို သူ့အကျိုးကို ဆောင်ပေးကာ ပေါင်းသင်းရပါတယ်။

အနီးကပ် လေ့လာကြည့်ရင်

လူတစ်ယောက်ရဲ့ ပြုလုပ်၊ ပြောဆို၊ ယူဆပုံတွေကို အချိန်ကြာကြာ အနီးကပ် လေ့လာကြည့်ရင် သူ့ရဲ့စိတ်နေသဘောထားကို နားလည် သဘောပေါက်နိုင်ပါတယ်။

သိနိုင်ပါတယ်

လူတစ်ယောက်က ကိုယ့်အပေါ် မေတ္တာရှိ၊ မရှိကို အဲဒီလူရဲ့ ပြုမူ၊ ပြောဆို၊ ယူဆပုံတွေကို ကြည့်ခြင်းအားဖြင့် သိနိုင်ပါတယ်။

http://www.dhammadownload.com

ဖြစ်တတ်တဲ့ သဘာဝ

ကိုယ်မေတ္တာရှိသူက ကိုယ့်အပေါ် မေတ္တာရှိကြောင်း သိရှိရတဲ့အခါ ပျော်ရွှင်၊ အားရှိ၊ ကြည်နူး၊ တက်ကြွလာတတ်တာဟာ မေတ္တာနယ်ပယ်မှာ ဖြစ်တတ်တဲ့ သဘာဝတစ်ခုပါပဲ။

မေတ္တာသက်ဝင်နေမိပြီဆိုရင်

ကိုယ်က သူ့အပေါ် မေတ္တာသက်ဝင်နေမိပြီဆိုရင် သူ့ရဲ့ လိုအပ်ချက်၊ သူ့ရဲ့ဆန္ဒလေးတွေကို ဖြည့်ဆည်းဆောင်ရွက်ပေးနေချင်တတ်ပါတယ်။ အဲဒီလို ဖြည့်ဆည်းဆောင်ရွက်ပေးနေရတာကိုပဲ ကြည်နူးကျေနပ်အားရဝမ်းသာနေတတ်ပါတယ်။

ရှမ်းကြိုက် နွားချော

ကိုယ်က သူ့ကိုချစ်မိသွားရင် မလှပတဲ့ သူ့ရုပ်သွင်ဟာ လှပတယ်လို့ ထင်နေတတ်ပါတယ်။ ဘီလူးလို ရုပ်ဆိုးနေပေမယ့် နတ်သား၊ နတ်သမီးလေးလို ကိုယ့်အမြင်မှာ လှပနေတတ်ပါတယ်။ 'ရှမ်းကြိုက် နွားချော' 'ကိုယ်ထင် ခုတင်ရွှေနန်း'ဆိုတဲ့ မြန်မာစကားပုံတွေက အဲဒီအဓိပ္ပာယ်ကို ဖော်ကျူးကြပါတယ်။

http://www.dhammadownload.com

အကောင်းလောကဓံ

ကိုယ် အင်မတန် မြတ်နိုးတန်ဖိုးထားရတဲ့ အရာလေးကို ရလာရင် အင်မတန် ပျော်ရွှင်ကြည်နူး ကျေနပ်နေတတ်ကြပါတယ်။ အဲဒါဟာ လာဘ-လာဘ်ရခြင်းဆိုတဲ့ အကောင်းလောကဓံကြောင့် တုန်လှုပ်နေတာပါပဲ။

ဒါန အပရစေတနာ

ကိုယ်ပေးချင်လှတဲ့ ပစ္စည်းတစ်ခုကို ပေးချင်သူအား ပေးပြီးတဲ့ အခါမှာလည်း ဝမ်းသာပျော်ရွှင် ကြည်နူးနေရတတ်ပါတယ်။ ဒါကတော့ ဒါန အပရစေတနာပေါ့။

သံယောဇဉ်ကြောင့်

သံယောဇဉ်ကြောင့် အကုသိုလ်လည်း ဖြစ်နိုင်သလို ကုသိုလ်လည်း ဖြစ်နိုင်ပါတယ်။ ဒါကြောင့် ကိုယ့်အပေါ် သံယောဇဉ်ရှိသူတွေကို ကုသိုလ်တွေ ပွားများလာအောင် ဆောင်ရွက်ပေးရပါတယ်။

ပြဿနာ

ကိုယ့်အလုပ် ကိုယ်လုပ်၊ သူ့အလုပ် သူလုပ်ရင် လောကကြီးမှာ ပြဿနာရှုပ်စရာ မရှိပါ။ သူ့အလုပ်မှာ ကိုယ်ဝင်ရှုပ်၊ ကိုယ့်အလုပ်မှာ သူဝင်ရှုပ်လို့ ပြဿနာရှုပ်နေကြတာပါ။

http://www.dhammadownload.com

ကိုယ် မပါဘဲ

ကိုယ်မပါဘဲ ပြီးနိုင်တဲ့ အလုပ်မျိုးမှာ ကိုယ်မပါဝင်တာကပဲ ကောင်းပါတယ်။

သတိမထားသူတွေက

လူမမြင်ရအောင် နောက်ကွယ်က အလုပ်လုပ်ပေးနေသူကိုတော့ အလုပ်လုပ်နေတာပဲလို့ သတိမထားသူတွေက မသိနိုင်ကြပါ။

ပျက်စီးဖို့ အချိန်

ပျက်စီးဖို့ အချိန်ရောက်လာတဲ့အခါ မကောင်းတာကို အကောင်းလို့ ထင်တတ်ပါတယ်။ အမှားကို အမှန်လို့ ထင်တတ်ပါတယ်။ ရန်သူ ကို မိတ်ဆွေလို့ ထင်တတ်ပါတယ်။ အကောင်းကိုတော့ မကောင်းလို့ ထင်တတ်ပါတယ်။ အမှန်ကိုတော့ အမှားလို့ ထင်တတ်ပါတယ်။ မိတ်ဆွေကိုတော့ ရန်သူလို့ ထင်တတ်ပါတယ်။

ခိုးကျူးနိုင်ရပါမယ်

ကိုယ့်မှာ မရှိသေးတဲ့ ဂုဏ်တွေကို ရရှိပိုင်ဆိုင်ထားတဲ့ပုဂ္ဂိုလ်ကို ကိုယ်ကတွေ့ရင် ဝမ်းသာကာ သူ့ကို ခိုးကျူးနိုင်ရပါမယ်။

http://www.dhammadownload.com

ကောက်ရိုးမီး သံဝေဂ

သံဝေဂရစရာ မြင်ကွင်းတွေကို မြင်တွေ့ပြီး ရလာတဲ့ သံဝေဂဟာ ကောက်ရိုးမီးသံဝေဂ မဖြစ်သင့်ပါ။

အားကောင်းတဲ့ သံဝေဂ

တရားအားထုတ်ဖြစ်တဲ့အထိ ပို့နှိုင်တဲ့ သံဝေဂမှ အားကောင်းတဲ့ သံဝေဂလို့ ဆိုရပါမယ်။

ကြက်ပျောက် ငှက်ပျောက်

ကြည်နူးစရာတွေကို ကြုံတွေ့သွားတဲ့အခါ ရလာတဲ့ သံဝေဂလေးဟာ ကြက်ပျောက်ငှက်ပျောက် ပျောက်မသွားသင့်ပါ။

သံဝေဂ

သံဝေဂဆိုတာ အသိဉာဏ်နဲ့ ယှဉ်တွဲတဲ့ ထိတ်လန့်တုန်လှုပ်မှုပါပဲ။

လေးလေးနက်နက်

သံဝေဂ ရှိမှ ကုသိုလ်လုပ်ငန်းတွေကို လေးလေးနက်နက် လေးလေးစားစား ပြုလုပ်ကြပါတယ်။

http://www.dhammadownload.com

မဟာဂန္ဓာရုံဆရာတော်ကြီး

"သံဝေဂ မပါရင် တရား မရှာနဲ့" လို့တောင် မဟာဂန္ဓာရုံဆရာတော် ကြီးက မိန့်ကြားထားပါတယ်။

မြင်တွေ့ရလေတိုင်း

လူအို၊ လူနာ၊ လူသေနဲ့ ဝမ်းရေးအတွက် အခက်တွေ့နေကြသူတွေကို မြင်တွေ့ရလေတိုင်း သံဝေဂယူသင့်ကြပါတယ်။

ဆွေ့ဆွေ့ခုန်

သာယာဖွယ်အာရုံတွေနဲ့သာ အမြဲပျော်ချင်နေတဲ့ စိတ်ကလေးကို ကမ္မဋ္ဌာန်းအာရုံပေါ် တင်ပေးလိုက်ရင် ကုန်းပေါ်တင်ခံရတဲ့ ငါးပမာ စိတ်ကလေးဟာ ဆွေ့ဆွေ့ခုန်နေတတ်ပါတယ်။

အရက်စွဲနေသူ

တွယ်တာစရာတွေနဲ့ ဆက်စပ်မှုကို ဖြတ်တောက်ခံလိုက်ရတဲ့ စိတ်ကလေးမှာ အရက်စွဲနေသူ, မူးယစ်ဆေးစွဲနေသူတွေ အရက်ဖြတ်, ဆေးဖြတ်ခံရတဲ့အခါ ခံစားရသလို နေမထိ ထိုင်မသာ ခံစားနေရတတ်ပါတယ်။

http://www.dhammadownload.com

သတိရလေတိုင်း

ကိုယ့်ကျေးဇူးရှင်တွေနဲ့ ကိုယ့်ခင်မင်သူတွေကို သတိရလေတိုင်း မေတ္တာပို့ရတာဟာ ဘယ်လောက်အရသာရှိမယ် ထင်ပါသလဲ။ အဲဒီ အရသာလေး မခံစားဖူးသေးရင် ခံစားကြည့်စမ်းပါ။

သည်းခံခွင့်လွှတ်

ကိုယ်မေတ္တာရှိသူအပေါ် သည်းခံခွင့်လွှတ်နိုင်သလောက် ကိုယ်မေတ္တာမရှိသူအပေါ်မှာတော့ သည်းခံခွင့်လွှတ်ဖို့ ခက်ခဲနေတတ်ကြပါတယ်။

လက်တွန့်နေတတ်

ကိုယ်မေတ္တာရှိသူအား ရက်ရောနိုင်ပေမယ့် ကိုယ်မေတ္တာမရှိသူအား လက်တွန့်နေတတ်ကြပါတယ်။

မောက်မာမိရင်

ဘဝအခြေအနေ မြင့်တုန်းမှာ စိတ်ထားမောက်မာမိရင် အဆင်မသင့်လို့ အခြေအနေ နိမ့်ကျသွားတဲ့အခါမျိုးမှာ နေရထိုင်ရ၊ သွားရ လာရ၊ ပြောရဆိုရ၊ ဆက်ဆံရအခက်တွေ့ရတတ်ပါတယ်။

http://www.dhammadownload.com

နောင်တ

ကျန်းမာတုန်း၊ ငယ်ရွယ်တုန်းမှာ အားကိုးရလောက်တဲ့အထိ တရားရှုမှတ်မှုကို အလေ့အကျင့် ပြုမထားရင် အသက်ကြီးပြီး မကျန်းမမာဖြစ်လာတဲ့အခါမျိုးမှာ နောင်တ အကြီးအကျယ်ရတတ်ပါတယ်။

သက်လုံကောင်း

အားတွေပြတ်စဲ ခွေယိုင်လဲပြီး အိုးပေါ်အရောတင်ကာ သေလုသေချင် အခြေအနေမျိုး ရောက်လာခဲ့ရင် ဘယ်လိုစိတ်ထားနဲ့ အဲဒီအခြေအနေကို ရင်ဆိုင်မှာပါလဲ။ စိတ်အင်အားကို ကြိုတင်ဖြည့်ထားပါမှ အရေးကြုံက သက်လုံကောင်းနိုင်မယ် မဟုတ်ပါလား။

ဘယ်သွေးဘယ်သားမှ

"တကယ့် အရေး၊ တကယ့်ဘေး၊ ဘယ်သွေး ဘယ်သားမကယ်ပြီ" လို့ မဟာဂန္ဓာရုံဆရာတော်ကြီးက ရေးသားတော်မူခဲ့ပါတယ်။ အိုဘေး၊ နာဘေး၊ သေဘေးတွေမှာ ဘယ်သွေးဘယ်သားမှ တကယ်ကိုပဲ မကယ်နိုင်ပါ။

http://www.dhammadownload.com

လောင်စာ

တဏှာမီးဟာ လောင်စာထည့်လေ တောက်လေ ဖြစ်ပါတယ်။ အဆင်း လှလှ၊ အသံ ကောင်းကောင်း၊ အနံ့ မွှေးမွှေး၊ အရသာ ရှိရှိ၊ အတွေ့အထိ ကောင်းကောင်းဆိုတဲ့ လောင်စာတွေပါပဲ။

မြစ်

တဏှာမြစ်မှာ ပြည့်သွားတယ်လို့ မရှိပါ။

တိုး၍ တိုး၍

တဏှာဟာ သတိပညာ ကင်းမဲ့နေသူမှာ လျော့မသွားဘဲ တိုး၍ တိုး၍သာ နေပါတယ်။

တဏှာဆိုတာ ဆာလောင်တတ်တဲ့ သဘောပါပဲ။ သူသဘောကျတဲ့ အဆင်းလေးကို မြင်ပြီးရင်း မြင်ချင်နေတယ်။ သူကြိုက်တဲ့ အသံလေးကို ကြားပြီးရင်း ကြားချင်နေတယ်။ သူနှစ်သက်တဲ့ အနံ့လေးကို မွှေးပြီးရင်း မွှေးချင်နေတယ်။ သူကြိုက်တဲ့ အရသာလေးကို စားပြီးရင်း စားချင်နေတယ်။ သူစွဲမက်တဲ့ အတွေ့အထိလေးကို တွေ့ထိပြီးရင်း တွေ့ထိချင်နေတယ်။

http://www.dhammadownload.com

သောက်လေ သောက်လေ

ဆားငန်ရေဟာ သောက်လေ သောက်လေ ငတ်မပြေသလိုပါပဲ။ သာယာဖွယ်အာရုံတွေဟာလည်း ခံစားလေ ခံစားလေ မဝနိုင်လေပါပဲ။

နာမည်ဆိုးတစ်ခု

နာမည်ကောင်းတစ်ခုကို ရဖို့ခက်ခဲသလောက် နာမည်ဆိုးတစ်ခုကို ရဖို့ကတော့ လွယ်ကူလှပါပေတယ်။

တစ်ချက် မှားလိုက်တာနဲ့

တစ်သက်လုံး တောက်ပလာတဲ့ နာမည်ဟာ တစ်ကွက်မှားလိုက်တာ တစ်ချက်မှားလိုက်တာနဲ့ပဲ မှေးမှိန်ပျောက်ကွယ်သွားတတ်ပါတယ်။

ထိန်းသိမ်းဖို့

နာမည်ကောင်းကို ရအောင် ကြိုးစားရသလို ရလာတဲ့ နာမည်ကောင်းကိုလည်း ဆက်လက်ကောင်းအောင် ထိန်းသိမ်းဖို့ ကြိုးစားရပါ တယ်။

http://www.dhammadownload.com

ပညာကြောင့်

လူက ဆင်ကြီး၊ ကျွဲနွားကြီးတွေကို နိုင်တာဟာ လူရဲ့ပညာကြောင့်ပါပဲ။ လူအချင်းချင်းမှာလည်း လူကောင်ငယ်ပေမယ့် လူကောင် ကြီးသူတွေကို ပညာကြီးပါကနိုင်တာပါပဲ။

သဝန်တိုတယ်

သဝန်တိုတာဟာ အချစ်ရဲ့ သကော်တ တစ်ခုတဲ့။ နည်းနည်းချစ်ရင် နည်းနည်း သဝန်တိုတယ်။ များများချစ်ရင် များများသဝန်တိုတယ်။ ကိုယ်သာ ပိုင်ဆိုင်ချင်တဲ့ သဘောပါပဲ။

မလောပါနဲ့

မလောပါမှ ကောင်းကျိုးဖြစ်ထွန်းမယ့် နေရာတွေမှာ မလောပါနဲ့။ လောမှ ကောင်းကျိုးဖြစ်ထွန်းမယ့် နေရာတွေမှာတော့ လောရပါတယ်။

ခက်ပါတယ်

ဘဝမှာ သုခတွေကို ရနေသူမှာ သံဝေဂရဖို့ ခက်ပါတယ်။ ဒုက္ခတွေ့ရသူတွေမှာတော့ သံဝေဂရတတ်ကြပါတယ်။

http://www.dhammadownload.com

ညှဉ်းလေလေ

ဒုက္ခက ညှဉ်းလေလေ သံဝေဂက ပြင်းလေလေ (ပြင်းထန်လေလေ)ပါပဲ။

သုခထက်

သမုဒယက လာတဲ့ သုခထက် ဒုက္ခကပဲ ပိုများတယ်။

နှတ်ရခက်လှပါတယ်

အချစ်ဆိုတာ အမြစ်လိုပါပဲ။ အမြစ်ဟာ ဆွဲအားကောင်းသွားရင် ကောင်းသလောက် နှုတ်ရ ခက်လှပါတယ်။ အချစ်ဟာလည်း စွဲအားကောင်းသွားရင် ကောင်းသလောက် နှုတ်ရခက်လှပါတယ်။

ဒုက္ခမျိုးစုံကို

အမိဝမ်းတွင်းမှာ ခံစားရတဲ့ ဒုက္ခမျိုးစုံကို မမြင်မတွေ့ရ သတိမရ နိုင်ကြလို့ ပဋိသန္ဓေနေရမှုကို ဒုက္ခလို့ မြင်နိုင်ဖို့ ခက်ပါတယ်။ ကြောက်စရာလို့လည်း မထင်ကြပါ။

http://www.dhammadownload.com

အတွေးဟာလည်း မတူ

ငယ်ရွယ်စဉ်က မျက်စိနဲ့ အသက်အရွယ် အိုမင်းလာမှ မျက်စိဟာ အမြင်အားမတူတော့ပါ။ နား၊ နှာခေါင်း၊ လျှာတွေမှာလည်း အဲဒီလိုပါပဲ။ ငယ်စဉ်က အတွေးနဲ့ကြီးလာခါမှ အတွေးဟာလည်း မတူနိုင်ပါ။ ကြီးသူရဲ့အတွေးက လေးနက်မှုပိုရှိနိုင်ပါတယ်။

ငယ်သွား

ငယ်သွား၊ ကြီးသွားအားဖြင့် သွား (၂) မျိုးရှိရာ ငယ်သွားက မခိုင်မြဲ၊ ကြီးသွားက ကြာရှည်စွာ ခိုင်မြဲသွားတယ်။ အဲဒီလိုပါပဲ ။ ပညာငယ်သူရဲ့ ဆုံးဖြတ်ချက်က မခိုင်မြဲ၊ ပြောင်းလွဲနိုင်တယ်။ ပညာကြီးသူရဲ့ ဆုံးဖြတ်ချက်ကတော့ ခိုင်မြဲတယ်။ မပြောင်းလဲပါ။

မှတ်ဉာဏ်အား

အသက်ကြီးလို့ အိုလာတာနဲ့အမျှ မှတ်ဉာဏ်အားလည်း လျော့လျော့လာတတ်ပါတယ်။

မိုခိုရပါတော့တယ်

နုပျိုကျန်းမာစဉ်မှာ သူတစ်ပါးကို မှီခိုဖို့ မလိုပေမယ့် အိုမင်းလာတဲ့အခါ၊ မကျန်းမာတဲ့အခါတွေမှာတော့ သူတစ်ပါးကို မှီခိုရပါတော့တယ်။

http://www.dhammadownload.com

အသည်းကွဲ

အချစ်ကြောင့် သောကဖြစ်တတ်ပါတယ်။ သောကကြောင့် အသည်းကွဲသွားတတ်ပါတယ်။ သွေးအန်တတ်ပါတယ်။

ဒီဂရီအရှိန်တွေ

အချစ်ရဲ့အပြစ်ကို မမြင်နိုင်သေးသမျှ ချစ်တတ်သူရဲ့ အဲဒီအချစ်ဟာ သူ့နှလုံးအိမ်မှာ ဒီဂရီအရှိန်တွေ အမြဲတက်နေမှာပါပဲ။

အရုပ်ရေးလို့

လေမှာ အရုပ်ရေးလို့ မရနိုင်သလို ကိုယ်ချစ်နေရသူရဲ့ အပြစ်ကိုလည်း တွေးလို့ မြင်နိုင်ဖွယ်မရှိပါ။

ပိုင်ဆိုင်မှု

စွန့်လွှတ်နိုင်ရင် စွန့်လွှတ်နိုင်သလောက် ပိုင်ဆိုင်မှုတွေက ဆိုက်ရောက်လာကြပါတယ်။

စောင့်စည်းနိုင်သလောက်

စောင့်စည်းနိုင်ရင် စောင့်စည်းနိုင်သလောက် အောင်မြင်မှုတွေက ပေါ်ပေါက်လာကြပါတယ်။

http://www.dhammadownload.com

ယှဉ်ပြိုင်တိုက်ပွဲ

စိတ်အပူနဲ့ စိတ်အအေးတို့ ယှဉ်ပြိုင် တိုက်ပွဲ ဆင်နွှဲကြတဲ့အခါ အအေးစိတ်တွေ အောင်ပွဲခံသွားရရင် ရင်အေးရပါတယ်။

အချင်းချင်းအား

ကရုဏာရှင်ဟာ မေတ္တာရှင်လည်း ဖြစ်လာပါ တယ်။ မေတ္တာရှင်ကလည်း ကရုဏာရှင် ဖြစ်လာပါတယ်။ မေတ္တာနဲ့ကရုဏာဟာ အချင်းချင်းအား ကျေးဇူးပြုလျက် ရှိကြပါတယ်။

လှပတဲ့ အချိန်လေး

နေဝင်ချိန်အလှကို အနောက်တိုင်းသားတွေက အထူးသဖြင့် ရှုစားကြပါတယ်။ မိမိဘဝရဲ့ နေဝင်ချိန်လေး ဟာလည်း လှပတဲ့အချိန်လေး ဖြစ်အောင် ကြိုးစားရပါမယ်။

ရှိနိုင်လေ

ပိုလွန်တယ်လို့ မရှိတဲ့ သတိဟာ အရာရာမှာ ရှိနိုင် လေ ကောင်းလေပါပဲ။

http://www.dhammadownload.com

မစင်ကိုတောင်

ကိုယ့်ရဲ့မစင်ကိုတောင် စန္ဒကူးနှံ့သာလို ထင်ခဲ့တဲ့ ကိုယ့်ရဲ့မိခင်ဟာ ဘယ်လောက် ကျေးဇူးတင်စရာကောင်း လိုက်သလဲ။ တွေးကြည့်စမ်းပါ။

နတ်သမီးဘဝမှ

ကျိကျိတက် ချမ်းသာတဲ့ ဘဝမှ အိမ်မဲ့၊ ယာမဲ့၊ အခြေအနေမဲ့ ဘဝကို ရောက်သွားသူတွေဟာ နတ်သမီး ဘဝမှ ငရဲသူဘဝရောက်ရသူပမာ ဆင်းရဲပါလိမ့်မယ်။

နှိုင်းချင့်နိုင်တဲ့ ပညာဟာ

အကျိုးရှိ မရှိ၊ သင့် မသင့် နှိုင်းချင့်နိုင်တဲ့ ပညာဟာ ကိစ္စအားလုံးကို ပြီးမြောက်စေနိုင်ပါတယ်။

မသိနိုင်ပါ

ကိုယ်မွေးဖွားရာနေရာမှာ ကိုယ်သေရမယ်လို့ အတိအကျ မသိနိုင် ပါ။ ရွာထဲမှာ မွေးဖွားခဲ့ပေမယ့် ရွာပြင်မှာ သေချင်သေမယ်။ ရွာပြင်မှာ မွေးခဲ့ပေမယ့် ရွာတွင်းမှာ သေချင်သေမယ်။

http://www.dhammadownload.com

ရှုမဝ

လူကလည်း လှ၊ အပြင်အဆင်ကလည်း ကျနရင် နတ်သား၊ နတ်သမီးလေးတမျှ ရှုမဝရှိပါမယ်။

အလိုလိုက်သူ

စိတ်အလိုလိုက်သူဟာ တရားအားထုတ်ဖို့ မစွမ်းနိုင်ပါ။

ရွှေရုပ်လေးပမာ

မိဘတွေဆိုတာ သားသမီးလေးက အလွန်ရုပ်ဆိုးပေမယ့် ရွှေရုပ်လေးပမာ သူတို့သားလေး၊ သမီးလေးကို ထင်မှတ်တတ်ကြပါသတဲ့။ ဦးခေါင်းပေါ် တင်ထားခံရတဲ့ သားလေး၊ သမီးလေးက ရှူးရှူးပန်းချရင်၊ အီးအီးယိုချရင် တောင် အမွေးနုံသာ ကျလာသလို ပျော်ရွှင်ကြပါသတဲ့။

သွေး

စိတ် ကြည်ရင် သွေး ကြည်တယ်။ သွေး ကြည်ရင် ရုပ်ပါ ကြည်လင် လာတယ်။

ရှိတာနဲ့တော့

စီးပွားဖြစ်အောင်တော့ အစွမ်းကုန် ကြိုးစားရပါတယ်။ ဒါပေမဲ့ ရှိတာနဲ့တော့ ကျေနပ်နိုင်ရပါတယ်။

http://www.dhammadownload.com

ပန်းပေါင်း မျိုးစုံအောင်

ဘုရားဂုဏ်တော်တွေကို အာရုံပြုရတာဟာ ပန်းပေါင်းမျိုးစုံအောင် ပွင့်နေတဲ့ဥယျာဉ်ကြီးထဲဝင်ပြီး ကြည့်ရှုရတာနဲ့ တူပါတယ်။

ကုသိုလ်သက်ကိုသာ

စီးပွားတစ်ဖက်၊ ကုသိုလ်တစ်ဖက် ရှာဖွေရတဲ့ လူဝတ်ကြောင် ဘဝထက် စီးပွားမဖက် ကုသိုလ်သက်ကိုသာ ရှာဖွေခွင့်ရတဲ့ ရဟန်း၊ ရှင်၊ သီလရှင်ဘဝက ဘယ်လောက် ကောင်းလိုက်သလဲ။

မေတ္တာကင်းမဲ့

လှည့်ပတ်မှု၊ အထင်သေးမှုတွေမှာ မေတ္တာကင်းမဲ့နေပါတယ်။

မေတ္တာပါဝင်နေ

လှည့်ပတ်ခြင်း၊ အထင်သေးခြင်း မခံရစေလိုရင် မေတ္တာပါဝင်နေပါတယ်။

စံပြမေတ္တာ

သားလေးအသက်အတွက် ကိုယ့်အသက်ကို စွန့်ရဲတဲ့ မိခင်မေတ္တာဟာ စံပြမေတ္တာပါပဲ။

http://www.dhammadownload.com

မေတ္တာဆိုတာ

မေတ္တာဆိုတာ သူမှာ စီးပွားမဲ့၊ အကျိုးမဲ့တွေ ရောက်မလာအောင် စောင့်ရှောက်ပေးတာနဲ့ သူ့အကျိုးစီးပွားကို လိုလားတာပါပဲ။

မေတ္တာရှင်

မေတ္တာရှင်ကို လူတွေသာမက နတ်တွေကပါ ချစ်ခင်ကြပါတယ်။ ဒါကြောင့် လူတွေရဲ့ရော နတ်တွေရဲ့ပါ အချစ်ကို ခံယူချင်ရင် မေတ္တာ ရှင် ဖြစ်ဖို့လိုပါတယ်။

ဘယ်လိုအနေအထားမှာမဆို

မေတ္တာကို သွားရင်း၊ ထိုင်ရင်း၊ ရပ်ရင်း၊ လျောင်းရင်း ဘယ်လိုအနေ အထားမှာမဆို ပွားလို့ ရပါတယ်။

မြင့်မြတ်တဲ့နေခြင်း

မေတ္တာနဲ့နေတာဟာ အပြစ်ကင်းတဲ့နေခြင်း ဖြစ်ပါတယ်။ ကိုယ့်အကျိုးပြု၊ သူတစ်ပါးအကျိုးပြုတဲ့နေခြင်းလည်း ဟုတ်ပါတယ်။ ဒါကြောင့် မြင့်မြတ်တဲ့နေခြင်းဖြစ်ပါတယ်။

http://www.dhammadownload.com

ဖြောင့်စင်းသူ

ကိုယ်၊ နှုတ်၊ စိတ်အကောက် (၃) မျိုး ကင်းစင်သူဟာ ဖြောင့်စင်းသူ ဖြစ်ပါတယ်။

အသက်ထက်ဆုံး

ကိုယ့်ရဲ့ ရိုးသားဖြောင့်မတ်မှုကို အသက်ထက်ဆုံး ထိန်းသိမ်းစောင့်ရှောက်သွားရပါမယ်။

မြင်နိုင်ခဲတာမို့

ကိုယ့်အပြစ်ကို မြင်နိုင်ခဲတာမို့ သူတစ်ပါးက မြင်လာလို့ သတိပေးလာခဲ့ရင် လက်ခံကာ ပြုပြင်နိုင်က ကြီးပွားသည်ထက် ပိုပြီး ကြီးပွားပါမယ်။

လူဆိုတာ

လူဆိုတာ နုသင့်တဲ့နေရာမှာ နုရပါမယ်။ ကြမ်းသင့်တဲ့နေရာမှာ ကြမ်းရပါတယ်။ ပျော့သင့်တဲ့နေရာမှာ ပျော့ရပါတယ်။ မာသင့်တဲ့နေရာမှာ မာရပါတယ်။

http://www.dhammadownload.com

ဝန်မတက်ရအောင်

ကိုယ့်အတွက် သူတစ်ပါးမှာ ဝန်မတက်ရအောင် နေထိုင်တတ်သူဟာ ဘယ်လိုနေရာကို သွားသွား ခင်မင်ရင်းနှီးမှုကို ပိုမိုရရှိလာပါတယ်။

ရင့်ကျက်သူ

အသက်ကြီးပေမယ့် အသိပညာနည်းနေသူဟာ ရင့်ကျက်မှု မရှိပါ။ အသက်ငယ်ပေမယ့် အသိပညာကြွယ်သူဟာရင့်ကျက်သူ ဖြစ်ပါတယ်။

အသေးအမွှားလေးကိုတောင်

မကောင်းမှုဆိုရင် အသေးအမွှားလေးကိုတောင် ရှောင်နိုင်အောင် ကြိုးစားရပါတယ်။ ကောင်းမှုဆိုရင် ကြီးကြီးမားမားကြီးတွေကိုတောင် ပြုနိုင်အောင် ကြိုးစားရပါတယ်။

အလေးပြုစရာ မလိုပါ

ပညာမရှိသူတွေရဲ့ ကဲ့ရဲ့မှုကို အလေးပြုစရာမလိုပါ။ ပညာမရှိသူတွေဆိုတာ အပြစ်မရှိတာကို အပြစ်ရှိအောင်, အပြစ်သေးတာကို အပြစ်ကြီးအောင်ပြုလုပ်တတ်ကြလို့ပါ။

http://www.dhammadownload.com

ပိုးဖလံက မီးကို

ကလေးလေးကမစင်ကို ကိုင်ကာကစားနေတယ်။ ပိုးဖလံက မီးကိုတိုးနေတယ်။ ကာမမှောင် လွှမ်းမိုးခံရသူက ကာမအာရုံတွေနဲ့ ပျော်နေတယ်။

ပြည့်ပြည့်စုံစုံရှိရင်

အစားအသောက်၊ အနေအထိုင် စတဲ့ လိုအပ်တဲ့ အရာအားလုံး ပြည့်ပြည့်စုံစုံရှိရင် ကုသိုလ်တရားတွေမှာ မွေ့လျော်နေတတ်ကြပါတယ်။

အထပ်ထပ် အမှတ်ရ

ကျေးဇူးသိတယ်ဆိုတာ ကျေးဇူးရှင်တွေရဲ့ ကျေးဇူးကို အထပ်ထပ် အမှတ်ရနေတာပါပဲ။

ကောင်းတဲ့ အလေ့

စိတ်တည်ငြိမ်အေးချမ်းမှုကို ပေးနိုင်တဲ့ တရားတော်တွေကို မကြာ မကြာ နာပေးတာဟာ အင်မတန်ကောင်းတဲ့ အလေ့အထတစ်ခုပါ။

http://www.dhammadownload.com

အကောင်းဘက်က

အခြေအနေ ဒီလောက်ပဲ ဆိုးနေရင် ဒီထက် မဆိုးသေးတာဟာ တော်သေးတာပဲလို့ တွေးကာ စိတ်ဖြေ ရပါတယ်။ သည်းခံရပါတယ်။ အကောင်းဘက်က နှလုံး သွင်းတတ်ရပါတယ်။

ခိုနားခွင့်

ဒေါသကို အောင်နိုင်ရင် သောကတွေ လွင့်စဉ် သွားပါတယ်။ ဒေါသကို အောင်နိုင်သူရဲ့ နှလုံးသားမှာ သောကခိုနားခွင့်မရပါ။

အရည်အသွေးကောင်းတစ်ခု

ကုသိုလ်လုပ်ငန်းတစ်ခုကို ကိုယ်ရည်ရွယ်ထားတဲ့ အတိုင်း မပျက်မကွက်ဘဲ လေးလေးစားစား မြတ်မြတ်နိုးနိုး တန်ဖိုးထားကာ လုပ်တာဟာ မြတ်နိုးစရာ အရည်အသွေး ကောင်းတစ်ခုပါ။

နားထောင်လိုက်နာတာဟာ

ရိုသေလေးစားထိုက်သူတွေရဲ့ စကားကို လေးလေးစားစား နားထောင်လိုက်နာတာဟာ ကြီးပွားကြောင်းတစ်ခုပါပဲ။

http://www.dhammadownload.com

မျက်စိမှာ ရောဂါကင်းဖို့

သီလရှိတဲ့ ရှင်ရဟန်းတွေကို ကြည်ညိုစိတ်နဲ့ ဖူးမြော်ရတာဟာ နောင်ဘဝပေါင်းများစွာမှာ မျက်စိမှာ ရောဂါကင်းဖို့ အကြောင်းဖြစ်ပါတယ်။

အလှဆင်ပါ

အသိအလိမ္မာ ဉာဏ်ပညာနဲ့ မိမိဘဝကိုအလှဆင်ပါ။

သူတော်စင်ဘဝ

ရှင်ဘုရင်ဘဝထက် သူတော်စင်ဘဝက ပိုမို အေးချမ်းလှပါတယ်။

ကိုယ့်သုခပါ

ကိုယ့်သုခအတွက် သူတစ်ပါးအားဒုက္ခပေးသူဟာ ကိုယ့်သုခပါဆုံးရှုံးသွားတတ်ပါတယ်။

သုခရှာနည်း

သုခကို ရှာဖွေနေပါလျက်ဒုက္ခကိုသာတွေ့ရသူ မှာ သုခရှာနည်း မမှန်သေးလို့ပါပဲ။

http://www.dhammadownload.com

ကိုယ်ချင်းစာတရား

ခန္တီ၊ မေတ္တာ၊ ကရုဏာရှိသူဟာ ကိုယ်ချင်းစာတရား အပြည့်ရှိပါတယ်။ သူတစ်ပါးကို ဒုက္ခမပေးပါ။

ကြည်ညိုလေးစား ခင်မင်ရသူကို

မျက်ကန်းက မျက်စိမြင်တာကို အလိုရှိတယ်။ နားထိုင်းက နား ကြားတာကို၊ အ, အက စကားပြောတတ်တာကို၊ လက်ခြေမရှိသူက လက်ခြေကို၊ ပစ္စည်းဆင်းရဲသူက ပစ္စည်းဥစ္စာကို၊ ခရီးခဲသွားရသူက ဘေးကင်းရာ အရပ်ကို၊ ရောဂါနှိပ်စက်ခံရသူက ရောဂါကင်းတာကို၊ သမုဒ္ဒရာကြီးထဲမှာ လှေပျက်သွားသူက ကယ်ဆယ်မယ့် လှေ, သဘော်ကို အလိုရှိပါတယ်။ ကိုယ်ကြည်ညို လေးစားခင်မင်ရသူကို ကြည်ညိုလေးစား ခင်မင်သူကတွေ့ဖို့ အလိုရှိပါတယ်။

ဖျောက်ဖျက်လို့ မရ

ကိုယ်ဒုက္ခရောက်နေစဉ် အားငယ်ရတဲ့အခါမျိုးမှာ ကူညီအားပေး သူတွေရဲ့ ကျေးဇူးတွေက မိမိရဲ့နှလုံးသားထဲမှာ ဘယ်လိုမှ ဖျောက်ဖျက်လို့ မရနိုင်လောက်အောင်ပဲ စွဲမြဲစွာ တည်ရှိနေကြပါတယ်။

http://www.dhammadownload.com

အတိမ် အနက်

ကိုယ်ဒုက္ခရောက်ရတဲ့အချိန်ဟာ ကိုယ့်အပေါ် ဘယ်သူက မေတ္တာစစ် ရှိသလဲဆိုတဲ့ မေးခွန်းကို အဖြေပေးရာ အချိန်အခါ ဖြစ်ပါတယ်။ ကိုယ့်အပေါ် မေတ္တာထားသူတွေရဲ့ မေတ္တာအတိမ်အနက်ကို ခွဲခြားပြီး သိနိုင်ရာ အချိန်အခါလည်း ဖြစ်ပါတယ်။

မှတ်ကျောက်

ကိုယ့်ဒုက္ခဟာ ကိုယ့်အပေါ် ဘယ်သူက ဘယ်လောက် မေတ္တာရှိ တယ်လို့ မှတ်ကျောက်တင်ပေးတဲ့အရာ ဖြစ်ပါတယ်။

အံ့သြစရာကောင်းတဲ့

အားငယ်သူကို အားပေးရမယ့်အစား မြေနိမ့်ရာ လှံစိုက် လုပ်ချင် ကြသူတွေရဲ့ စိတ်ထားဟာ အတော်ပဲ အံ့သြစရာကောင်းတဲ့ စိတ်ထားဖြစ်ပါတယ်။

စဉ်းစားတတ်သူတိုင်း

ကိုယ့်နေရာလေး၊ ကိုယ့်အသိုင်းအဝိုင်းလေး ဂုဏ်သတင်းမွှေးအောင် လုပ်ပေးသွားသူကို ရန်သူတစ်ယောက်ပမာ သဘောထားနေကြ သူတွေရဲ့ စိတ်ထားဟာ အဖြူရောင် စိတ်ထားလော၊ အမည်းရောင် စိတ်ထားလော စဉ်းစားတတ်သူတိုင်း နားလည်နိုင်ကြပါတယ်။

http://www.dhammadownload.com

တွေးမိသလောက်

ရာထူး၊ အာဏာ၊ ဥစ္စာ၊ ရုပ်ရည်လှပမှု၊ နုပျိုမှု၊ အသိုင်းအဝိုင်း စတာတွေကို အကြောင်းပြုပြီး မာန်တက်နေသူတွေမှာ အဲဒီအရာအားလုံး အမြဲမတည်ရှိနိုင်ဘဲ ပြောင်းလဲတတ်တဲ့ သဘောရှိတာကို တွေးမိရင် တွေးမိသလောက် မာနတွေ ကင်းပျောက်သွားကြပါတယ်။

မလွမ်းပို

မလွမ်းပို၊ မောင်လွမ်းပိုတွေကို ညှိမှောင်လာတဲ့ မိုးတိမ်တွေက အလွမ်းပိုစေနိုင်ကြတယ်လို့ ဆိုကြရာမှာ ဘာကြောင့်လဲဆိုတဲ့ အမေးကို မလွမ်းပို၊ မောင်လွမ်းပို တွေက အဖြေပေးနိုင်ကြပါသလား။

အပါယ်တံခါးရဲ့အနီး

ဟိုသူ့ကို ကန်ချ၊ ဒီသူ့ကို တွန်းချ၊ ဟိုသူ့ကို ဆွဲချ၊ ဒီသူ့ကို အဆင်းဘီးတပ်ပေး စသည်ဖြင့် မအပ်မရာ မသင့်မတော် မလျော်မကန်တဲ့ အလုပ်တွေကို လုပ်ပြီးမှ ရလာတဲ့ နေရာလေးဟာ ပွင့်နေတဲ့ အပါယ်တံခါးရဲ့ အနီးအနားမှာ ကပ်လျက်တည်ရှိနေပါတယ်။

http://www.dhammadownload.com

မပယ်သေးသမျှ

သမုဒယနယ်ပယ်မှာ သမုဒယကို မပယ်သေးသမျှ တော့ ဒုက္ခက အလိုလိုဝေးသွားမယ် မဟုတ်ပါ။

သုခလို့ အထင်လွဲ

သမုဒယနဲ့ဒုက္ခကို ဝယ်နေသူတွေမှာ ဒုက္ခကိုပဲ သုခလို့ အထင်လွဲနေကြသေးလို့ပါပဲ။

စိတ်အေးရမယ်

သေသွားပြီး ကိုယ့်နောက်သို့ ပါလာမယ့်အရာ ကောင်းတွေကို များနိုင်သမျှ များများ စုဆောင်းထားပါမှ သံသရာခရီးမှာ စိတ်အေးရမယ် မဟုတ်ပါလား။

မဆန်းကြယ်ဘူးလား

မထင်မှတ်သူတွေက မထင်မှတ်ရလောက်အောင် ကိုယ့်အပေါ် ကျေးဇူးပြုလာတတ်ကြသလို ထင်မှတ်ရသူ တွေကလည်း မထင်မှတ်ရလောက်အောင် ကျေးဇူးမပြုဘဲ နေတတ်ကြပြန်ပါတယ်။ လောကကြီးက မဆန်းကြယ်ဘူးလား။

http://www.dhammadownload.com

ကြုံလာရတဲ့အခါ

သေဖို့အရေး လုံးဝ မတွေးဘဲ နေဖို့အရေးကိုသာ တွေးနေသူတွေဟာ သေဖို့အရေးနဲ့ ကြုံလာရတဲ့အခါ နေမထိ ထိုင်မသာ ဖြစ်နေရတတ်ပါတယ်။

ဟိတ်ဟန်

ဟိတ်ဟန်ပါတဲ့ မေတ္တာထက် ဟိတ်ဟန်မပါတဲ့ မေတ္တာက ပိုမိုမြတ်နိုး အားကိုးထိုက်ပါတယ်။

ဘယ်မိဘက

သားသမီး ဒုက္ခရောက်နေစဉ် လာရောက်ကြည့်ရှု စောင်မမှုပြုတဲ့ မိဘနဲ့မပြုတဲ့ မိဘလို့ (၂) မျိုးရှိရာ ဘယ်မိဘက သားသမီးအပေါ် တကယ်ချစ်ပါသလဲ။

သတ္တဝါတွေဆိုတာ

"ငါကဖြင့် သူ့ကို ကျေးဇူးပြုလိုက်ရတာ၊ သူကတော့ ငါ့ကို ပြန် ကျေးဇူးမပြုဘူး" လို့ အပြစ်မတင်လိုက်ပါနဲ့။ သတ္တဝါတွေဆိုတာ ကိုယ့်အကျိုးစီးပွားကိုသာ ကြည့်တတ်ကြပါတယ် - တဲ့။ 'အယံ လောကော အတ္တာနောဝ စိန္တေတိ' လို့ စာက ဆိုထားပါတယ်။

http://www.dhammadownload.com

မကြီးကျယ်တဲ့ ဘဝလေး

လူမျိုးစုံနဲ့နေရရင် ပြဿနာမျိုးစုံနဲ့ ကြုံရတတ်တာမို့ မကြီးကျယ်တဲ့ ဘဝလေးကပဲ အေးချမ်းပါတယ်။

စိန်ရဲ့တန်ဖိုး

ရွှေရဲ့ တန်ဖိုးလောက်သာသိပြီး စိန်ရဲ့တန်ဖိုးကိုတော့ မသိသူဟာ စိန်ကို လက်လွတ်ဆုံးရှုံးသွားတတ်ပါတယ်။

ကိုယ့်ကံတရား

ကိုယ်ပညာယူရာနေရာက ကိုယ့်ကို ကြည့်ရှုစောင့်ရှောက်ပြီး ကိုယ်ပညာပေးရာနေရာက ကိုယ့်ကို မကြည့်ရှု၊ မစောင့်ရှောက်တာဟာ ကိုယ့်ကံတရားလို့ပဲ နှလုံးသွင်းသင့်ပါတယ်။

ပန်းတိုင်

ကံစွမ်း၊ ဉာဏ်စွမ်း၊ လုံ့လစွမ်းရှိသူဟာ ပန်းတိုင်ကို ရောက်ရစမြဲပါပဲ။

ပစ္စည်းဥစ္စာဆိုတာ

ပစ္စည်းဥစ္စာဆိုတာ မရှာမကောင်း ရှာမကောင်းတည်း၊ မစုဆောင်းခက် စုဆောင်းခက်တည်း။

http://www.dhammadownload.com

စကားလေးတစ်ခွန်း

စကားလေးတစ်ခွန်းကြောင့် ထိပ်ဆုံးမှ အောက်ဆုံးသို့ သက်ဆင်းသွားရသူတွေရှိသလို အောက်ဆုံးမှ ထိပ်ဆုံးသို့ တက်ရောက်သွားသူတွေလည်း ရှိကြပါတယ်။ စကားလေးတစ်ခွန်းရဲ့ စွမ်းအားကား ကြီးမားလှပါပေတယ်။

လွမ်းဖွယ်စကားလေး

အလွမ်းနယ်ပယ်က အလွမ်းသယ်(သည်)ကြသူတွေရဲ့ လွမ်းဖွယ်စကားလေးတွေက အလွမ်းကြွယ်စေနိုင်ကြပါပေတယ်။

အနှစ်သာရတွေကို

ဘဝသံသရာခရီးတစ်လျှောက်လုံးအတွက် ဒီဘဝထဲက အနှစ် သာရတွေကို များများ ရအောင် ထုတ်ယူနိုင်မှ အရှည်ကို မြော်မြင်နိုင်တဲ့ ပညာရှင်လို့ ဆိုနိုင်ပါမယ်။

ပြုပြင်နိုင်သူ

သူတစ်ပါးက ပြုပြင်ပေးလို့ ကောင်းသွားသူထက် ကိုယ့်ကိုကိုယ် ကိုယ့်ဘာသာ ပြုပြင်နိုင်သူက ပိုမိုတော်ပါတယ်။

http://www.dhammadownload.com

ကျေနပ်စရာ

လွတ်လွတ်လပ်လပ်ဘဝနဲ့ မိမိအကျိုး၊ သူတစ်ပါး အကျိုးတိုးပွားစေမယ့် အပြစ်ကင်းတဲ့ အလုပ်တွေကို လုပ်ခွင့် ရနေတာဟာ ဘယ်လောက်ကျေနပ်စရာ ကောင်းလိုက်သလဲ။

ပျော်နိုင်အောင်

ပူလောင်တဲ့ အပျော်တွေနဲ့ ဘဝသံသရာမှာ မရေ မတွက်နိုင်လောက်အောင်ပဲ ပျော်ခဲ့လှပါပြီ။ ကံကောင်း ထောက်မလို့ ရလာတဲ့ ယခုလိုဘဝမျိုးမှာ ပူလောင်မှုကင်းတဲ့ အပျော်တွေနဲ့ ပျော်နိုင်အောင် ကြိုးစားလိုက်စမ်းပါ။

နားခါးစရာ

လက်တွေ့မပါတဲ့ လောကွတ်စကားတွေဟာ ကြားရဖန်များလာတဲ့အခါ နားခါးစရာ ဖြစ်လာပါတယ်။

ကလေးငယ်လေးကတောင်

အားကြီးသူက အားငယ်သူကို ကူညီရမှာလား။ အားငယ်သူက အားကြီးသူကို ကူညီရမှာလား။ ဘယ်သူက ဘယ်သူ့ကို ကူညီရမှာလဲ။ အသိမကြွယ်သေးတဲ့ ကလေး ငယ်လေးကတောင် ဒီအဖြေကို လွယ် လွယ်လေးပေးနိုင်ပါ လိမ့်မယ်။

http://www.dhammadownload.com

မခြိမ်းဘဲ ရွာတဲ့မိုး

ခြိမ်းပြီး မရွာတဲ့ မိုးထက် မခြိမ်းဘဲ ရွာတဲ့ မိုးက အားကိုးရပါတယ်။

အသံကောင်း ဟစ်နေကြရင်

ကိုယ်ဒုက္ခရောက်နေစဉ် ကိုယ့်ကို ဖုတ်လေတဲ့ငါးပိရှိတယ်လို့တောင် မထင်ကြသူတွေက ကိုယ့်အပေါ် မေတ္တာထားပါတယ်၊ မေတ္တာရှိပါတယ်လို့ အသံကောင်းဟစ်နေကြရင် ရယ်စရာသာ ဖြစ်နေပါလိမ့်မယ်။

ယူချင်ရင်

အလိုက်တသိ ကူညီမှုကို ကိုယ်က အလိုရှိပါရင် ကိုယ်ကလည်း အလိုက်တသိ ကူညီတတ်ဖို့ လိုပါလိမ့်မယ်။ ယူချင်ရင် ပေးတတ်ရပါတယ်။ အသွားရှိမှအပြန် ရှိတတ်ပါတယ်။

ဆေးတစ်ခွက်

ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းဟာ ခန္ဓာကိုယ်ကျန်းမာရေး အတွက် လိုအပ်တဲ့ ဆေးတစ်ခွက် ပမာလိုအပ်ပါတယ်။

http://www.dhammadownload.com

သင့်ရာကို ရွေးပြီး

ဘုရားရှင်ကတော့ တရားဆေးတွေကို မျိုးစုံအောင် ဖော်ပေးခဲ့တာပါပဲ။ ကိုယ်က သင့်ရာကို ရွေးပြီးသုံးဆောင်ပေးဖို့ပဲ လိုပါတယ်။

ပိုမို မြင်အောင်

နေရာတစ်ခုမှာ ခေါင်းဆောင်လုပ်သူဟာ နောက်လိုက်တွေထက် အရာရာမှာ ပိုမိုမြင်အောင် ကြည့်တတ်ရပါတယ်။ ကိုယ် မြင်သလို နောက်လိုက်တွေ မြင်အောင်လည်း ပြောပြပေးရပါတယ်။

သတိဉာဏ်ထားကာ

နောက်လိုက်တွေက ခေါင်းဆောင်ကို အတုလိုက်တတ်ကြပါတယ်။ ဒါကြောင့် ခေါင်းဆောင်က နောက်လိုက်တွေ အတုလိုက် မမှားရအောင် ကိုယ်အပြု၊ အပြော၊ အတွေး၊ အဆုံးအဖြတ်တွေကို သတိ ဉာဏ်ထားကာပြုရပါတယ်၊ ပြောရပါတယ်၊ တွေးရပါတယ်၊ ဆုံးဖြတ်ရပါတယ်။

http://www.dhammadownload.com

လေကောင်းလေသန့်

လေကောင်းလေသန့်ဟာ လူတစ်ယောက်ကျန်းမာဖို့ လိုအပ်ပါတယ်။ လူတစ်ယောက် စိတ်ချမ်းသာဖို့ကမ္မဋ္ဌာန်းနှလုံးသွင်းမှုဟာလည်း လိုအပ်ပါတယ်။

နားဝင်လွယ်

အေးဆေးချိုသာညက်ညောတဲ့ အပြောလေးတွေနဲ့ ပြောတတ်ရင် ပိုမိုနားဝင်လွယ်ပါတယ်။

ထက်မြက်တဲ့ ခေါင်းဆောင်

ထက်မြက်တဲ့ ခေါင်းဆောင်မှာမှ ထက်မြက်တဲ့ နောက်လိုက်တွေ ပေါ်ထွက်နိုင်ပါတယ်။

အရည်အသွေးပြည့်တဲ့

ထက်မြက်ပြီး အရည်အသွေးပြည့်တဲ့ ဆရာဖြစ်မှ ထက်မြက်ပြီး အရည်အသွေးပြည့်တဲ့ တပည့်တွေကို မွေးထုတ်နိုင်ပါမယ်။

အဆန်းမဟုတ်ပါ

ဆရာညံ့ရင် တပည့်ညံ့တာဟာ အဆန်းမဟုတ်ပါ။

http://www.dhammadownload.com

အသေးစိတ်

ကိုယ့်အကြောင်းကို အသေးစိတ် သိရအောင် လုပ်ရတဲ့ တရားရှုမှတ်မှုအလုပ်ဟာ ကိုယ့်အကြောင်းကို အသေးစိတ် သိလိုသူတိုင်း လုပ် ထိုက်တဲ့ လုပ်ရမယ့် အလုပ်ပါပဲ။

မြှုပ်နှံနိုင်လေလေ

ကိုယ့်စိတ်ကလေးကို အလုပ်ကောင်းတွေမှာ မြှုပ်နှံနိုင်လေလေ ကိုယ့်ဘဝမှာ အမြတ်ရလာလေလေပါပဲ။

အချစ်နဲ့ မကင်းသူတိုင်း

ကိုယ်ချစ်ရတဲ့သူကို ချစ်ရာရောက်ပြီး နှစ်ရာ မရောက်ရအောင် အချစ်နဲ့မကင်းသူတိုင်း သတိထားသင့်ပါတယ်။

သနားတတ်ပြီး

သနားစရာ အခြေအနေလေးတွေကို မြင်တွေ့ရတဲ့အခါ သနားတတ်ပြီး အဲဒီလို သနားစရာအခြေအနေသို့ ကိုယ် (မိမိ) မရောက်ရ အောင် နေတတ်ရပါမယ်။

http://www.dhammadownload.com

ဝမ်းသာတတ်ပြီး

ဝမ်းသာစရာ အခြေအနေလေးတွေကို မြင်တွေ့ရတဲ့အခါ ဝမ်းသာတတ်ပြီး အဲဒီလို ဝမ်းသာစရာ အခြေအနေသို့ ကိုယ်မရောက်သေးရင် အလိုရှိပါက ရောက်အောင် ကြိုးစားရပါမယ်။

လူရှော့

ကိုယ့်ဘဝကို တစ်ဆင့်ပြီးတစ်ဆင့် မြင့်လာအောင် မြင့်ပေးလိုက်ကြတဲ့ ကျေးဇူးရှင်တွေရဲ့ ကျေးဇူးကို သိတတ်သူဟာ လူတော် လူကောင်းပါပဲ။ သိရုံမက ကျေးဇူးဆပ်နိုင်ရင်တော့ ပိုတော်တဲ့လူ၊ ပိုကောင်းတဲ့လူပါပဲ။ ကျေးဇူးမသိဘဲ ကျေးဇူးကန်းရင်တော့ လူရှော့ပါပဲ။

ကျက်စားရာ

မိမိစိတ်ကလေးရဲ့ ကျက်စားရာနယ်ပယ်ဟာ အဖြူရောင်နယ်ပယ် ဖြစ်ရပါမယ်။ အမည်းရောင်နယ်ပယ် မဖြစ်ရပါ။

အလင်းပဲ

ကိုယ့်ရဲ့အတိ တ်ဘဝဟာ အလင်းလား၊ အမှောင်လား မခွဲခြားနိုင်ပေမယ့် အနာဂတ် ဘဝမှာတော့ အမှောင်မဟုတ်ဘဲ အလင်းပဲ ဖြစ် အောင် ကြိုးစားရပါမယ်။

http://www.dhammadownload.com

အကျိုးပေးကောင်းနေခိုန်မှာ

မကောင်းတာတွေကို လုပ်နေပေမယ့် ကုသိုလ်ကံ အကျိုးပေးကောင်းနေခိုန်မှာ ကောင်းကျိုးတွေကို ရရှိနေတတ်ပါတယ်။ ကောင်းတာတွေကို လုပ်နေပေမယ့် အကုသိုလ်ကံ အကျိုးပေးနေခိုက်မှာ မကောင်းကျိုးတွေကို ရရှိနေတတ်ပါတယ်။

အလုပ်ကောင်းမှ

"ကံကောင်း" လို့ နာမည်မှည့်လိုက်ရုံနဲ့ ကံကောင်းသူတစ်ယောက် ဖြစ်မလာနိုင်ပါ။ နာမည်ကောင်းရုံနဲ့ ကံကောင်းသူ ဖြစ်မလာနိုင်သေးပါ။ အလုပ်ကောင်းမှ ကံကောင်းသူ ဖြစ်လာနိုင်ပါတယ်။

အကျိုးပေးကောင်းသူ

ကံအကျိုးပေးကောင်းသူ ဖြစ်ချင်ရင် ကံကောင်း၊ ဉာဏ်ကောင်း၊ ဝီရိယကောင်းတွေ ရှိရပါမယ်။

ကောင်းပြီးရင်း ကောင်းရင်း

ကိုယ့်မှာ ကုသိုလ်ကံအကျိုးပေး ကောင်းနေတာဟာ ကုသိုလ်ကံတွေ အဆင့်ဆင့် တိုးပွားဖို့အကြောင်း ဖြစ်ပါစေ။ ဒါမှ ကံအကျိုးပေးတွေ ကောင်းပြီးရင်း ကောင်းရင်း ဖြစ်လာနိုင်ပါမယ်။

http://www.dhammadownload.com

အဆင့်မြင့်ပညာရှိ

ဆင်းရဲက များပြီး ချမ်းသာက နည်းပါးတဲ့ ချမ်းသာထက် ဆင်းရဲက နည်းပါးပြီး ချမ်းသာက များတဲ့ ချမ်းသာကို ရအောင် ယူတတ်မှ ယူနိုင်မှ အဆင့်မြင့်ပညာရှိလို့ဆိုနိုင်ပါမယ်။

အမြင့်ဆုံး ချမ်းသာ

ဆင်းရဲလုံးဝမပါတဲ့ ချမ်းသာကတော့ အဆင့်အမြင့်ဆုံးချမ်းသာပါပဲ။

သိပါတယ်နော်

မိဘ၊ ဆွေမျိုး၊ မိတ်ဆွေတွေရော ဆရာဝန်တွေပါ ကိုယ့်ကို မကူနိုင်၊ မကယ်နိုင် လက်မှိုင်ချရတော့တဲ့အခါမျိုးမှာ ကိုယ့်ကို ကူမယ့်၊ ကယ်မယ့်၊ စောင့်ရှောက်မယ့်အရာကို ယခုကတည်းက အလုံအလောက် ရအောင် ကြိုတင်ရှာဖွေစုဆောင်းထားရပါမယ်။ အဲဒါက ဘာလဲ၊ သိပါ တယ်နော်။ သတိပဋ္ဌာန်ပဲပေါ့။

http://www.dhammadownload.com

ကိုယ့်အလိုက်ျ

လွတ်လွတ်လပ်လပ် ခေါင်းဆောင်လုပ်နိုင်တဲ့အခါ မျိုးမှာ မလွတ်မလပ် ခေါင်းဆောင်ရတာမျိုးကို စွန့်လွှတ်ကာ လွတ်လွတ်လပ်လပ် ခေါင်းဆောင်ရတာဟာ အများအကျိုးကို ကိုယ့်အလိုက်ျ ပိုမိုသယ်ပိုးခွင့်ရလာစေပါတယ်။

နေရာတကာမှာ

ရုပ်ကိုရော စိတ်ကိုပါ အလှပြင်နိုင်သူဟာ အလှ (၂) မျိုး ပိုင်ရှင်ဖြစ် လို့ အလှဂုဏ်ဝင့်ထည်ပြီး နေရာတကာမှာ တင့်တယ်လှပါပေတယ်။

ကိုယ့်ကိုကိုယ်တော့

သူတစ်ပါးကို ညာလို့ရနိုင်ပေမယ့် ကိုယ့်ကိုကိုယ် တော့ ညာလို့ လုံးဝ မရနိုင်ပါ။

ဆေးခါးခါး

ဆေးချိုချိုနဲ့ သင့်မယ့်ပုဂ္ဂိုလ်ကို ဆေးချိုချိုတိုက်ကျွေးရပါတယ်။ ဆေးခါးခါးနဲ့ သင့်မယ့်ပုဂ္ဂိုလ်ကို ဆေးခါးခါး တိုက်ကျွေးရပါတယ်။ ဆေးမချိုမခါးနဲ့ သင့်မယ့်ပုဂ္ဂိုလ်ကို ဆေးမချိုမခါးကို တိုက်ကျွေးရပါတယ်။ စကားပြောရာမှာလည်း အဲဒီလိုပါပဲ။

http://www.dhammadownload.com

အတတ်ပညာ

အတတ်ပညာဆိုတာ အထပ်ထပ်အခါခါ လေ့လာဆည်းပူးရင် မတတ်မြောက်နိုင်တဲ့ ပညာရယ်လို့မရှိပါ။

အလိုလို

ကိုယ်အပြစ်၊ နှုတ်အပြစ်တွေကို သီလရေနဲ့ ဆေးကြောပေးရပါတယ်။ စိတ်အပြစ်ကို ဘာဝနာရေနဲ့ ဆေးကြောပေးရပါတယ်။ အပြစ်စင်ရင်ဘဝမှာ ဂုဏ်ရောင်ဟာ အလိုလို တောက်ပြောင်လာတာပါပဲ။

ကြည်ညိုလို့ မဆုံးနိုင်

ဘဝအကြောင်းကို နစ်နစ်နာနာ သဘောပေါက်ပြီး ဘဝအဓိပ္ပာယ်ကို နက်နက်နဲနဲ ရှင်းပြထားတဲ့ နောက်ဆုံးဘဝပိုင်ရှင် ဘုရားရှင်ကို ဘဝအကြောင်း၊ ဘဝအဓိပ္ပာယ်ကို ကျယ်ကျယ်ပြန့်ပြန့် မသိရ၊ မသိနိုင်သေးသူအဖို့ ကြည်ညိုလို့ မဆုံးနိုင်ပါ။

ထိန်းကျောင်းနိုင်တဲ့ ပညာ

ကိုယ့်ဘဝလမ်းကြောင်း မတိမ်းစောင်းအောင် ထိန်းကျောင်းနိုင်တဲ့ ပညာဟာ လူတိုင်းမှာ အရေးတကြီး လိုအပ်လှပါတယ်။

http://www.dhammadownload.com

လိုက်ကြည့်နိုင်သူ

ကိုယ့်သန္တာန်မှာ တကယ်ဖြစ်ပေါ်နေတဲ့ သဘောတရားတွေကို အမှန်အတိုင်းသိအောင် ဖြစ်ပေါ်ခိုက်မှာ လိုက်ကြည့်နိုင်သူဟာ ထူးခြားတဲ့ ပညာရှင်ပါပဲ။

လောင်လာရင်

မီးဆိုတာ မလောင်ခင်က တားရပါတယ်။ လောင်လာရင် အငြိမ်းရခက်သွားပါတယ်။ အချစ်မီးဆိုတာလည်း အဲဒီလိုပါပဲ။

အစွမ်းထက်

"ငါ ပြောသလို လုပ်၊ ငါ လုပ်သလို မလုပ်နဲ့" လို့ ဆုံးမတဲ့ ဩဝါဒထက် "ငါ ပြောသလို လုပ်၊ ငါ လုပ်သလို လုပ်"လို့ ဆုံးမရတဲ့ ဩဝါဒက ပိုမိုအစွမ်းထက်ပါတယ်။

ပြောပြနေသယောင်

ကိုယ့် ရှေ့မှာ လမ်းမှားလျှောက်သွားနေတဲ့ သူတွေက ဒီလမ်းမျိုး ကို မလိုက်ပါနဲ့လို့ ပြောပြနေသယောင် ရှိနေပါတယ်။ ကြားအောင် နားထောင်နိုင်စွမ်းရှိသူတွေသာ ကြားကြပါတယ်။

http://www.dhammadownload.com

သဲထဲ ရေသွန်

လမ်းမှားလိုက်နေတဲ့ သမီးလေးကို မလိုက်ဖို့ ဆုံးမသွန်သင်လိုတဲ့ မိခင်က လမ်းမှားလိုက်နေတဲ့ မိခင်ဖြစ်နေခဲ့ရင် မိခင်ရဲ့စကားဟာ သဲထဲရေသွန်သလိုပဲ ဖြစ်တော့မပေါ့။

ဝမ်းနည်းစရာ

ကိုယ့်လုပ်ရပ်ဟာ ကိုယ့်အကျိုးလိုလားသူတွေမှာ ဝမ်းနည်းစရာဖြစ်ပြီး ကိုယ့် အကျိုးမလိုလားသူတွေမှာ ဝမ်းသာစရာ မဖြစ်စေရပါ။

မစင်ကို

ခွေးဟာ မစင်ကို ကြိုက်သလို လူမိုက်ဟာလည်း မကောင်းတာကို ကြိုက်ပါတယ်။

မရှုမလှ

မှောင်မှောင်မည်းမည်းထဲမှာ လမ်းသွားရင် မြွေကိုလည်း တက် နင်းနိုင်ပါတယ်။ ချောက်ထဲလည်း ကျသွားနိုင်ပါတယ်။ ဓားသွားနဲ့လည်း တိုက်သွားနိုင်ပါတယ်။ ကိလေသာအမှောင်ကျနေပြီဆိုရင် ဒုက္ခရောက်ကြောင်းတွေကို ဒုက္ခလမ်းကြောင်းလို့ မမြင်နိုင်တော့ဘဲ ဇွတ်အတင်း တိုးကာ မရှုမလှ ဒုက္ခရောက်ရပါတယ်။

http://www.dhammadownload.com

ခံတွင်း ပျက်နေရင်

ခံတွင်း ပျက်နေရင် အချို့ကလည်း ခါးနေတတ်ပါတယ်။ စိတ်မိုက် စိတ်ရိုင်း ဝင်နေလို့ ပုံမှန်စိတ် မရှိတဲ့အခါမျိုးမှာ အကောင်းကို ပြောပြပေမယ့် မကောင်းထင်နေတတ်ပါတယ်။ မကောင်းကိုလည်း အကောင်းလို့ ထင်နေတတ်ပြန်ပါတယ်။

ဝိုင်းဝန်းဖြေရှင်း

ရောဂါဖြစ်လာရင် အဲဒီရောဂါကို ကျွမ်းကျင်တဲ့ ဆရာဝန်တွေက ဝိုင်းဝန်းကုသပေးကြရပါတယ်။ ခင်မင်ရတဲ့သူမှာ ပြဿနာဖြစ်လာရင် သူ့ပြဿနာကို သူ့အကျိုးလိုလားသူတွေက ဝိုင်းဝန်းဖြေရှင်းပေးကြရပါတယ်။

မာန်

အောင်မြင်လာရင် ဝင်လာတတ်တဲ့ မာန်က အောင်မြင်မှုကို ချေ ဖျက်ပစ်တတ်ပါတယ်။

မနေတတ် မထိုင်တတ်

နှစ်သက်ဖွယ်အာရုံတွေကို ခုံမင်တပ်မက် နှစ်သက်တွယ်တာနေသူတွေဟာ အဲဒီအာရုံတွေနဲ့ ကင်းကွာပြီး နေနေရရင် မနေတတ် မထိုင်တတ်အောင် ရှိနေတတ်ကြပါတယ်။

http://www.dhammadownload.com

အလင်းရောင်လေး

အမှောင်ထုကြီးထဲမှာ အလင်းရောင်လေး ဝင်လာရင် အဲဒီအလင်းရောင်လေးဟာ အမှောင်ထုထဲက လူသားအတွက် တကယ့်အားကိုးရာကြီးပါပဲ။

တီကို ဆားနဲ့

အတွယ်အတာတွေကို ပယ်ခွာဖို့ ပြောလာရင် တီကို ဆားနဲ့တို့ လိုက်သလို တွန့်သွားတတ်ကြပါတယ်။

ခုံမင်တဲ့ လူသား

ရေထဲက ငါးဟာ ရေထဲမှာပဲ ပျော်ပါတယ်။ ကာမအာရုံတွေကို ခုံမင်တဲ့ လူသားဟာလည်း ကာမအာရုံတွေနဲ့ပဲ ပျော်ပါတယ်။

အာရုံပြုလိုက်ရင်

ကြည်လင်အေးမြတဲ့စိတ်ဓာတ်ပိုင်ရှင် ဘုရားရှင်ကို အာရုံပြုလိုက်ရင် ကြည်လင်အေးမြတဲ့ စိတ်ဓာတ်တွေ ဖြစ်ပေါ်လာကြပါတယ်။

http://www.dhammadownload.com

အသိရှင်းတယ်

ကြည်လင်တဲ့ မျက်စိဟာ အမြင်ရှင်းတယ်။ ကြည်လင်တဲ့ နားဟာ အကြားရှင်းပါတယ်။ ကြည်လင်တဲ့ စိတ်ဟာအသိရှင်းတယ်။

အဆင့်မြင့်လူ

လူဟာ ကိုယ့်အကြောင်းကို များများသိမှ အဆင့်မြင့်လူ ဖြစ်နိုင်ပါတယ်။

သူတစ်ပါးအကြောင်းကိုပဲ

လူတွေဟာ ကိုယ့်အကြောင်းကို သိသည်ထက် သိအောင် မကြိုးစားကြဘဲ သူတစ်ပါးအကြောင်းကိုပဲ သိချင်နေကြပါတယ်။

နှိုင်းယှဉ်ကြည့်ရင်

သူ့အကြောင်းသိတဲ့ အသိနဲ့ ကိုယ့်အကြောင်းသိတဲ့ အသိကို နှိုင်းယှဉ်ကြည့်ရင် ကိုယ့်အကြောင်းသိတဲ့ အသိကပဲ သာလွန်ကောင်းမွန် တာကို သိနိုင်ပါတယ်။

http://www.dhammadownload.com

အထင်သေးကြပါတယ်

ကြိုးစားကြသူတွေက ငပျင်းတွေကို အထင်သေးကြပါတယ်၊ ရွံကြပါတယ်၊ မုန်းကြပါတယ်။ ရိုးသားသူတွေက ငလိမ်ငညာတွေကို အထင်သေးကြပါတယ်၊ ရွံကြပါတယ်၊ မုန်းကြပါတယ်။

ခေါင်းဆောင်အဖြစ်နဲ့ပဲ

ခေါင်းဆောင်အရည်အသွေးရှိသူဟာခေါင်းဆောင်အဖြစ်နဲ့ပဲ ဘဝမှာ ရပ်တည်သင့်ပါတယ်။ နောက်လိုက်အဖြစ်နဲ့ မရပ်တည်သင့်ပါ။

ရေရှည်မှာ

မရိုးမသား ကြိုးစားလို့ အောင်မြင်လာသူထက် ရိုးရိုးသားသား ကြိုးစားပြီး အောင်မြင်လာသူက ရေရှည်မှာ သိသိသာသာ သာလွန် သွားပါတယ်။

ဝိုင်းဝိုင်းလည်နေသူမှာ

ခင်မင်သူတွေ ဝိုင်းဝိုင်းလည်နေသူမှာ ခန္ဓိ၊ မေတ္တာ အားကောင်း လျက် ရှိနေပါတယ်။

http://www.dhammadownload.com

နည်းနည်း၊ များများ

နည်းကောင်းများစွာကို သိရှိပြီး နည်းနည်းလိုက်နာနိုင်သူဟာ နည်းနည်း ကြီးပွားတာပါပဲ။ များများ လိုက်နာနိုင်သူဟာ များများ ကြီးပွားတာပါပဲ။

သီလ

အပါယ်ရောက်နေကြသူတွေဟာ မလျှူလို့ ရောက်နေကြရတာ မဟုတ်ပါ။ သီလမလုံမြဲလို့ပါ။

တင့်တင့်တယ်တယ်

မိဘတွေဆိုတာ ကိုယ့်သားသမီးလေး မှန်ကန်တဲ့ လမ်းကြောင်းပေါ် လျှောက်ပြီး လောကမှာ တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ ရှိနေတာကို မြင်တွေ့ချင်ကြပါတယ်။

သိမ်သိမ်ငယ်ငယ်

မိဘတွေဆိုတာ ကိုယ့်သားသမီးလေး လမ်းမှားပေါ် လျှောက်ပြီး လောကမှာ သိမ်သိမ်ငယ်ငယ် ညှိုးညှိုးနွမ်းနွမ်း ဖြစ်နေမှာကို အလွန်ပဲ စိုးရိမ်ကြပါတယ်။

http://www.dhammadownload.com

မိဘမေတ္တာ

မိဘတွေက သူတို့အပေါ် သားသမီးတွေ ပြန်လည်ကျေးဇူးမပြုပေမယ့် သားသမီးတွေအကျိုးကို လိုလားကာ ဆက်လက်ကြည့်ရှု စောင့်ရှောက် ထောက်ပံ့နေကြတာကို တွေးကြည့်လိုက်ရင် မိဘမေတ္တာကို မလေးစားဘဲ၊ အသိအမှတ်မပြုဘဲ၊ တန်ဖိုးမထားဘဲနေလို့မရပါ။

ဆိုးဝါးပါတယ်

သူတစ်ပါးအကျိုးကို မထိခိုက်စေဘဲ ကိုယ့်အကျိုးလိုလားတာဟာ တော်ပါတယ်။ သူတစ်ပါးအကျိုး ထိခိုက်စေပြီး ကိုယ့်အကျိုးလိုလားတာဟာ ဆိုးဝါးပါတယ်။

ပိုမိုကောင်း

ကိုယ့်အကျိုးကို မထိခိုက်စေဘဲ သူတစ်ပါးအကျိုးလိုလားတာဟာ ကိုယ့်အကျိုးထိခိုက်စေပြီး သူတစ်ပါးအကျိုးလိုလားတာထက် ပိုမို ကောင်းပါတယ်။

ဉာဏ်ပွင့်လင်းခြင်းရဲ့

သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်းနေတတ်ခြင်းဟာ အသိဉာဏ် ပွင့်လင်းခြင်းရဲ့အကြောင်း ဖြစ်ပါတယ်။

http://www.dhammadownload.com

အကြောင်းဆိုး

အကျိုးဆိုးတွေကို ကြောက်ရင် အကြောင်းဆိုးတွေကို ရှောင်ရှား နိုင်ရပါမယ်။

အကြောင်းကောင်း

အကျိုးကောင်းတွေကို အလိုရှိရင် အကြောင်းကောင်းတွေကို ပြုလုပ်နိုင်ရပါတယ်။

မလွဲမသွေ

အကြောင်းဆိုးတွေကို မရှောင်ရှားနိုင်ရင် အကျိုးဆိုးတွေကို မလွဲမသွေ ရင်ဆိုင်ရပါမယ်။

ဆုတောင်းနေဖို့ မလို

အကြောင်းကောင်းတွေကို ပြုလုပ်နိုင်ရင် အကျိုးကောင်းတွေကို ဆုတောင်းနေဖို့ မလိုပါ။

ကိုယ့်ကံ ကိုယ်ထမ်း

နောက်ဆုံးမှာတော့ ကိုယ့်ကံ ကိုယ်ထမ်းပြီး ကိုယ့်လမ်းကို ဆက်လျှောက်သွားကြရတာပါပဲ။

http://www.dhammadownload.com

ဆက်လုပ်နေရင်

မီးကို ပူမှန်း သိလျက် ဆက်ကိုင်ရင် ပို ပူပေမပေါ့။ မကောင်းကျိုးတွေကို ပေးမှန်းသိလျက် မကောင်းတာတွေကို ဆက်လုပ်နေရင် ဒုက္ခ တွေ ပို တွေ့ရပေမပေါ့။

မေတ္တာရှိနေလို့ပါ

သူဆင်းရဲတာကို မလိုလားတာဟာ သူ့အပေါ် ကရုဏာ ရှိနေလို့၊ သူချမ်းသာပျော်ရွှင်နေတာကို လိုလားတာဟာ သူ့အပေါ် မေတ္တာရှိနေလို့ပါပဲ။

ဒုက္ခခံရကျိုး

ကိုယ်တစ်ယောက် ဒုက္ခရောက်ရတာနဲ့ ကိုယ့်နောက် အများချမ်းသာပွားတယ်ဆိုရင် ဒုက္ခခံရကျိုးနပ်ပါတယ်။

နီးတယ်

တစ်ဦးအပေါ် တစ်ဦး မေတ္တာသက်ဝင်နေရင် အနေဝေးပေမယ့် နီးတယ်လို့ပဲ ဆိုရပါမယ်။ မေတ္တာပျက်ပြုန်း အမုန်းဝင်နေရင်တော့ အနေနီးပေမယ့် ဝေးတယ်လို့ပဲ ဆိုရပါမယ်။

http://www.dhammadownload.com

ရင့်ကျက်တဲ့လူ

အသက်ကြီးလာတာနဲ့အမျှ ဆင်ခြင်တုံတရားပါ ကြီးမားလာပါမှ ရင့်ကျက်တဲ့လူကြီး ဖြစ်နိုင်ပါတယ်။

လူတော်ပဲ

ပြောချင်လွန်းလှတဲ့ စကားရိုင်းတစ်ခွန်းကို မပြောမိအောင်၊ လုပ် ချင်လွန်းလှတဲ့ မကောင်းမှုတစ်ခုကို မပြုလုပ်မိအောင် တစ်ခါ ထိန်းနိုင်ရင် တစ်ခါလူတော်ပဲ။ အခါခါ ထိန်းနိုင်ရင် အခါခါလူတော်ပဲ။

အလိလီ

စိတ်ကလေးက သူသဘောကျနှစ်ခြိုက်ရာ အာရုံဆီကို အကြိမ် ကြိမ် အလိလီ သွားနေတတ်ပါသည်။

ကြီးကြီးထုပ်နိုင်ပါမှ

သေပြီးနောက် ကိုယ့်နောက်ပါမယ့် ကုသိုလ်ထုပ်ကို ကြီးကြီး ထုပ်နိုင်ပါမှ သံသရာခရီးမှာ စိတ်အေးရပါမယ်။

http://www.dhammadownload.com

အပြစ်ကင်းအောင်

ကိုယ်အပြု၊ အပြော၊ အတွေးတွေမှာ အပြစ်ကင်းအောင် လုပ်နိုင်သူဟာ ကိုယ့်ကိုကိုယ်လည်း စောင့်ရှောက်ပြီးသား ဖြစ်သလို ကိုယ့်ပတ်ဝန်းကျင်ကိုလည်း စောင့်ရှောက်ပြီးသား ဖြစ်သွားပါတယ်။

ကြီးကျယ်သလောက်

ကောင်းမြတ်တဲ့ စိတ်ထားတွေ ကြီးကျယ်ရင် ကြီးကျယ်သလောက် အောင်မြင်မှုကလည်း ကြီးကျယ်လာတာပါပဲ။

ပေါ့ပေါ့ တော့တော့

သဒ္ဓါတရားနဲ့ လေးလေးစားစား လုပ်ရမယ့် အလုပ်ကို သဒ္ဓါကင်းမဲ့ သူတွေ၊ သဒ္ဓါနည်းပါးသူတွေက ပေါ့ပေါ့တော့တော့ လုပ်တတ်ကြပါတယ်။

တစ်လှမ်း၊ (၁၀) လှမ်း

ကိုယ်က ခေါင်းဆောင်ဖြစ်လျက် မကောင်းတဲ့ဘက်ကို ခြေလှမ်းတစ်လှမ်းလှမ်းလိုက်ရင် ကိုယ့်နောက်လိုက်တွေက (၁၀) လှမ်းလောက် လှမ်းတက်ကြပါတယ်။

http://www.dhammadownload.com

(၁၀) လှမ်း၊ (၁) လှမ်း

ခေါင်းဆောင်ဖြစ်သူက ကောင်းတဲ့ဘက်ကို ခြေလှမ်း (၁၀) လှမ်းလောက် လှမ်းပြပါမှ နောက်လိုက်တွေက (၁) လှမ်းတောင် မလိုက်ချင် လိုက်ချင်နဲ့ လှမ်းလိုက်ကြပါတယ်။

အသုံးချတတ်သူ

ကိုယ်ရရှိပိုင်ဆိုင်ထားတဲ့ အခွင့်အရေးတွေကို အကျိုးရှိအောင် အသုံးချတတ်သူဟာ လူတော်ပါပဲ။

အခွင့်အရေးကောင်း

အသိဉာဏ်ရှိသူတွေဟာ အခွင့်အရေးကောင်းတွေကို လက်လွှတ်ဆုံးရှုံးမခံကြပါ။

ဘဝသံသရာမှာ

ဒီဘဝမှာ အလုပ်ကောင်းတွေကို များများလုပ်၊ စကားကောင်းတွေကို များများပြော၊ အတွေးကောင်းတွေကို များများတွေးပေးပါမှ ဘဝသံသရာမှာ ဘဝကောင်းတွေကို ရောက်ရပါမယ်။

http://www.dhammadownload.com

ထင်နေရင်

သူလုပ်သမျှ အလုပ်၊ သူပြောသမျှ စကား၊ သူတွေးသမျှ အတွေး၊ သူဆုံးဖြတ်သမျှ အဆုံးအဖြတ်တွေကို အကောင်းတွေချည်းပဲလို့ ထင်နေရင် သူ့အပေါ် ခင်မင်မှု၊ လေးစားမှု၊ အထင်ကြီးမှုတွေ ရှိနေလို့ပါပဲ။

အရှိန်အဝါ

မလုပ်အပ်တဲ့ လုပ်ရပ်တွေက ဩဇာအရှိန်အဝါ တန်ခိုး ကျဆင်း စေနိုင်ကြပါတယ်။

တစ်ခဏတန်ဖိုး

မိမိသန္တာန်မှာ ထင်ရှားဖြစ်ပေါ်နေတဲ့ ရုပ်နာမ် သဘာဝကို တစ်ခဏလေးမျှ သိလိုက်ရင်ပဲ ရင်ထဲမှာ အေးမြသွားစေတာမို့ အဲဒီတစ်ခဏတန်ဖိုးဟာ ကြီးမားလှပါပေတယ်။ ခဏခဏ သိနေရင်တော့ ဘာပြောစရာလိုတော့မလဲ။

အင်အားရှိတဲ့စိတ်

စိတ်မှာ ကောင်းတဲ့ အင်အားတွေကို အမြဲသွင်းပေးနေမှ စိတ်ဟာ အင်အားရှိပါတယ်။ အင်အားရှိတဲ့ စိတ်ကမှ အလုပ်ကိစ္စကို ပြီးမြောက် အောင်မြင်အောင် လုပ်နိုင်စွမ်းရှိပါတယ်။

http://www.dhammadownload.com

နားလည်ကာ

ဒုက္ခရောက်မှ ဒုက္ခရဲ့အကြောင်းကို ကောင်းကောင်းနားလည်ကာ ကြောက်တတ်လာပါတယ်။

အချစ်ဆိုတာ

အချစ်ဆိုတာ ပူလောင်တဲ့ ခံစားမှုပါပဲ။ နည်းနည်းချစ်ရင် နည်းနည်းပူပါတယ်။ များများချစ်ရင် များများပူပါတယ်။ အချစ်မရှိရင် အပူမရှိတော့ပါ။

ထွက်ပေါက်

အကျပ်အတည်း တွေ့လာရင် သူတော်ကောင်းတရား လက်ကိုင်ထားသူမှာ ထွက်ပေါက် ရှိစမြဲပါပဲ။

အစားထိုး

ပူစရာတွေနဲ့ ကြုံလာရင် စိတ်အေးစေတဲ့ အာရုံကောင်းတွေကို များများနှလုံးသွင်းပေးရပါတယ်။ အပူအာရုံတွေကို ဖယ်ရှားပြီး အအေးအာရုံတွေကို အစားထိုးပေးရပါတယ်။

http://www.dhammadownload.com

ကိုယ့်လိုပဲ

ကိုယ်လိုမဟုတ်သူကို ကိုယ့်လိုပဲထင်မိတော့ မှားသွားတာပေါ့လေ။

စိတ်အလို

အမြော်အမြင် အဆင်အခြင်ရှိတဲ့ ပညာရှင်ဟာ စိတ်အလိုကို မလိုက်သင့်ပါ။

စွဲလမ်းသွားမိရင်

တစ်ဦးတစ်ယောက်အပေါ် စွဲလမ်းသွားမိရင် ခွဲခွာရခက်သွားတတ်ပါတယ်။ ဖားကို ဖမ်းတဲ့ မြွေလို အစွဲအလမ်းပိုသွားလို့ပါပဲ။

မျက်နှာပျက်

မဆင်မခြင် လုပ်မိတဲ့ လုပ်ရပ်ကြောင့် မိမိရောမိမိအသိုင်းအဝိုင်း ပါ မျက်နှာပျက်ရတတ်ပါတယ်။

မူကို မပြင်ရင်

လူကို ခင်ပေမယ့် ပြင်သင့်တဲ့မူကို မပြင်ရင် ခင်တာကို ဖြတ်တောက်ရပါတယ်။

http://www.dhammadownload.com

ခင်သွားတတ်တာဟာ

အမြင်များရင် ခင်သွားတတ်တာဟာ ဖို့မ ဆိုတဲ့ ဆန့်ကျင်ဘက် သတ္တဝါတွေမှာ ဖြစ်တတ်တဲ့ သဘောပဲ ဖြစ်ပါတယ်။

ဇွတ်တိုးတတ်

လောဘ အမှောင်၊ ဒေါသ အမှောင်၊ မောဟ အမှောင်ကျနေရင် မကောင်းမှုန်း၊ မသင့်မှုန်း သိလျက် ဇွတ်တိုးတတ်ကြပါတယ်။

နွယ်လိုပဲ

သတ္တဝါတွေရဲ့ စိတ်ဟာလည်း နွယ်လိုပဲ နီးစပ်ရာ တွယ်တာစရာကို ရှာကာတွယ်တာတတ်ကြပါတယ်။

အဖတ်ဆယ်ဖို့

နာမည်ပျက်သွားရင် ပြန်ပြီး အဖတ်ဆယ်ဖို့ ခက်လှပါတယ်။

နာမည်ကောင်းလေး

ကိုယ့်နာမည်ကောင်းလေးကို ပျက်အောင် လုပ်တဲ့ အရာတွေက ကိုယ့်လောဘ၊ ကိုယ့်ဒေါသ၊ ကိုယ့်မောဟ တွေပါပဲ။

http://www.dhammadownload.com

အပြစ်လေး

ကိုယ်ချစ်ခင်သူရဲ့ အပြစ်ကြီးက အပြစ်လေး ဖြစ်နေတတ်ပါတယ်။ အပြစ်လေးကတော့ အဝေးပြေးသွားပါတော့တယ်။

အခါခါ

ကိုယ်ချစ်ခင်သူရဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိတွေကို အခါခါ လိုလားနေတတ်ပါတယ်။ တဏှာဆိုတာ မြစ်လိုပါပဲတဲ့။ မြစ်ဟာရေကို အမြဲလိုနေပါတယ်။

မြင့်မြတ်သူ

မြင့်မြတ်တဲ့အကျင့် (မေထုန်မှ ရှောင်ကြဉ်မှု)ကို မြင့်မြတ်သူတွေသာ ကျင့်နိုင်ကြပါတယ်။မြင့်မြတ်သူတွေဟာ မြင့်မြတ်ပြီးရင်း မြင့်မြတ်ရင်း ဖြစ်ကာ အမြင့်မြတ်ဆုံးဘဝကို ရောက်ကြရပါတယ်။

စောင့်စည်းမှု

စောင့်စည်းမှုအလုပ်ကို စိတ်ဓာတ်အောက်တန်းကျသူတွေ မလုပ်နိုင်ကြပါ။ စောင့်စည်းမှုဆိုတာ စိတ်ဓာတ်အထက်တန်းကျသူတွေရဲ့ အရာသာဖြစ်ပါတယ်။

http://www.dhammadownload.com

တန်ဖိုးထားခံရသူ

အများလေးစား မြတ်နိုးအားကိုး တန်ဖိုးထားခံရသူ ဖြစ်လာဖို့ရာ စောင့်စည်းမှုပေါင်းများစွာကို စောင့်စည်းလာရပါတယ်။

မိန်းမတွေ ရှိသလို

ယောကျ်ားတွေထက် တော်တဲ့၊ ကောင်းတဲ့ မိန်းမတွေ ရှိသလို လူကြီးတွေထက် တော်တဲ့ကောင်းတဲ့ လူငယ်ကလေးတွေလည်း လောကမှာ ရှိကြပါတယ်။

လူသိမခံချင်တဲ့

လူသိခံချင်တဲ့ ဒါနထက် လူသိမခံချင်တဲ့ ဒါနက ပိုမိုမြင့်မြတ်ပါတယ်။

အတူတူပါပဲ

နာမည် သေရင် လူ သေတာနဲ့ အတူတူပါပဲ။

ပြန်ချစ်သွားကြတဲ့

ဆင်းရဲပြီးမှ ချမ်းသာရမှုဟာ စိတ်ကောက်ရန်ဖြစ်ပြီး ပြန်ချစ်သွားကြတဲ့ ဇနီးမောင်နှံ သို့မဟုတ် ချစ်သူ (၂) ဦးရဲ့ ခံစားမှုနဲ့ တူပါမယ်။

http://www.dhammadownload.com

မွေရင် မွေသလို

မိုးပေါ်က ကျလာတဲ့ မိုးရည်မိုးပေါက်ဟာ လေတိုက်ခံရရင် အောက်သို့ တန်းတန်းမတ်မတ် မကျပါ။ လေယူရာနောက်ကို ပါသွားရပါတယ်။ လူ့ဘဝဆိုတာလည်း ဖြောင့်ဖြောင့်မတ်မတ် မသွားရပါ။ လောကခံလေ မွေရင်မွေသလို လွင့်ပါးတိမ်းချော်သွားတတ်ပါတယ်။

ဆင်းရဲရဲ့အရသာ

ချမ်းသာပြီးရင်း ချမ်းသာပဲ ဖြစ်နေမယ်ဆိုရင် ဆင်းရဲရဲ့အရသာကို သိနိုင်မယ် မဟုတ်ပါ။ ဆင်းရဲပြီးမှ ရလာတဲ့ ချမ်းသာကို ခံစားရသူဟာ ပိုမိုချမ်းသာရရုံမက ဆင်းရဲအကြောင်း သိရခြင်း အမြတ်ကိုပါ ရရှိပါတယ်။

ခရောင်းလမ်းလည်း

မိုးရွာတဲ့အခါ ရွာ၊ နေပူတဲ့အခါ ပူသလိုဘဝမှာလည်း အဆင်ပြေတဲ့အခါပြေ၊ မပြေတဲ့အခါ မပြေရှိပါတယ်။ ဘဝခရီးမှာ ပန်းခင်းလမ်းချည်းမရှိပါ။ ခရောင်းလမ်းလည်း ရှိစမြဲပါပဲ။

http://www.dhammadownload.com

ဘဝအကြောင်း

အရာရာမှာ လွယ်လွယ်ကူကူနဲ့ ပြည့်စုံနေသူဟာ ဘဝအကြောင်းကို ကောင်းကောင်း နားမလည်ဘဲ ရှိနေတတ်ပါတယ်။

ဆုံးနိုင်ဖွယ် မရှိပါ

သိစရာတွေက မကုန်နိုင်လေတော့ ပညာဆိုတာ သင်ယူလို့ဆုံးနိုင်ဖွယ် မရှိပါ။

အမြဲ ပြောင်းလဲ

မိုးဆိုတာ အမြဲတမ်း မရွာ၊ နေဆိုတာ အမြဲတမ်း မပူ၊ လူလောကမှာလည်း လူဟာ အဆိုးချည်း အမြဲ မတွေ့ရ။ အကောင်းချည်းလည်း အမြဲမတွေ့ရပါ။ အဆိုးအကောင်း အမြဲပြောင်းလဲနေပါတယ်။

ရေစက်ပါလာသူ

ကိုယ်နဲ့ ရေစက်ပါလာသူဟာ ကိုယ့်ရဲ့ပါရမီဖြည့်ဖက် ဖြစ်လာတာ ပါပဲ။

http://www.dhammadownload.com

အချိန်ယူ

လူတစ်ယောက်ကို အချိုးမွမ်းမစော၊ အကဲ့ရဲ့ မစောဘဲ အချိန်ယူသေချာလေ့လာကာ ချီးမွမ်းကဲ့ရဲ့ရင် မှန်နိုင်ပါတယ်။

အရိပ်ပမာ

သေရင် ကိုယ့်နောက် ဘာမှမပါလို့ ဆိုပေမယ့် ကိုယ့်ကုသိုလ်ကံ၊ အကုသိုလ်ကံတွေကတော့ ကိုယ့်နောက်ကို အရိပ်ပမာ တကောက်ကောက် လိုက်ပါနေမှာပါပဲ။

ပြုစုယုယမှု

ငယ်ရွယ်စဉ်အခါ သားသမီးဆိုတာ မိဘရဲ့ပြုစုယုယမှုကို လိုလားခံုမင်ကြပါတယ်။ မိဘတွေကလည်း အသက်ကြီးလာတဲ့အခါ သားသမီးရဲ့ ပြုစုယုယမှုကို ပြန်လည်လိုလား ခံုမင်လာတတ်ကြပါတယ်။

သီလသာ ရှိရင်

ဒါနသာ ရှိပြီး သီလ မရှိရင် ဘဝကောင်းရောက်ဖို့ မလွယ်ပါ။ သီလ သာ ရှိရင် ဒါန မရှိပေမယ့် ဘဝကောင်းကို ရောက်ပါတယ်။

http://www.dhammadownload.com

အရသာတစ်ခု

ကိုယ်လုပ်ချင်တဲ့ မွန်မြတ်တဲ့ လုပ်ငန်းကိစ္စ ပြီးမြောက်အောင်မြင်သွားရင် ဝမ်းသာကြည်နူးရတာက လည်း ထူးခြားတဲ့ အရသာတစ်ခုပါပဲ။ အဲဒီ အရသာထူးကို ကြိုးစားသူတွေ ခံစားကြရပါတယ်။

နေရာမှန်

သစ်ပင်ဟာ နေရာမှန် ရသွားရင် ထွားကျိုင်းသန်မာ ဖွံ့ဖြိုးတယ်။ လူဟာလည်း နေရာမှန် ရသွားရင် ကြီးပွားချမ်း သာသွားနိုင်ပါတယ်။

တန်ဖိုးရှိတဲ့ စကား

ကိုယ့်စကားလေးတစ်ခွန်းကြောင့် ကိုယ့်ကောင်းကျိုး သူ့ကောင်းကျိုး တိုးပွားသွားတယ်ဆိုရင် အဲဒီ စကားလေး တစ်ခွန်းဟာ တန်ဖိုးရှိတဲ့ စကားလေးတစ်ခွန်းပါပဲ။

ကောက်ရိုးမီးပမာ

ကျော်ကြားလာတဲ့ နာမည်ကောင်းလေးကို ကိုယ့်ရဲ့ အပြုကောင်း၊ အပြောကောင်း၊ စိတ်ထားကောင်းတွေနဲ့ ဆက်လက်ထိန်းသိမ်း စောင့်ရှောက်မထားနိုင်ရင် ကောက်ရိုး မီးပမာ ကျော်ကြားမှု ဖြစ်သွားတတ်ပါတယ်။

http://www.dhammadownload.com

လောကဓံလေ

သစ်ပင်တွေက သစ်ရွက်၊ သစ်ခက်တွေဟာ လေတိုက်တိုင်း လှုပ်ရမ်းနေကြပါတယ်။ လောကသား သတ္တဝါတွေရဲ့စိတ်ဟာလည်း လောကဓံလေ တိုက်ခတ်လေတိုင်း တုန်လှုပ်နေတတ်ကြပါတယ်။

အမြင့်ဆုံး သစ်ပင်

အမြင့်ဆုံးသစ်ပင်ဟာ လေတိုက်ခတ်မှု အခံရဆုံးပဲတဲ့။ လူဟာ ဘဝမှာ အခြေအနေ မြင့်လာရင် မြင့်လာသလောက် လောကဓံလေ တိုက်ခတ်ခံရလေပါပဲ။

ရင်မဆိုင်ရသူ

လေတိုက်ခတ်မခံရတဲ့ သစ်ပင်မရှိသလို လောကဓံနဲ့ ရင်မဆိုင်ရ သူဆိုတာလည်း မရှိပါ။

သေလူလို

သူတို့အကျိုးအတွက်သာ ကိုယ့်ကိုအသုံးပြုလိုတဲ့ နယ်ပယ်မှ ကိုယ့်ကို အသိအမှတ်မပြုဘဲ ဝိုင်းပယ်ထားကာ သေလူလို သဘောထားခံရလေလေ ကိုယ့်ဘဝဟာ ရှင်သန်နိုင်လေလေပါပဲ။

http://www.dhammadownload.com

အဲဒီလိုပါပဲ

အနံ့ မမွှေးပေမယ့် အဆင်းလှနေရင် အမြင်ကောင်းလို့ အဲဒီပန်းဟာ တော်ပါတယ်။ အနံ့မွှေးပေမယ့် အဆင်းမလှရင် အနံ့ကောင်းလို့ အဲဒီပန်းဟာလည်း တော်ပါတယ်။ အနံ့လည်း နံစော်၊ အဆင်းလည်း မလှရင်တော့ အဲဒီပန်းဟာရှော်ပါတယ်။ လူဟာလည်း အဲဒီလိုပါပဲ။

လူတော် လူမွန်

အဆင်းလည်း လှ၊ ရနံ့လည်း မွှေးတဲ့ ပန်းနဲ့တူတဲ့ လူကတော့ လူ့လောကမှာ တကယ့် လူတော် လူမွန် တစ်ယောက်ပါပဲ။

ဘာရှိသေးလို့လဲ

ကိုယ်ကျန်းမာပြီး စိတ်ချမ်းသာနေသူတစ်ယောက်ရဲ့ ဘဝမှာ လိုအပ်တာဘာရှိသေးလို့လဲ။

ဝေးအောင်

ကိုယ့်ဘဝပျက်စီးကြောင်းနဲ့ ဝေးအောင်နေနိုင်လေလေ ကိုယ့်ဘဝဟာ ကြီးပွားနိုင်လေလေပါပဲ။

http://www.dhammadownload.com

မကြိုးစားပါလေနှင့်

ပညာမဲ့သူတွေ ကောင်းချီးသြဘာပေးကြပေမယ့် ပညာရှိတွေ ဟန့်တားခြင်းခံရတဲ့ အလုပ်မျိုးကို ဘယ်သောခါမှ လုပ်ဖို့ မကြိုးစားပါလေနှင့်။

တွန့်ဆုတ်မနေပါနှင့်

ပညာမဲ့သူတွေ ကဲ့ရဲ့ရှုတ်ချကြပေမယ့် ပညာရှိတွေ ချီးမွမ်းခံရတဲ့ အလုပ်မျိုးကို ဆက်လုပ်ဖို့ ဘယ်သောအခါမှ တွန့်ဆုတ်မနေပါနှင့်။

မေတ္တာထက်

ပညာမပါတဲ့သူရဲ့ မေတ္တာထက် ပညာပါတဲ့သူရဲ့ မေတ္တာက အဆ ရာ၊ ထောင်၊ သိန်း၊ သန်းမကသာလွန်ပါတယ်။ ကောင်းကျိုးအထွေ ထွေကို ပေးနိုင်ပါတယ်။

ကလောင်တစ်ချောင်း

ကလောင်တစ်ချောင်းက လူသိန်းပေါင်းများစွာကို သုခပေးနိုင်သလို ဒုက္ခလည်း ပေးနိုင်ပါတယ်။

http://www.dhammadownload.com

ခင်မင်စရာ

ရုပ်မလှပေမယ့် ရိုးသားပြီး စိတ်ကောင်းရှိသူဟာ ခင်မင်စရာ ကောင်းပါတယ်။

ရွံစရာ

ရုပ်လှပေမယ့် ကောက်ကျစ်ပြီး စိတ်ထားမကောင်း သူကတော့ ရွံစရာကောင်းပါတယ်။

ပုရွက်ဆိတ်ရဲ့အင်အား

ဆင်ရဲ့အင်အားနဲ့ ပုရွက်ဆိတ်ရဲ့အင်အားဟာ အလွန်ပဲ ကွာခြား လှသလို ပညာရှိရဲ့အင်အားနဲ့ ပညာမဲ့သူရဲ့ အင်အားဟာလည်း အလွန်ပဲ ကွာခြားလှပါတယ်။

မှုဖို့

ပညာမဲ့သူတွေရဲ့ ဝိုင်းပယ်ခံရမှုကို မှုစရာမလိုပေ မယ့် ပညာရှိသူ တွေရဲ့ ဝိုင်းပယ်ခံရမှုကိုတော့မှုဖို့ လိုပါတယ်။

ဖြောင့်မတ်သူ

ရိုးသားဖြောင့်မတ်သူဟာ မာယာ သာဒေယျ မရှိပါ။

http://www.dhammadownload.com

အရိပ် မထင်

ရေနောက်ကျူနေရင် မျက်နှာအရိပ် မထင်၊ စိတ်နောက်ကျူနေရင် အသိဉာဏ်အလင်းမဝင်။

သတ္တိ

ကောင်းတဲ့အလုပ်ကို လုပ်ရဲတဲ့ သတ္တိရှိသူဟာ လူကောင်းပဲဖြစ်ပါတယ်။ မကောင်းတဲ့အလုပ်ကို လုပ်ရဲတဲ့ သတ္တိရှိသူဟာ လူဆိုးပဲ ဖြစ်ပါတယ်။

တွေ့မှပဲ

ဒုက္ခကို မတွေ့သေးခင် ဒုက္ခကို သိပ်မကြောက်လှ၊ တွေ့မှပဲ ကြောက်တတ်ကြတယ်။

ကြိုက်သွားတတ်ကြတယ်

သုခကို မတွေ့ရသေးခင် သုခကို သိပ်မကြိုက်လှ၊ တွေ့မှပဲ ကြိုက် သွားတတ်ကြတယ်။

ပုံမှန် မဟုတ်ပါ

ချမ်းသာကို မလိုချင်သူဟာ ပုံမှန် မဟုတ်ပါ။ ဆင်းရဲကို မကြောက်သူဟာလည်း ပုံမှန်မဟုတ်ပါ။

http://www.dhammadownload.com

ဒုက္ခအဖုံဖုံ

သဒ္ဒါမတူ၊ သီလမတူ၊ ဒါနမတူ၊ တရားအသိပညာမတူကို ကြည်ဖြူ မိပြီး ဘဝခရီးဖော်အဖြစ် လက်တွဲမိလို့ မမျှော်လင့်တဲ့ ဒုက္ခအဖုံဖုံကြုံ တွေ့နေကြရတာကို ကြားသိမြင်တွေ့နေကြရတာဟာ ရင်နာစရာပါပဲ။

ကြာလွန်းတယ်

ကိုယ်ချစ်ခင်ရသူနဲ့ တွေ့ကြုံရတဲ့အချိန်၊ စကားပြောနေရချိန်ဟာ အကုန်မြန်လွယ်တယ်လို့ ထင်မိနေတတ်ကြပါတယ်။ ခွဲခွာနေရတဲ့ ကိုယ်ချစ်ခင်ရသူနဲ့ တွေ့ရမယ့် အချိန်၊ စကားပြောရမယ့်အချိန်ကို စောင့်ဆိုင်းနေခိုက်မှာ အချိန်ဟာ ကြာလွန်းတယ်လို့ ထင်မိနေတတ်ကြပါတယ်။ အဲဒါဟာ လောကီလူသားတွေရဲ့ သဘာဝပါပဲ။

လည်ပင်း (၉) တောင်

ကိုယ်ချစ်ခင်ရသူ လာမယ့်လမ်းကို မှန်းမျှော်ကြည့်နေသူကို လည်ပင်း(၉)တောင် ရှည်တော့မယ်လို့ လောက က ပြောတတ်ပါသေးတယ်။ တကယ်ဟာ အဲဒီလိုပဲ ဆာလောင်တတ်ပါတယ်။

http://www.dhammadownload.com

ပိုင်ဆိုင်ထားကြရင်

တစ်ဦးအပေါ် တစ်ဦး မေတ္တာသက်ဝင်နေသူ (၂) ဦးမှာ တစ်ဦးရဲ့စိတ်ကို တစ်ဦးက သိနိုင်တဲ့ ဉာဏ်ပညာ ပိုင်ဆိုင်ထားကြရင် ဘာအဆက်အသွယ်မှ ပြုလုပ်နေဖွယ် မလိုတော့ပါ။

ဘေးခိုတ်

ချစ်ခင်စွဲလမ်းသွားမိပြီဆိုရင် ရုပ်ဆိုးမှု၊ အသက်ကွာခြားမှု၊ အဆင့်အတန်း ကွာခြားမှု၊ အိမ်ထောင်ရှိမှု စသည်တွေကို ဂရုမစိုက်နိုင် ဖြစ်သွားတတ်ကြပါတယ်။ ဘေးခိုတ်ထားတတ်ကြပါတယ်။

တိမ်းညွတ်သွားတတ်

ကိုယ်အထင်ကြီးထားသူတစ်ယောက်နဲ့ နီးစပ်မှု၊ မြင်တွေ့မှုများရင်သူ့အပေါ် စိတ်တိမ်းညွတ်သွားတတ်ပါတယ်။

အန္တရာယ်ပါပဲ

အမျိုးသမီး၊ အမျိုးသားတွေဟာ လက်တွဲလိုကြရင် နီးစပ်မှုဟာ အကောင်းဆုံး အခွင့်အရေးပါပဲ။ လက်မတွဲလိုကြရင်တော့ အဆိုးဆုံး၊ ကြောက်စရာအကောင်းဆုံး အန္တရာယ်ပါပဲ။

http://www.dhammadownload.com

မြွေပွေးကို ခါးပိုက် ပိုက်

ကိုယ်မနှစ်ခြိုက်သူနဲ့ ကိုယ့်သမီးက နီးစပ်မှုရှိနေရင် ကိုယ့်သမီးဟာ မြွေပွေးကို ခါးပိုက်ပိုက်ထားသူပမာ ဖြစ်နေပါတော့တယ်။

ရှုက်စရာ

လမ်းကြောင်းမှားလို့ ကိုယ်သတိပေးခံထားရသူက ကိုယ့်ကို ပြန်ပြီး သတိပေးခံရတဲ့ အနေအထားမျိုးသို့ ကိုယ်က ရောက်သွားအောင် လမ်းကြောင်းမှားသွားရင် အလွန်ပဲ ရှုက်စရာကောင်းလှပါတယ်။

အမေနဲ့ သားကိုတောင်

အတွေ့အမြင်များရင် အမေနဲ့သားကိုတောင် လင်မယားဘဝ ရောက်စေနိုင်တာမို့ အတွေ့အမြင်များမှုရဲ့ ဆိုးကျိုးပေးနိုင်စွမ်းအားဟာ အလွန်ပဲ ကြောက်စရာကောင်းလောက်အောင် ပြင်းထန်လှပါတယ်။

ဖုကြီးဟာ ပျောက်ကွယ်

အတွေ့အမြင်များလို့ ခင်မင်သွားရင် မျက်နှာမှာ ဖုကြီးရှိသူရဲ့ ဖုကြီးဟာ ပျောက်ကွယ်သွားတတ်ပါသတဲ့။ ချစ်ခင်သွားရင် အပြစ်မမြင်နိုင်တော့တဲ့ သဘောပါပဲ။

http://www.dhammadownload.com

အရှက်တကွဲ အကျိုးနည်း

မနီးစပ်သင့်သူနဲ့ နီးစပ်သွားရင် မိန်းကလေးမှာ အရှက်တကွဲ အကျိုးနည်း ဖြစ်သွားတတ်ပါတယ်။ လူတွေ အလယ်မှာ ဦးခေါင်း မဖော်ရဲအောင် ဖြစ်သွားတတ်ပါတယ်။ အဲဒီလို ဖြစ်ရပ်တွေက လောကကြီးမှာ ဒုနဲ့ဒေးပါပဲ။

ကိုယ့်ရဲ့တာဝန်ပါပဲ

ကိုယ့်ကို အထင်သေး၊ အမြင်သေးနဲ့ မှိုချိုးမျှစ်ချိုး ပြောကြတဲ့ စကားတွေကို ကြားရတဲ့အခါ သူတို့ပြောတဲ့ အတိုင်း မဖြစ်အောင် သတိထားဖို့က ကိုယ့်ရဲ့တာဝန်ပါပဲ။

ကြိုတင်ကာကွယ်

ရောဂါဆိုတာ ဖြစ်လာမှ ကုစားရတာထက် မဖြစ်ခင် ကြိုတင် ကာကွယ်တာကပဲ ကောင်းပါတယ်။ ချစ်ရေးချစ်ရာ ပြဿနာဟာလည်း အဲဒီလိုပါပဲ။

သောကရောက်နေရရင်

သူ့ရဲ့ နေရေးထိုင်ရေးနဲ့ ပတ်သက်ပြီး ကိုယ့်မှာ သောကရောက်နေ ရရင် သူ့အပေါ် ကိုယ်က သံယောဇဉ် ရှိနေလို့ပါပဲ။ ပိယတော ဇာယတေသောကော-အချစ်ကြောင့် သောကဖြစ်ရတယ်လို့ ဘုရားဟော တော်မူခဲ့ပါတယ်။

http://www.dhammadownload.com

ဆူးမငြိဘဲ

ခလုတ်မထိ၊ ဆူးမငြိဘဲ ရတဲ့ ပညာရေးကသာ မိဘတွေရော ကိုယ့်အကျိုးလိုလားသူတွေပါ စိတ်အေးစရာဖြစ်ရပါတယ်။

ဆူးငြိပြီးမှ

ခလုတ်ထိ၊ ဆူးငြိပြီးမှ ရလာမယ့်ပညာရေးကတော့ ကိုယ့်အတွက်ရော ကိုယ့်အသိုင်းအဝိုင်းအတွက်ပါ ရင်လေးစရာဖြစ်ပါတယ်။

သေသူ သေ

သံယောဇဉ်ကြောင့် စားမဝင်၊ အိပ်မပျော်ဖြစ်ကာ ဘဝပျက်သူ ပျက်၊ သေသူ သေ၊ ရူးသူ ရူးကြပါတယ်။

ကိုယ့်လိပ်ပြာ

ကိုယ်က မကောင်းတာတစ်ခုခုကို ပြုလုပ်ထားမိရင် ဝိုင်းစုပြီး စကားပြောနေတဲ့ လူတွေကို တွေ့လေတိုင်း ကိုယ့်မကောင်းကြောင်း၊ ကိုယ့် အတင်းကို ပြောနေကြတယ်လို့ ထင်နေမိတတ်ပါတယ်။ ကိုယ့်လိပ်ပြာ ကိုယ်မလုံ ဖြစ်နေတာပါပဲ။

http://www.dhammadownload.com

ကပ်လျက် ပါလာတတ်

မကောင်းတဲ့ အလုပ်၊ မကောင်းတဲ့ အပြော၊ မကောင်းတဲ့ အတွေ့အကြုံရဲ့နောက်မှာ နောင်တပူပန်ရမှုဟာ ကပ်လျက် ပါလာတတ်ပါတယ်။

မတိမ်းစောင်းဖို့

ကိုယ့်ဘဝလမ်းကြောင်း မတိမ်းစောင်းဖို့ရာ အရေးအကြီးဆုံးအရာက ကိုယ့်သတိနဲ့ ကိုယ့်ဆင်ခြင်ဉာဏ်ပါပဲ။

ပန်းကောင်း အညွှန့်ကျိုး

မိန်းကလေးတွေမှာ ပန်းကောင်းအညွှန့်ကျိုး အဖြစ်ဆိုးသို့ ရောက်ရတာဟာ သတိနဲ့ဆင်ခြင်ဉာဏ်ကင်းမဲ့ကြလို့ပါပဲ။

ယူကြုံးမရ

ကြီးမားလှတဲ့ အန္တရာယ်ကို အသေးအမွှား၊ အရေးမထားလောက်ပါလို့ သဘောထားရင် ကြီးမားလှတဲ့ အန္တရာယ် ဆိုက်ရောက်လာခါမှ ယူကြုံးမရ အပူလုံးတွေထ ကာ နောင်တအကြီးအကျယ် ရတတ်ကြပါတယ်။ နောင်မှ ရတဲ့ နောင်တဟာ အန္တရာယ်ကို အလေးမမူသူတွေမှာ ဖြစ် တတ်ပါတယ်။

http://www.dhammadownload.com

မပွန်းမပဲ့စေရ

ကိုယ်လိုချင်တဲ့ ပညာရေးကြောင့် ကိုယ့်ဂုဏ်သိက္ခာကျဆင်းဖို့ ဖြစ်မယ်ဆိုရင် အဲဒီပညာရေးကိုပဲ ဆုံးရှုံးခံရပါမယ်။ ကိုယ့်ဂုဏ်သိက္ခာကိုတော့ မပွန်းမပဲ့စေရပါ။ မထိခိုက်စေရပါ။ မကျဆင်းစေရပါ။

ကျန်ခြေရှင်

ရွှေပေးလို့ မရနိုင်တဲ့ မိန်းကလေး ကျန်ခြေ၊ မိန်းကလေးသိက္ခာကို ငွေပေးရင်ရနိုင်တဲ့ လောကီပညာနဲ့ ကျန်ခြေရှင်၊ သိက္ခာရှင် မိန်းကလေးတွေဟာ မလဲလှယ်သင့်ကြပါ။

သင်ခန်းစာယူကာ

ကိုယ့်အမှားကို အမှားမှန်းသိပြီး သင်ခန်းစာယူကာ နောင်မမှားမိအောင် ကြိုးစားရပါတယ်။

မကောင်းတဲ့ အလုပ်

နောင်တပူပန်မှုဖြစ်စေတဲ့ အလုပ်မျိုးကို မကောင်းတဲ့ အလုပ်လို့ ပညာရှိသူတော်ကောင်းတွေက သတ်မှတ်ကြပါတယ်။

http://www.dhammadownload.com

မောင်ပြီးရင်

မုန်တိုင်းထန်ပြီးရင် လေပြည်လေညင်း လာတတ်ပါတယ်။ မောင်ပြီးရင် အလင်းလာပါတယ်။ ဒုက္ခပြီးရင် ဒုက္ခနောက်မှာ သုခလိုက်လာပါမယ်။

သုံးသပ်ဆင်ခြင်ပြီး

ဘဝအတွေ့အကြုံတွေကို သုံးသပ်ဆင်ခြင်ပြီး သင်ခန်းစာယူကာ ဘဝခရီးကို ဆက်လက်လျှောက်လှမ်းရပါတယ်။

အတော်ဆုံးပါပဲ

တစ်ခါ မှားပြီး နောင်မမှားအောင် စောင့်စည်းနိုင်ရင် လူတော်ပါပဲ။ တစ်ခါမှ မမှားအောင် ထိန်းသိမ်းနိုင်ရင်တော့ အတော်ဆုံးပါပဲ။

စကားလေးတစ်ခွန်းကြောင့်

စကားလေးတစ်ခွန်းကြောင့် တစ်ဦးနဲ့တစ်ဦး ခင်မင်မှု ဖြစ်သွားတတ်သလို ခင်မင်မှုလည်း ပျက်သွားတတ်ပါတယ်။

http://www.dhammadownload.com

ထွက်ပေါက်

အခက်အခဲ၊ ပြဿနာတွေကို ရင်ဆိုင်ကြုံတွေ့လာရတဲ့အခါ ဖြေ ရှင်းနည်း သိတဲ့ဉာဏ်ဟာ ထွက်ပေါက်ပါပဲ။

ထောင်တန်တဲ့ ကိုယ့်စကား

ကိုယ့်ရဲ့ စကားလုံးလေးကို မှားယွင်းစွာ သုံးစွဲမိမှုကြောင့် ထောင်တန်တဲ့ ကိုယ့်စကားကောင်းတွေဟာ ကြားရသူရဲ့နှားမှာ ပေါ့သွားတတ် ပါတယ်။

ရှော်နေတာလည်း

တော်မယ်လို့ မထင်ရသူက တော်နေတတ်ပြီး တော်မယ်လို့ ထင်ရသူက ရှော်နေတာလည်း ရှိပါသေးတယ်။

ရှက်ဖွယ်လိလိ

မဆင်မခြင် ပြောမိတဲ့ စကားတစ်ခွန်းကြောင့် ရှက်ဖွယ်လိလိ ဖြစ် နေရတတ်ပါတယ်။

မီးကို ကိုင်ဖို့

ရှက်ဖွယ်ကောင်းတဲ့ အမှုတစ်ခုကို နောက်ထပ် ပြန်ပြုလုပ်ဖို့ရာ မီးကို ကိုင်ဖို့ ကြောက်ရွံ့တဲ့သူပမာ ကြောက်ရွံ့နေရပါမယ်။

http://www.dhammadownload.com

ပါရမီဖြည့်ဖက်

ကိုယ့်ကို ကူညီသူတွေကို ကိုယ့်ရဲ့ပါရမီဖြည့်ဖက်တွေပမာမှတ်ယူရပါတယ်။

အပူ၊ အပုပ်

ခန္ဓာကိုယ်မှာ အပူ၊ အပုပ်ကင်းစင်ရင် ကျန်းမာတယ်။ စိတ်မှာလည်း ကိလေသာ အပူ၊ အပုပ် ကင်းစင်ရင် ချမ်းသာပါတယ်။

ပူပင်နေရင်

စိတ်ပူပင်နေရင် စိတ်လည်း မချင်၊ ရုပ်လည်း မကြည်လင်။ ပြဿနာဖြေရှင်းရင်လည်း မပီပြင်။

အနည်းငယ် ဖျားနေရုံမျှနဲ့

ကိုယ်နဲ့ပတ်သက်မှု မရှိသူတွေ သေချင်သလောက် သေနေပါစေ။ ကိုယ့်မှာ ဘာသောကမှ မရောက်ပါ။ ကိုယ်ချစ်ခင်သူမှာ အနည်းငယ် ဖျားနေရုံမျှနဲ့ ကိုယ့်မှာ ပူပင်သောကရောက်နေရတတ်ပါတယ်။

http://www.dhammadownload.com

လုံးဝ အပြစ်မရှိပါ

မြွေက ဖားကို ကိုက်နေရာမှာ ဖားလေးဟာ 'တပြိုပြိ' နဲ့ အော်နေ ရှာတယ်။ ဖားလေးသေဘေးမှ လွတ်မြောက်စေလို သူက မြွေကို ခဲနဲ့ပေါက်လိုက်တယ်။ ဖားလေး သေဘေးမှ လွတ်သွားရှာတယ်။ ဆရာဝန်က ရောဂါရှင်ရဲ့ ရောဂါကို ကုသပေးရာ ရောဂါပိုးတွေကို ဆရာဝန်က သတ်လိုတဲ့ စေတနာမရှိဘဲ ရောဂါကိုသာ ကင်းဝေးသွားစေလိုတဲ့ စေတနာနဲ့ ကုသပေးလိုက်တယ်။ ခဲနဲ့ မြွေကို ပေါက်လိုက်သူ ရော၊ ဆရာဝန်ပါ အပြစ်မရှိပါ။ မိန်းကလေးတစ်ယောက် မငြိစွန်းသင့်သူနဲ့ မေတ္တာသက်ဝင်နေကြရာ မိန်းကလေး အကျိုးကို လိုလားသူက ဟန့်တားလိုက်ရာ ဟန့်တားသူမှာ လုံးဝအပြစ်မရှိပါ။

တရားရေအေး

စိတ်ဆင်းရဲလို့ ပူလောင်နေတဲ့ ရင်ကိုအေးသွားစေ ဖို့ရေကို သောက် လည်း မအေး။ ရေကို ချိုးလည်း မအေး။ ရေခဲတင်လည်း မအေး။ အအေးခန်းထဲဝင်လည်း မအေး။ သူတော်ကောင်း တရားရေအေး သောက်သုံးပေးပါမှ အေး သွားနိုင်ပါတယ်။

http://www.dhammadownload.com

သာယာဖြောင့်ဖြူးပါစေ

သူ့အမှားကြောင့် သောကကို ရင်မှာပိုက်ကာ ခေါင်းငိုက်စိုက်ကျပြီး ညှိုးငယ်တဲ့ မျက်နှာနဲ့ မိမိထံက ထွက်ခွာသွားသူလေးကို ကြည့်ကာ သူ့အကျိုးကို လိုလားသူရဲ့ရင်မှာ ဘယ်မှာ ရွှင်ပျနိုင်ပါ့မလဲ။ သူလေးရဲ့ ဘဝခရီး သာယာဖြောင့်ဖြူးပါစေလို့သာ ဆုတောင်းနေမိမှာပါ။

ကြားလို့ မဝ

ကိုယ့်အပေါ် ကရုဏာသက်နေသူရဲ့ အကြင်နာစကားလေးတွေ ဟာ ကိုယ့်နားထဲမှာ ကြားလို့ မဝနိုင်အောင် ရှိနေတတ်ပါတယ်။

တသွင်သွင် စီးနေတဲ့

ကိုယ့်အပေါ် မေတ္တာသက်ဝင်နေသူရဲ့ မေတ္တာစကားလေးတွေဟာ ကိုယ့်နှလုံးသားထဲမှာ တသွင်သွင် စီးနေတဲ့ စမ်းရေလေးတွေပမာ အေးမြ ကြည်လင် ရွှင်ပျတက်ကြွသွားစေနိုင်ကြပါတယ်။

http://www.dhammadownload.com

လပမာ

အမှားကိုသိပြီး အမှန်လမ်းပေါ် လျှောက်လှမ်းနေသူဟာ တိမ်တိုက်ထဲက ထွက်လာတဲ့ လပမာ တင့်တယ်ပါတယ်။ လောကကို အလင်းရောင်ပေးနိုင်ပါတယ်အေးချမ်းစေနိုင်ပါတယ်။

လေးစားစရာအကြံ

ကိုယ်အကြံပေးတာကို တလေးတစား ခံယူနေသူအား လေးစားစရာအကြံတွေကို ဆက်လက်ပေးနိုင်ဖို့လိုပါတယ်။

မောတယ်လို့

သိချင်နေသူအား သိစေချင်တာလေးကို ပြောပြောနေရတာဟာ မောတယ်လို့ မထင်မှတ်နိုင်ပါ။ ယူချင်နေသူအား ပေးရတာဟာ ပေးရကျိုးနပ်ပါတယ်။

နားသုခ၊ စိတ်သုခ

စိတ်ဆင်းရဲရရာ နယ်ပယ်မှ စိတ်ဆင်းရဲရစရာအကြောင်းအရာ အသွယ်သွယ်ကို မကြား၊ မသိရတာဟာ နားသုခ၊ စိတ်သုခ ရရှိပါတယ်။

http://www.dhammadownload.com

မြှုဆွယ်တဲ့အနေ

မိန်းကလေးသဘာဝအရ လှချင်၊ ပခုင်ကြပေမယ့် အန္တရာယ်ကို မြှုဆွယ်တဲ့အနေ မရောက်အောင်တော့ မိန်းကလေးတိုင်း သတိရှိကြရပါမယ်။

သံယောဇဉ်အမှတ်အသား

ကိုယ့်အပေါ် သံယောဇဉ်ရှိနေသူရဲ့ သံယောဇဉ်ကို သံယောဇဉ်ရှိခံရသူက သိနိုင်၊ နားလည်နိုင်ပါတယ်။ သံယောဇဉ်အမှတ်အသားဟာ သံယောဇဉ်ရှိနေသူမှာပေါ် လွင်နေပါတယ်။

ကိုယ်ထမင်းဝရမယ့် အလုပ်

သူတစ်ပါးကို ညှဉ်းဆဲ၊ သူတစ်ပါးအသက်ကို သတ်ပြီးမှ ကိုယ်ထမင်းဝရမယ့် အလုပ်မျိုးကို အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေဟာ ရှောင်ရှားကြရပါတယ်။

မျက်ရည်ကျရမှ

သူတစ်ပါး မျက်ရည်ကျရမှ ကိုယ်ထမင်းဝရမယ့် အလုပ်မျိုးကို သူတော်ကောင်းတွေက မလုပ်လိုကြပါ။

http://www.dhammadownload.com

သာယာစိုပြည်အောင်

အတွေးကောင်း၊ အကြံကောင်း၊ ဉာဏ်ကောင်းတွေနဲ့ လောက ကြီးကို သာယာစိုပြည်အောင် ဖန်တီးနိုင်တာမို့ အတွေးကောင်းတွေကို များများ တွေးသင့်ကြပါတယ်။ အကြံကောင်းတွေကို များများကြံသင့်ကြပါတယ်။ ဉာဏ်ကောင်းတွေကို များများမွေးမြူသင့်ကြပါတယ်။

ကျန်းမာနိုင်ပါတယ်

ရာသီဥတုအားလျော်စွာ နေထိုင်တတ်၊ စားသောက်တတ်၊ ဝတ်ဆင်တတ်မှ ကျန်းမာနိုင်ပါတယ်။

တစ်နေ့မှာ တစ်ခါလောက်တော့

ကိုယ်အင်မတန် ချစ်ခင်ရသူတွေ၊ ကိုယ် အင်မတန် နှစ်သက်ရတဲ့ အရာဝတ္ထုတွေနဲ့ ခွဲခွာရမယ့် အချိန်အခါလေးကို မတွေးချင်ပေမယ့် တစ်နေ့မှာ တစ်ခါလောက်တော့ အနည်းဆုံး ကြုံတင်ပြီး တွေးတွေးပေးသင့်ပါတယ်။

http://www.dhammadownload.com

ကြက်ပျောက် ငှက်ပျောက်

သေခါနီးမှာ ခံစားရတဲ့ဒုက္ခဝေနာဟာ အလွန်အကဲ ပြင်းထန် တတ်တယ်လို့ ပြောကြလို့ အဲဒီဒုက္ခဝေဒနာ ကို ခံနိုင်ရည်ရှိရှိနဲ့ ရင်ဆိုင်နိုင်ဖို့ သတိ (ရှုမှတ်မှု)ကို အင်အား ကောင်းစွာ စုဆောင်းမထားပါရင် အဲဒီအခါ အဲဒီသတိဟာ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားဖွယ် ရှိပါတယ်။

ပြောင်းပြန်အခြေအနေ

အသိမှား၊ အထင်မှားပြီး စိတ်ဆင်းရဲရမှုနဲ့ အသိ မှား၊ အထင်မှားပြီး စိတ်ချမ်းသာရမှုတွေဟာ အသိမှန်၊ အထင်မှန်ရသွားရတဲ့အခါ ပြောင်း ပြန်အခြေအနေသို့ ဆိုက် ရောက်သွားကြပါတယ်။

အားရပါးရပြုစု

မိဘတွေ သေသွားခါမှ နောင်တရ၊ မျက်ရည်ကျရမှု မဖြစ်ရအောင် သူတို့အသက်ရှင်နေတုန်းမှာ သူတို့ချမ်းသာ ရအောင် အားရပါးရပြုစု စောင့်ရှောက်ပေးဖို့ သားကောင်း၊ သမီးကောင်းတွေက သိနားလည်ကြပါတယ်။

http://www.dhammadownload.com

အတက်၊ အကျ

လူတွေဆိုတာ အထင်သေးခံရရင် သဘောမကျ။ အထင်ကြီးခံရ ရင်တော့ သဘောကျတယ်။ အထင်ကြီးတာ သေးတာတွေကို ခံနိုင် ရည်ရှိအောင် လေ့ကျင့်ထားရပါမယ်။ စိတ်ဓာတ်အတက်၊ အကျ မရှိ အောင် သတိထားရပါတယ်။

မျက်နှာငယ်ရ

ကိုယ်က ပေးရတဲ့အခါ မျက်နှာမငယ်ရပေမယ့် ကိုယ်က ယူရတဲ့အခါ မျက်နှာငယ်ရတတ်ပါတယ်။

မျက်နှာပူရ

သူ ပေးချင်ပါတယ်ဆိုလို့ သွားယူရတဲ့အခါမှာ ဖြစ်စေ၊ ကိုယ်က ကိုယ်လိုချင်လို့ သွားယူတဲ့အခါမှာ ဖြစ်စေ ယူရမယ့်ဟာကို မရရင် မျက်နှာပူရတတ်ပါတယ်။

အပြောလိမ္မာရင်

ကြီးကျယ်တဲ့ ပြဿနာ ဖြစ်နေပေမယ့် အပြောလိမ္မာရင် ပြဿနာဟာ သေးငယ်သွားတတ်ပါတယ်။ ပျောက်ကွယ်ရင်လည်း ပျောက်ကွယ်သွားတတ်ပါတယ်။

http://www.dhammadownload.com

တောင်တက်ရသလိုပါပဲ

ပညာသင်ယူရတာဟာ တောင်တက်ရသလိုပါပဲ တဲ့။ တောင်တက်ရင် တစ်ထပ်ချင်းတက်ရတယ်။ ပညာသင်ယူရင် နည်းနည်းချင်း သင်ယူရပါတယ်။

ဆည်းလည်းသံလေးပမာ

အိမ်တစ်အိမ်မှာ သားလေးအသံ၊ သမီးလေးအသံတွေဟာ ဆည်းလည်းသံလေးပမာ ချိုသာတယ်ဆိုရင် ဘုန်းကြီးကျောင်း စာသင်တိုက်တွေမှာ ကိုရင်လေး၊ ဖိုးသူတော်လေးတွေရဲ့ စာကျက်၊ စာတက်သံ၊ ဘုရားဝတ်တက်သံ၊ မေတ္တာပို့သံ၊ အမျှဝေသံတွေဟာလည်း အဲဒီကျောင်းရဲ့ဆည်းလည်းသံလေးတွေပဲပေါ့။

ပေးသွားမှာပါပဲ

ကိုယ့်ကို ကူညီပံ့ပိုးကြသူတွေရဲ့ စေတနာတွေက သူတို့အား ကောင်းကျိုးတွေကို ပေးသွားမှာပါပဲ။ သူတို့မှာ ကောင်းကျိုးတွေ များများရအောင် လုပ်ရမှာက ကိုယ့်ဘက် (အလှူခံပုဂ္ဂိုလ်ဘက်)က ကောင်း ကောင်း နေပေးဖို့ပါပဲ။

http://www.dhammadownload.com

ပြူပြင်ပေးမှုအပေါ်မှာ

တပည့်တွေ စည်းကမ်းတကျနေတတ်၊ ထိုင်တတ်၊ သွားလာတတ်၊ ပြောဆို ဆက်ဆံတတ်၊ ဝတ်ရုံတတ်မှုဟာ ဆရာတွေရဲ့ ဆုံးမသွန်သင် ပြုပြင်ပေးမှုအပေါ်မှာ မူတည်ပါတယ်။ သားသမီးအတွက် မိဘအပေါ်မှာ၊ နောက်လိုက်တွေအတွက် ခေါင်းဆောင်အပေါ်မှာ မူတည်ပါတယ်။

ပရမ်းပတာ

အကွပ်မရှိတဲ့ ကြမ်းဟာ ပရမ်းပတာ ဖြစ်သလို စည်းကမ်းမရှိတဲ့ ကျောင်းပဲ ဖြစ်ဖြစ်၊ အိမ်ပဲဖြစ်ဖြစ် ပရမ်းပတာ ဖြစ်တာပါပဲ။

ဖြစ်ဆဲကံကိုတော့

အနာဂတ်ဘဝခရီးမှာ ကိုယ့်ကံအကျိုးပေးကောင်းမယ်၊ မကောင်းမယ်ဆိုတာ အတိအကျ မသိနိုင်ပေမယ့် ကိုယ့်သန္တာန်မှာဖြစ်ဆဲကံကိုတော့ ကုသိုလ်လား၊ အကုသိုလ်ခွဲခြားသိနိုင်ပါတယ်။

http://www.dhammadownload.com

စည်းကမ်းရှိတဲ့နေရာ

တိတ်ဆိတ်မှု၊ ငြိမ်သက်မှု၊ သပ်ရပ်မှု၊ သန့်ရှင်းမှု တွေဟာ စည်းကမ်း ရှိတဲ့နေရာတစ်ခု ဖြစ်ကြောင်း ဖော်ပြနေတဲ့ အမှတ်အသားတွေပါပဲ။

ပြုပြင်နိုင်ပါတယ်

ကိုယ်ကိုယ်တိုင်က သပ်သပ်ရပ်ရပ်၊ သန့်သန့်ရှင်းရှင်း နေတတ်၊ ထိုင်တတ်မှ သူတစ်ပါးကိုလည်း သပ်သပ်ရပ်ရပ်၊ သန့်သန့်ရှင်းရှင်းနေတတ်၊ ထိုင်တတ်အောင် ပြောပြနိုင်၊ ပြုပြင်နိုင်ပါတယ်။

ကိုယ်ရောစိတ်ပါ

တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ အတွင်း စိတ်သန့်ရှင်းရေး လုပ်နိုင်သူဟာ ကိုယ်ရောစိတ်ပါချမ်းသာတာပါပဲ။

စာရေးဆရာတွေရဲ့ ဆန္ဒပဲ

မသေခင်ကာလလေးမှာ လောကအကျိုးပြု၊ သာသနာအကျိုးပြု စာပေတွေကို စွမ်းနိုင်သမျှ ရေးသားသွားချင်တာဟာ လောကကိုရော သာသနာကိုပါ အကျိုးပြုချင်တဲ့ စာရေးဆရာတွေရဲ့ ဆန္ဒပဲဖြစ်ပါတယ်။

http://www.dhammadownload.com

လူ့ဘဝက သာလွန်

ခွေးမှာ ဒါနကို မသိ၊ ဒါန မရှိ။ သီလကို မသိ၊ သီလ မရှိ။ ဘာဝနာ ကို မသိ၊ ဘာဝနာ မရှိ။ လူမှာတော့ ဒါန၊ သီလ၊ ဘာဝနာတွေကို သိနိုင်တယ်။ ရှိနိုင်တယ်။ ဒါနဲ့ပဲ ခွေးဘဝ ထက် လူ့ဘဝက သာလွန်နေပါတယ်။

သူတော်ကောင်း

ကိုယ့်ကျေးဇူးရှင်တွေရဲ့ ကျေးဇူးအထွေထွေကို အောက်မေ့နေ တတ်၊ ထုတ်ဖော်နေတတ်၊ ပြန်ဆပ်နေတတ်မှ သူတော်ကောင်း ပီသပါ တယ်။

အပြစ်အနာအဆာ

ကိုယ့်ရဲ့ တစ်နေ့တာ အပြု၊ အပြော၊ အတွေးအကြံ တွေမှာ အပြစ် အနာအဆာပါ။ မပါနေ့စဉ် စစ်ကြောဆင်ခြင်ကာ ပါခဲ့ရင် ဆေးကြောသုတ်သင် ပြုပြင်ပေးရပါမယ်။

အပြောခက်

အပြော လွယ်သလောက် အလုပ်ခက်တာရှိသလို အလုပ်လွယ် သလောက် အပြောခက်တာလည်း ရှိပါတယ်။

http://www.dhammadownload.com

ဟန်ဆောင်မှု

လူချမ်းသာတွေကလည်း လူဆင်းရဲပမာ ဟန်ဆောင်နေထိုင် တတ်သလို လူဆင်းရဲတွေကလည်း လူချမ်းသာပမာ ဟန်ဆောင်နေထိုင်တတ်ကြပါတယ်။ ဘယ်ဟန်ဆောင်မှုက ကောင်းပါသလဲ။

အံ့သြစရာပဲနော်

မိဘတွေဆိုတာ မိဘတွေအား ဒုက္ခအမျိုးမျိုးပေးတဲ့ သား၊ သမီးတွေကိုတောင် ချစ်ခင်နှိုင်ကြတာဟာ အံ့သြစရာပဲနော်။ ကိုယ့်သား၊ သမီးမဟုတ်သူက ကိုယ့်ကို ဒုက္ခမျိုးစုံပေးလာခဲ့ရင် ဘယ်လိုမိဘက အဲဒီလူကို သည်းခံခွင့်လွှတ်နိုင်မှာလဲ။

မကြွားမဝါဘဲ

အဝတ်အစားစတဲ့ကြွားစရာတွေမှာ အကြွားသန်လှတဲ့ လူလောကထဲ မကြွားမဝါဘဲ နေထိုင်တတ်သူကတော့ အနည်းငယ်ပဲ ရှိပါ မယ်။ ရှိတော့ရှိတယ်။ ရှားတယ်။

အကြိုက်

များသောအားဖြင့် လူတွေဟာ အကြိုက်ချင်းမတူတာကဘဲ များပါတယ်။ အကြိုက်ချင်းတူတာ တွေလည်း ရှိပါတယ်လေ။

http://www.dhammadownload.com

ပြန်လှည့်ရိုး

အခက်အခဲ တွေ့ရတဲ့အခါ အနည်းငယ်တွန့်ဆုတ်ချင် တွန့်ဆုတ်သွားပေမယ့် ဇွဲသတ္တိရှိသူတွေဆိုတာ နောက်ကြောင်း ပြန်လှည့်ရိုး မရှိကြပါ။

နေဖို့ အရေးကိုသာ

လူတွေဟာ သေဖို့အရေး မတွေးနိုင်ကြဘဲ နေဖို့ အရေးကိုသာ တွေးကာလုံးပမ်းနေကြရရှာပါတယ်။

တိုးလေ ကောင်းလေ

ကိုယ့်မှာရှိထားတဲ့ အသိအလိမ္မာတွေကို သူတစ်ပါး အား ပေးဝေ၍ ရသလို ကိုယ့်မှာ မရှိသေးတဲ့ အသိ၊ အလိမ္မာ တွေကိုလည်း ရအောင်ယူရပါသေးတယ်။ အသိအလိမ္မာ ဆိုတာ တိုးလေကောင်းလေ ဖြစ်တာမို့ တိုးသည်ထက်ပိုတိုး အောင် ကြိုးစားရပါတယ်။

ကိုယ်ပါဝင်အောင်

လောကကြီးကို လှုပအောင် ပြုလုပ်နေကြသူတွေ ရှိသလို အကျည်းတန်အောင် လုပ်နေကြသူတွေလည်း ရှိကြ ပါတယ်။ လှုပအောင် လုပ်ပေးနေသူတွေထဲမှာ ကိုယ်ပါဝင် အောင် ကြိုးစားရပါမယ်။

http://www.dhammadownload.com

ချင့်ချိန်ကာ

လူတွေဆိုတာ လိုတစ်မျိုး၊ မလိုတစ်မျိုး ပြောဆို တတ်ကြတာမို့ နဂိုအတိုင်းမဟုတ်ဘဲ အပို၊ အလို၊ အချို့၊ အခဲ့၊ အလျော့၊ အတိုး ရှိလာခဲ့ရင် ချင့်ချိန်ကာ ယုံတတ်ဖို့ဟာ ပညာရှိတွေရဲ့ တာဝန်ပဲဖြစ်ပါတယ်။

အရေအတွက်ဆိုတာ

ပိုက်ဆံတစ်ရာ ပေးဖို့ မစွမ်းနိုင်သူအတွက် ပိုက်ဆံ တစ်ရာဟာ များလှပါတယ်။ သိန်းပေါင်းများစွာ ချမ်းသာသူ အတွက် တစ်သိန်းဟာ မုန့်ဖိုးလောက်ပဲ ရှိပါမယ်။ အရေ အတွက်ဆိုတာ အင်အားအပေါ်မှာ တည်မှီနေပါတယ်။

လူကောင်း

အပြုကောင်း၊ အပြောကောင်း၊ အကြံကောင်းတွေ ကို မပြု၊ မပြော၊ မကြံနိုင်သေးသမျှ လူကောင်း လုံးဝမဖြစ် နိုင်ပါ။

ညစ်ညမ်းလေ

လေကောင်းလေသန့်ရဲ့ ကောင်းကျိုးနဲ့ ညစ်ညမ်း လေရဲ့ ဆိုးကျိုးဟာကွာခြားသလို စိတ်ကောင်းရဲ့ ကောင်းကျိုး နဲ့ စိတ်မိုက်ရဲ့ ဆိုးကျိုး ဟာလည်း ကွာခြားပါတယ်။

http://www.dhammadownload.com

ရှိခဲ့ရင်

သူတစ်ပါး စိတ်ဆင်းရဲသွားအောင် နောက်ချင်၊ ပြောင်ချင်၊ စချင်၊ ကလိချင်တဲ့စိတ် ရှိခဲ့ရင် မရှိအောင် လုပ်ရပါတယ်။

ယုံလွယ်တတ်လွန်းတာ

မဆင်မခြင် ယုံလွယ်တတ်လွန်းတာဟာ ဒုက္ခရောက်ဖို့ အားကောင်းတဲ့ အကြောင်းပါပဲ။

မောဟကြောင့်

အလိမ်ခံရတာဟာ အလိမ်ခံရသူရဲ့ လောဘ၊ မောဟကြောင့်ပါပဲ။

သီလရဲ့ကျေးဇူး

လိမ်ညာပြီး ပစ္စည်းအယူခံရဖူးသူဟာ ခိုးခြင်းမှ ရှောင်ကြဉ်တဲ့ သီလရဲ့ ကျေးဇူးကို အထူးပဲ သိနားလည်နိုင်ပါတယ်။

နောက်တစ်ခါ

အလိမ်ခံရဖူးသူက သင်ခန်းစာယူကာ နောက်တစ်ခါ အလိမ်မခံရအောင် သတိပြုလာနိုင်ပါတယ်။

http://www.dhammadownload.com

ဖန်လာတတ်ပါတယ်

ကံဆိုးချင်ရင် ကြံကြံဖန်ဖန် အကြောင်းတွေက ဖန်လာတတ်ပါတယ်။

အောင်ပွဲခံဖို့

ကိုယ်ပေးလိုက်မယ့် ငွေတန်ဖိုးနဲ့ ညီမျှတဲ့ပစ္စည်းဟာ ကိုယ့်လက်ထဲ မရောက်သေးဘဲ ကိုယ့်ငွေကို ပေးလိုက်ရင် လိမ်တဲ့သူ အောင်ပွဲခံဖို့ ဖြစ်သွားပါတယ်။

အခိုးခံရဖူးသူတိုင်း

ဒါနထက် သီလက သာလွန်မြင့်မြတ်တယ်ဆိုတာကို အသတ်ခံရ ဖူးသူတိုင်း၊ အခိုးခံရဖူးသူတိုင်း၊ ကာမကျူးလွန်ခံရဖူးသူတိုင်း၊ အလိမ်အညာ ခံရဖူးသူတိုင်း၊ သေရည်အရက်မူးသူရဲ့ အညှဉ်းဆဲကို ခံရဖူးသူတိုင်း နားလည်သဘောပေါက်နိုင်ကြပါတယ်။

ပစ္စုပ္ပန်မောဟ

လိမ်ညာခံရရာမှာ လိမ်သူရဲ့ အပြစ်လား၊ အလိမ်ခံရသူရဲ့ အပြစ်လား။ အလိမ်ခံရသူရဲ့ ပစ္စုပ္ပန်မောဟနဲ့ အတိတ်အကုသိုလ်ကံကြောင့်ပဲ လို့ ဆိုရပါမယ်။

http://www.dhammadownload.com

စိတ်မဆင်းရဲသယောင်

ဒုက္ခကြုံရလို့ စိတ်ဆင်းရဲနေရရင် ခေါင်းဆောင်လုပ်သူက စိတ်မဆင်းရဲသယောင် နေပြနိုင်ရပါမယ်။ ဒါမှ နောက်လိုက်တွေမှာ စိတ် သက်သာဖွယ် ရပါမယ်။

တွေ့ကြုံရလေလေ

လောကမှာ ကောင်းကောင်းဆိုးဆိုး အတွေ့အကြုံတွေကို တွေ့ကြုံရလေလေ ဘဝသင်ခန်းစာတွေကို ရလေလေပါပဲ။ ဘဝသင်ခန်းစာတွေကို ရလေလေ အသိပညာတွေ တိုးပွားလာရလေလေပါပဲ။

သီလမဲ့မှုကြောင့်

ဒါနဆိုတာ သူတစ်ပါးကို ကူညီတဲ့အလုပ်တဲ့။ သီလဆိုတာ သူ တစ်ပါးကို ဒုက္ခမပေးတဲ့ အလုပ်တဲ့။ သီလမရှိသူရဲ့ သီလမဲ့မှုကြောင့် ဒုက္ခရောက်ဖူးတဲ့ တစ်ပါးသူတွေဟာ သီလအဓိပ္ပာယ်ကို ပိုမိုနားလည် နိုင်ဖွယ်ရှိပါတယ်။

ထီထိုးရသလိုပါပဲ

သူတစ်ပါးလက်ထဲ ပါသွားတဲ့ငွေကို ပြန်ရဖို့၊ မရဖို့ အရေးဟာ ထီ ထိုးရသလိုပါပဲ။

http://www.dhammadownload.com

အမှတ်ရနေမယ့် ပုဂ္ဂိုလ်

စိတ်ဆင်းရဲစရာတွေနဲ့ တွေ့ကြုံရတဲ့အခါ စိတ်သက်သာရာရကြောင်း စကားကောင်းလေးတွေကို ပြောကာ ပြောကာအားပေးတတ် သူဟာထူးထူးခြားခြား မှတ်မိနေရမယ့် အမှတ်ရနေမယ့် ပုဂ္ဂိုလ်ပါပဲ။

သံသယ မဝင်မိတာဟာ

လိမ်တဲ့သူကို "လိမ်တဲ့သူများ ဖြစ်လေမလား"လို့ တောင် သံသယမဝင်မိတာဟာ အလိမ်ညာခံရသူရဲ့ အတွေ့အကြုံနည်းပါးမှုကြောင့်ပဲ ဖြစ်ပါတယ်။ လိမ်သူ အတွက်လည်း အောင်မြင်ဖို့အကြောင်း ဖြစ်ပါတယ်။

မမျှော်လင့်တဲ့

မမျှော်လင့်တဲ့ဆိုးကျိုးမှ မမျှော်လင့်တဲ့ ကောင်းကျိုးတွေ ပေါ်ထွက်လာတတ်သလို မမျှော်လင့်တဲ့ ကောင်းကျိုးမှလည်း မမျှော်လင့်တဲ့ ဆိုးကျိုးတွေ ပေါ်ထွက်လာတတ်ကြပါတယ်။

http://www.dhammadownload.com

ခံနိုင်ရည်

ကောင်းဆိုးအဖုံဖုံ လောကဓံတွေကို စုံနေအောင် တွေ့ထားရသူဟာ လောကဓံရဲ့ အထုအထောင်းကို ကောင်းကောင်းကြီးခံရလို့ လောကဓံကို ခံနိုင်ရည်ရှိကာ ရင့်ကျက်လာနိုင်ပါတယ်။

ပိုပိုပြီး

အသက်ကြီးလာလေလေ အကောင်း၊ အဆိုး လောကဓံတွေကို ပိုပိုပြီး တွေ့လာရလေလေပါပဲ။ အတွေ့အကြုံတွေကို သင်ခန်းစာယူကာ ဆင်ခြင်တုံတရား ပိုပိုများလာအောင် ကြိုးစားရပါတယ်။

အချိန်မီ

အချိန်မီ အရေးတကြီး လုပ်ရမယ့် ကိစ္စတွေမှာ နှေးကွေးနေရင် ကိစ္စမပြီးမြောက်၊ မအောင်မြင်နိုင်ပါ။

သတိမထားမိရင်

အပူဥတုမှ အအေးဥတုသို့၊ အအေးဥတုမှ အပူဥတုသို့၊ အပူနေရာမှ အအေးနေရာသို့၊ အအေးနေရာမှ အပူနေရာသို့ အပြောင်းအလဲမှာ သတိမထားမိရင် မကျန်းမမာ ဖျားနာတတ်ပါတယ်။

http://www.dhammadownload.com

မဆုံစည်းခဲ့ရရင်

အရှင်ဒေဝဒတ်လို လူဆိုးလူမိုက်နဲ့ မတွေ့ကြုံ မဆုံစည်းခဲ့ရရင် ဘုရားရှင်ဟာ ခန္ဓိပါရမီပြည့်ဖို့ မဖြစ်နိုင်ပါ။ ခန္ဓိပါရမီဖြည့်ဖို့အတွက် ဒေဝဒတ်လိုလူဆိုးဟာ မပါမဖြစ်ပါ။

ဆုံးရှုံးမှုတွေ

သတိ၊ ဝီရိယ၊ ဉာဏ်မရှိသူအတွက် ကျန်းမာရေး၊ ပညာရေး၊ စီးပွား ရေး၊ လူမှုရေးစတဲ့ အရေးပေါင်းများစွာ ဆုံးရှုံးမှုတွေ ကြုံရတတ်ပါတယ်။

ဒေါသမထွက်ဘဲ

ဒေါသနဲ့ လျင်မြန်စွာ တုံ့ပြန်စရာကောင်းတဲ့ နေရာမျိုးမှာ ဒေါသမထွက်ဘဲ အေးအေးဆေးဆေး ရင်ဆိုင်ကာ တုံ့ပြန်နိုင်သူဟာ ထူးခြားတဲ့ လူတစ်ယောက်ပါပဲ။

ကြိုကြိုတင်တင်

ကိစ္စတိုင်းမှာ ကြိုကြိုတင်တင် ပြင်ပြင်ဆင်ဆင်ရှိမှ အောင်မြင်သူ ဖြစ်နိုင်ပါတယ်။

http://www.dhammadownload.com

မုဒိတာရဲ့ သဘော

ကိုယ်ခင်မင်ရသူမှာ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး စသည် ကြီးပွားတိုးတက်အောင်မြင်နေတာကို မြင်တွေ့ ကြားသိရရင် ကိုယ့်မှာ ဝမ်းသာပျော်ရွှင် ကြည်နူး နေရတတ်ပါတယ်။ အဲဒါဟာ မုဒိတာရဲ့ သဘောပါပဲ။

ဘယ်လောက် မြတ်နိုးစရာကောင်း

သူတစ်ပါးကြီးပွားစေချင်၊ ချမ်းသာစေချင်၊ ပျော်ရွှင် စေချင်၊ အောင် မြင်စေချင်၊ တိုးတက်စေချင်တဲ့ စိတ်ထား လေးကို တွေးကြည့်စမ်းပါ။ အဲဒီစိတ်ထားလေးဟာ ဘယ် လောက် မွန်မြတ်လိုက်သလဲ။ ဘယ်လောက် မြတ်နိုးစရာ ကောင်းလိုက်သလဲ။

အတက်၊ အဆင်း

အတက်၊ အဆင်းနေရာတွေမှာ သတိထားပါမှ တိမ်းစောင်း ချော်လဲခြင်း ကင်းနိုင်ပါမယ်။ ဘဝခရီးရဲ့ အတက်၊ အဆင်းတွေမှာလည်း သတိထားပါမှ အတိမ်း အစောင်း ကင်းနိုင်ပါတယ်။

http://www.dhammadownload.com

အမြတ်

စိတ်တည်ငြိမ်အေးချမ်းတဲ့ အချိန်လေးတွေ များများရအောင် လုပ်နိုင်မှ လူ့ဘဝမှာ အမြတ်များများ ရနိုင်ပါမယ်။

တင်း၍ တင်း၍

ပညာမားနဲ့ မဖြတ်တောက်နိုင်သမျှ သံယောဇဉ်ကြိုးဟာ ပြေလျော့မလာဘဲ တင်း၍ တင်း၍ သာလာပါတယ်။

ဖြေရှင်းရင်

ပညာရေးမှာပဲ ဖြစ်ဖြစ်၊ စီးပွားရေးမှာပဲ ဖြစ်ဖြစ်၊ လူမှုရေး စတဲ့ အရေးတွေမှာပဲဖြစ်ဖြစ် သတိ၊ ဝီရိယ၊ ပညာတွေနဲ့ ဖြစ်ပေါ်လာတဲ့ အခက်အခဲတွေကို ဖြေရှင်းရင် ပြေလည်နိုင်တာချည်းပါပဲ။

မားနဲ့ ဖြတ်

သံယောဇဉ်အနှောင်အဖွဲ့ဆိုတာ အလွန်ဖြေရခက်လှတဲ့ အနှောင်အဖွဲ့ ဖြစ်တယ်လို့ ဘုရားရှင် ဟောတော်မူခဲ့ပါတယ်။ ပညာဆိုတဲ့ မားနဲ့ဖြတ်တောက်မှပဲ သံယောဇဉ်ကြိုးဟာ ပြတ်သွားနိုင်ပါတယ်။

http://www.dhammadownload.com

ဝေဖန်စိစစ်

ဆရာသမား၊ မိဘတွေရဲ့ လုပ်ရပ်ပင် ဖြစ်ပါစေ။ အမှား၊ အမှန်ကို ဝေဖန်စိစစ်တဲ့ ဉာဏ်နဲ့ ဝေဖန်စိစစ်နိုင်ရပါတယ်။

ခံနိုင်ရည်ရှိသူ

အအေးမိရင် အအေးဒဏ် မခံနိုင်လို့ ဖျားတယ်။ အပူမိရင် အပူ ဒဏ်မခံနိုင်လို့ ကျန်းမာရေး ဖောက်ပြန်တယ်။ အအေး၊ အပူဒဏ်ကို ခံနိုင်ရည်ရှိမှ ကျန်းမာသူ ဖြစ်ပါတယ်။ အကောင်းလောကဓံနဲ့ တွေ့ရင် အကောင်းလောကဓံဒဏ် မခံနိုင်လို့ စိတ်တက်ကြွတယ်။ မကောင်းလောကဓံနဲ့တွေ့ရင် မကောင်းလောကဓံဒဏ် မခံနိုင်လို့ စိတ်ဓာတ်ကျ တယ်။ အကောင်း၊ အဆိုး လောကဓံကြောင့် စိတ်ဓာတ်အတက် အကျမရှိပါမှ ခံနိုင်ရည်ရှိသူဖြစ်ပါတယ်။

လက်လွတ်

စိတ်ပူလောင် ယောက်ယက်ခတ်နေတဲ့ အခြိန်တွေ သာ များနေရင် လူ့ဘဝရဲ့ ကောင်းမြတ်မွန်မြတ်လှတဲ့ အရသာတွေကို လက်လွတ် ဆုံးရှုံးရနေပါမယ်။

http://www.dhammadownload.com

သတိထားပြီး

ချိုင့်တွေ၊ ကျင်းတွေ၊ ခလုတ်တွေ၊ ဆူးငြောင့်တွေ၊ ရွံ့ဗွက်တွေရှိရာ လမ်းကို မဆင်မခြင် အပြေးသွားရင် ချော်လဲကာ ဒုက္ခရောက်နိုင်ပါတယ်။ သတိထားပြီး ဖြည်းဖြည်းသက်သာ သွားပါမှ လိုရာကို ချမ်းသာစွာရောက်နိုင်ပါတယ်။

ဘဝခရီးမှာလည်း အနှောင့်အယှက်၊ အခက်အခဲတွေ ရောပြွမ်းရာ လမ်းကို မဆင်မခြင် လျှောက်လှမ်းကျော်ဖြတ်ရင် ဒုက္ခရောက်နိုင်ပါတယ်။ သတိထားပြီးလျှောက်လှမ်းနိုင်ပါမှ လိုရာခရီးကို ရောက်နိုင်ပါမယ်။

မိတ်ဆွေကောင်း

အခက်အခဲရှိတဲ့အခါ မိတ်ဆွေကောင်းဆိုတာ လိုအပ်လှပါတယ်။ မိတ်ဆွေကောင်းက ကိုယ့်ရဲ့ အခက်အခဲကို ကူညီဖြေရှင်းပေးပါတယ်။

ခွဲဝေပြီး

လူအများ စုပေါင်းပြီးနေကြရာမှာ ဆောင်ရွက်စရာတာဝန်လေးတွေကို အသီးသီး ခွဲဝေပြီး တာဝန်ကျေပွန်စွာ ညီညီညာညာ ဆောင်ရွက်ကြရင် အလွန်ပဲ အဆင်ပြေကာ အသရေရှိလှပါတယ်။

http://www.dhammadownload.com

သစ်ကားကြီး

အင်မတန် လေးလံတဲ့ သစ်တုံးကြီးတွေကို တင်လာတဲ့ သစ်ကား ကြီးဟာ အနိမ့်မှ အမြင့်သို့ တက်တဲ့ အခါ အားကုန်တင်ပြီး ဖြည်းဖြည်း ညင်သာစွာ သတိထားပြီး တက်ရပါတယ်။ အဲဒီလိုမဟုတ်ရင် တိမ်းမှောက်ကာ ဒုက္ခရောက်သွားပါမယ်။ အဲဒီလိုပါပဲ ကြီးလေးတဲ့တာဝန် တွေကို ထမ်းဆောင်နေရသူဟာ ကြီးလေးလှတဲ့ တာဝန် တွေကို သတိကြီးစွာ ထားကာ ဆောင်ရွက်ရပါတယ်။ အဲဒီလို မဟုတ်ရင် တိမ်းချော်ကာ ဒုက္ခရောက်သွားနိုင်ပါတယ်။

ဆောင်းဦးသင်္ကေတ

မိုးဥတုကနေဆောင်းဥတုအကူးမှာ နံနက်စောစော အခါ နှင်းမှုန်တွေ ပိတ်ပိတ်သည်းသည်း လာတတ်ပါတယ်။ ဆောင်းဦးသင်္ကေတပါပဲ။ အဲဒီလိုပါပဲ အမျိုးသား၊ အမျိုးသမီး တွေဟာလည်း ကလေးဘဝမှ အပျို၊ လူပျိုဘဝရောက်စမှာ အပြောင်းအလဲတွေကို တွေ့ရပါတယ်။ အဲဒီအပြောင်းအလဲ တွေဟာ အပျို၊ လူပျိုဖြစ်စ သင်္ကေတတွေပါပဲ။

http://www.dhammadownload.com

ဇွဲနဲ့ ဆန္ဒ

အလုပ်တစ်ခုခုကို မဖြစ်ဖြစ်အောင် လုပ်မယ်လို့ ဇွဲနဲ့ ဆန္ဒမကြီးမားရင် ဘာမဟုတ်တဲ့ အကြောင်းလေးကို အကြောင်းပြကာ မလုပ်ဘဲနေပြီး ရှောင်လွှဲနေတတ်ပါတယ်။

မေတ္တာရှိနေသူအပေါ်

မေတ္တာရှိနေသူအပေါ် ကရုဏာလည်းရှိ၊ မုဒိတာလည်း ရှိလာစမြဲပါပဲ။

ရေစက်ပါလာသူ

ကိုယ့်ဘဝခရီးမှာ ကိုယ်ကလည်း အကောင်းဘက်ကို ချည်း ဦးတည်ကာ သွားနေရပါမယ်။ ကိုယ်နဲ့ရေစက်ပါလာသူကိုလည်း ကိုယ့်လိုပဲ အကောင်းဘက်ကိုချည်း သွားနိုင်အောင် ကူညီပေးရပါမယ်။

ကြွယ်ဝနေလို့

ပစ္စည်းဥစ္စာတွေ ကြွယ်ဝချမ်းသာပါလျက် စိတ်မချမ်းမသာဖြစ်ပြီး ပူလောင်နေရတာတွေဟာ လောဘ၊ ဒေါသ၊ မောဟတွေပါ ကြွယ်ဝနေလို့ပါပဲ။

http://www.dhammadownload.com

နက်နက်နဲနဲ

စက်ဆုပ်ရွံရှာဖွယ် အခြေအနေတွေကို နက်နက်နဲနဲ မမြင်တွေ့ သေးသမျှ သာယာဖွယ်အာရုံတွေအပေါ် သာယာမှုဟာ နောက်တွန့်၊ နောက်ဆုတ်သွားမယ် မဟုတ်ပါ။

နေထိန်ငြိမ်မှာ

အချစ်ဆိုတာ အမုန်း မဝင်လာသေးသမျှ စည်ပင်ရှင်သန်နေတာ ပါပဲ။ အမုန်း ဝင်လာရင်တော့ နေထိန်ငြိမ်မှာ လွင့်စဉ်ကွယ်ပျောက်သွား တတ်ပါတယ်။

အချစ်ဘုံဗိမာန်

အမြော်အမြင်၊ အကြင်အနာ၊ သစ္စာတွေအပေါ် တည်ဆောက်ထားတဲ့ အချစ်ဘုံဗိမာန်ဟာ အုတ်မြစ်ကောင်းကောင်းပေါ်မှာ တည်ဆောက်ထားတဲ့ တိုက်တာ အဆောက်အဦးပမာ ခိုင်မာလှပါတယ်။

ချစ်ခင်ရဆုံးသူ

ကိုယ်ချစ်ခင်ရဆုံးသူနဲ့ ကိုယ်မြတ်နိုးရဆုံး ပစ္စည်းလေးတွေနဲ့ အများဆုံး ခွဲခွာ ခွဲခွာ ကြည့်ရပါမယ်။ မကြည့်ဖြစ်ရင် အတွယ်အတာနဲ့ သေသွားပါက ဘဝဆိုးသို့ ရောက်ပါမယ်။

http://www.dhammadownload.com

မင်္ဂလာ ရှိပါတယ်

သေဖို့အရေး တွေးတွေးပေးရင် ဘဝသံသရာ တစ်လျှောက်မှာ ကိုယ့်နောက်ပါမယ့် ကုသိုလ်တွေကို များများ စုဖြစ်အောင် ကြိုးစားလိုစိတ်ပေါ်လာပါမယ်။ ဒါကြောင့် သေရမယ့်အရေး တွေးတွေးပေးတာဟာ ကောင်းကျိုးတိုးပွားစေပါတယ်။ မင်္ဂလာရှိပါတယ်။

အကာကို ပစ်

လူဘဝမှာ အကာနဲ့အနှစ်ကို ခွဲခြားစိစစ်ပြီး အကာကို ပစ် အနှစ်ကို ရှာဖွေစုဆောင်းနိုင်ပါမှ ရလာတဲ့ လူဘဝဟာ အနှစ်ရှိတဲ့ လူဘဝဖြစ်ပါ မယ်။ အကာတွေကိုထမ်းပြီး ဘဝခရီးလမ်းကို လျှောက်လှမ်းရရင် ပင်ပန်းရကျိုး၊ လူဖြစ်ရကျိုး မနပ်တော့ပါ။

နှုတ်မဆက်ဘဲ

စိတ်ကူးယဉ်အချစ်ဟာ တကယ့်လက်တွေ့ဘဝမှာ အခက်အခဲတွေနဲ့ ကြုံတွေ့လာရတဲ့အခါ ကိုယ့်ကို နှုတ်မဆက်ဘဲ ထွက်ခွာသွားတတ်ပါတယ်။

http://www.dhammadownload.com

ပညာပါရမီ

ကိုယ်သိထားတဲ့ အသိတွေကို သူတစ်ပါးတွေအား များများ ဖြန့် ဝေပေးနိုင်ရင် ပညာပါရမီ တိုးပွားလာပါမယ်။ အသိအလိမ္မာ ဉာဏ်ပညာကို များများ စုဆောင်းနိုင်လေ ကိုယ့်ဘဝဟာ တန်ဖိုးရှိလာလေလေပါပဲ။

အသိဉာဏ်များတဲ့ လူသား

အသိဉာဏ်နည်းပါးတဲ့ တချို့တိရစ္ဆာန်လေးတွေ တောင် ကုသိုလ်တွေကို ရအောင် ယူတတ်ကြသေးတာပဲ။ အသိဉာဏ်များတဲ့ လူသားဖြစ်တဲ့ မိမိကကုသိုလ်တွေကို များများရအောင် ဘာလို့ မစုဆောင်းနိုင်ရမှာလဲ။ စုဆောင်းနိုင်ရမှာပေါ့။

ဝမ်းသာစရာ

"ကုသိုလ်-ဥစ္စာ, ကျန်းခန့်သာ၍, ပညာ-တန်ခိုး, တစ်မျိုးမျိုးမှ, အကျိုးမထွက်, ထိုနေ့တွက်, သက်သက် ဝမ်းနည်းဖွယ်" လို့ အမရပူရ မဟာဂန္ဓာရုံဆရာတော်ကြီး ရေးသားခဲ့ပါတယ်။ ကုသိုလ်ရော၊ စီးပွားဥစ္စာရော၊ ကျန်းမာ ရေးရော၊ ပညာရေးရော တန်ခိုးအရှိန်အဝါပါ တိုးပွားအောင် နေ့စဉ် ကြိုးစားနိုင်နေသူရဲ့အဖြစ်ဟာ ဘယ်လောက် ဝမ်း သာစရာကောင်းလိုက်သလဲ။ တွေးလိုက်တိုင်း ဝမ်းသာစရာ ပေပဲနော်။

http://www.dhammadownload.com

ကွာခြားနေပါတယ်

နေပူမရှောင်၊ မိုးရွာမရှောင် အကျိမပါဘဲ အလုပ်လုပ်နေသူနဲ့ အအေး၊ အပူဒဏ်မခံနိုင်တဲ့ အထိမခံ ကြွေပန်းကန်လို လူဟာ အရိယာနဲ့ ပုထုဇဉ်ပမာ ခံနိုင်ရည်ကွာခြားနေပါတယ်။

အချစ်နှစ်မျိုး

တဏှာချစ်က ပူလောင်ပါတယ်။ မေတ္တာချစ်က အေးမြပါတယ်။ တစ်ခါတလေ အအေးတစ်လှည့်၊ အပူတစ်လှည့် ဖြစ်နေတတ်ပါတယ်။ ကာမနယ်ပယ်က ကာမဘုံသားတွေမှာ အချစ်နှစ်မျိုး ရောထွေးနေ တတ်ကြပါတယ်။

ရင်မအေးစရာ

စားဝတ်နေရေးအတွက်သာ အချိန်ပေးနိုင်ပြီး ကုသိုလ်ရေးအတွက် အချိန်မပေးနိုင်သူတွေရဲ့ သံသရာခရီးအရေးဟာ ရင်မအေး စရာပါပဲ။

http://www.dhammadownload.com

ကြိုတင်ပြင်ဆင်

စားမဝင်၊ အိပ်မပျော်တော့ဘဲ 'သေသော်မှတည့် သြော် ကောင်း၏' လို့ ညည်းတွားနေရတဲ့ ဘဝကို ရောက်သွားခဲ့ရရင် မညည်းတွားဘဲ တည်ငြိမ်စွာ ရင်ဆိုင်နိုင်အောင် ကြိုတင်ပြင်ဆင်မှုထားရပါမယ်။

အယူဝါဒ

လောဘ၊ ဒေါသ၊ မောဟ တိုးပွားစေတဲ့ ဘာသာ၊ အယူဝါဒဟာ ဘာသာကောင်း၊ အယူဝါဒကောင်း မဟုတ်ပါ။

ခံစားခွင့်

ချက်ချင်းလက်ငင်း ကောင်းကျိုးပေးနိုင်တဲ့ အလုပ်မျိုးကို သတ္တဝါတွေက လုပ်လိုတဲ့ဆန္ဒ ရှိကြပါတယ်။ လုပ်အားနဲ့ညီမျှတဲ့ ခံစားခွင့်ကိုရရင် သတ္တဝါတွေက ပျော်ရွှင်ကြပါတယ်။

ကျေနပ်လက်ခံနိုင်

အစမ်းသပ်ခံ၊ အစစ်ဆေးခံနိုင်တဲ့ ဘာသာ၊ အယူဝါဒ မျိုးကိုမှ တကယ့်ပညာရှင်တွေက ကျေနပ်လက်ခံနိုင်ကြပါတယ်။

http://www.dhammadownload.com

နေရာတကာမှာ

အိတ်ဆောင်စာအုပ် စသည်ကို ကိုယ်သွားလေရာ အရပ်မှာ ပါ အောင် ယူသွားရသလို သတိနဲ့ပညာကိုလည်း နေရာတကာမှာ ပါ အောင် ယူသွားရမှာပါပဲ။

နိုင်ငံတိုင်း

အသိပညာ၊ အတတ်ပညာဆိုတာ တစ်ဦးပိုင်၊ တစ်ဖွဲ့ပိုင်၊ တစ်နိုင်ငံပိုင်အရာမဟုတ်ပါ။ လူတိုင်း၊ အဖွဲ့တိုင်း၊ နိုင်ငံတိုင်း ပိုင်ဆိုင်နိုင်တဲ့အရာ ဖြစ်ပါတယ်။

အဖွဲ့အစည်းကောင်း

အဖွဲ့အစည်းကောင်းဆိုတာ စည်းကမ်းကောင်းတွေကို လိုက်နာနိုင်မှ အဖွဲ့အစည်းကောင်းဖြစ်ပါတယ်။

မရိုးသားတဲ့ အဖွဲ့အစည်း

မရိုးသားတဲ့ အဖွဲ့အစည်းဆိုတာ ကြာရှည်ရပ်တည်နိုင်ရိုး မရှိသလို ကြီးပွားချမ်းသာရိုးလည်း မရှိပါ။

ပညာရှင်နယ်ပယ်မှာ

အမှန်တရားကို ဦးထိပ်ရွက် ပန်ဆင်နိုင်တဲ့ အဖွဲ့အစည်းသာ ပညာရှင်နယ်ပယ်မှာ တင့်တယ်ထည်ဝါနိုင်ပါတယ်။

http://www.dhammadownload.com

သူတို့ဘာသာပဲ

ကိုယ်က တကယ်သာ ကောင်းရင် ကိုယ့်ကိုကိုယ့် ပတ်ဝန်းကျင်က သူတို့ဘာသာပဲ အလေးပြု မြတ်နိုးလာကြ စမြဲပါပဲ။

ကိုယ့်စိတ်လေးက

ကိုယ့်စိတ်လေးက ကိုယ့်ကို ချမ်းသာအောင်လုပ်ပေးနိုင်သလို ဆင်းရဲအောင်လည်း လုပ်ပေးနိုင်ပါတယ်။ ချမ်းသာချင်ရင် စိတ်ကောင်းတွေ မွေးမြူရပါမယ်။ မကောင်းစိတ်တွေ မွေးမြူရင်တော့ ဆင်းရဲရပါမယ်။

အလေ့အကျင့်

ဘယ်အချိန်မှာပဲဖြစ်ဖြစ်၊ ဘယ်နေရာမှာပဲ ဖြစ်ဖြစ်၊ မေတ္တာဘာဝနာ၊ ဗုဒ္ဓါနုဿတိ ဘာဝနာ၊ ဝိပဿနာ ဘာဝနာစတဲ့ ဘာဝနာတစ်ခုခုနဲ့ နေတဲ့ အလေ့အကျင့်ကို ပြုစုပျိုးထောင်ပေးရပါမယ်။

ဘုရားရှင်

မသိတာမရှိတဲ့ ဉာဏ်ပိုင်ရှင်ကို 'ဘုရားရှင်' လို့ ခေါ်ပါတယ်။

http://www.dhammadownload.com

လူကောင်းတစ်ယောက်

ပညာရှိသူတော်ကောင်းတွေ ကဲ့ရဲ့စရာဖြစ်မယ့် အရာတွေကို ရှောင်နိုင်ရင် လူကောင်းတစ်ယောက် ဖြစ်တော့ တာပါပဲ။

သံပတ်

ကိုယ်လိုချင်တဲ့ ပန်းတိုင်ကို မရောက် မရမချင်း ကိုယ့်ရဲ့ဆန္ဒ၊ ဝီရိယကို လျှော့မချရပါ။ သံပတ်တင်းသလို တင်းတင်းပေးရပါတယ်။

လူချွန်၊ လူမွန်

အောင့်အည်းနိုင်ခဲတဲ့အရာကို အောင့်အည်းနိုင်မှ လူချွန်၊ လူမွန် ဖြစ်နိုင်ပါတယ်။ အောင့်အည်းရမယ့်အရာမှာ မအောင့်အည်းလို့ အခွင့်ကောင်းတွေ လက်လွတ် ဆုံးရှုံးသွား တတ်ပါတယ်။

လေ့လာကြည့်ရင်

အကျိုးကောင်းတွေကို ရရှိပိုင်ဆိုင်နိုင်သူကို လေ့လာကြည့်ရင် အကြောင်းကောင်းပေါင်းများစွာ သူမှာရှိ နေတာကို တွေ့မြင်နိုင်ပါမယ်။

http://www.dhammadownload.com

ကျက်သရေမင်္ဂလာ

အသိအလိမ္မာ ဉာဏ်ပညာတွေ ကြွယ်ဝနေသူမှာ ကျက်သရေ မင်္ဂလာတွေလည်း ကြွယ်ဝနေတာပါပဲ။

ပညာရောင်

အမှောင်တကာ့အမှောင်ဆုံးအမှောင်ကို ဖြိုခွင်းရာမှာ နေရောင်၊ လရောင်၊ ကြယ်ရောင်တို့ မစွမ်းနိုင်ပါ။ ပညာရောင်ကပဲ စွမ်းနိုင်ပါတယ်။

အကြောင်းကြောင့် အကျိုး

အောင်မြင်ကြီးကျယ်နေသူတိုင်းမှာ အောင်မြင်ကြီးကျယ်ဖို့ရာ အကြောင်းပေါင်းများစွာကို ကောင်းကောင်းကြီး ပြုလုပ်ထားပြီး ဖြစ်ပါတယ်။ အရာရာမှာ အကြောင်းကြောင့် အကျိုးဖြစ်နေတာချည်းပါပဲ။

အရည်အသွေးကောင်း

ကိုယ်ရှင်းရှင်းလင်းလင်းသိသလို သူတစ်ပါးကို ရှင်းရှင်းလင်းလင်း သိအောင် ပြောပြနိုင်တာလည်း အရည်အသွေးကောင်းတစ်ခုပါပဲ။

http://www.dhammadownload.com

စွဲလမ်းနေမိပြီပဲ

သူ့အသံလေး ကြားရလို့ ကိုယ့်မှာ ထူးထူးခြားခြား နားဝင်ချို့မြေနေရင် သူ့အပေါ် ကိုယ်က မေတ္တာသက်ဝင်နေမိပြီပဲ။ သူ့အသံလေးကို ကြားပြီးရင်း ကြားချင်နေရင် မကြားရမနေနိုင်တဲ့အထိ ဖြစ်နေရင် စွဲလမ်းနေမိပြီပဲ။

မဆုံးနိုင်

သက်ရှိလောကကြီးနဲ့ သက်မဲ့လောကကြီးမှာ သိသင့်တာတွေ၊ သိချင်တာတွေက မဆုံးနိုင်အောင်ပါဘဲလား။

အနည်းဆုံးတော့

ကျေးဇူးပြုထားသူတွေကို ကျေးဇူးအပြုခံထားရသူက အနည်းဆုံးတော့ မေတ္တာပွားပို့မှုနဲ့ ကျေးဇူးဆပ်သင့်ပါတယ်။

ထူးခြားတဲ့နေ့

နေ့စဉ်နေ့တိုင်း ထူးခြားတဲ့ ကုသိုလ်တွေနဲ့ထုံမွှမ်းနိုင်ရင် အဲဒီနေ့စဉ် နေ့တိုင်းဟာ ထူးခြားတဲ့နေ့တွေပါပဲ။

အံ့ဖွယ်တွေ

ထူးထူးခြားခြား တည်ငြိမ်တဲ့ စိတ်စွမ်းအားဟာ ထူးထူးခြားခြား အံ့ဖွယ်တွေကို ဖြစ်ပေါ်လာစေနိုင်ပါတယ်။

http://www.dhammadownload.com

နံနက်ခင်းမှာ

ကြဲညည်လင်အေးမြတဲ့ နံနက်ခင်းမှာ ကြည်လင်အေးမြတဲ့ စိတ်ထား နဲ့ ကြည်လင်အေးမြတဲ့ စကားတွေကို ပြောပြီး ကြည်လင်အေးမြတဲ့ အလုပ်တွေကို လုပ်ကာ ပျော်ရွှင်ချမ်းခြေ့ဖွယ်အကျိုးတွေကို ရရှိပါမယ်။

မရှိခဲ့ရင်

ဘုရားရှင်မှာ ကြီးမားတဲ့ အကြင်အနာနဲ့ ကြီးမားတဲ့ ပညာသာ မရှိခဲ့ရင် လူကြမ်း၊ နတ်ကြမ်း၊ တိရစ္ဆာန်ကြမ်းတွေကို ဆုံးမနိုင်စွမ်း ရှိမယ်မဟုတ်ပါ။

ဆရာကောင်း

ပညာနဲ့အကြင်နာ မရှိရင်ဆရာကောင်း မဖြစ်နိုင်ပါ။

အဲဒါက ဘာလဲ

ဘယ်ဘာသာဝင် မဆို၊ ဘယ်လူမျိုး မဆို၊ ဘယ်နိုင်ငံသားမဆို သတ္တဝါတိုင်း လိုချင်တဲ့အရာရှိပါတယ်။ အဲဒါကဘာလဲ။ မေတ္တာပါပဲ။

http://www.dhammadownload.com

တစ်ခွန်းလေးပင်

ပညာရှိသူတော်ကောင်းတွေရဲ့ စကားဟာတစ်ခွန်းလေးပင်ဖြစ်ပါစေ တန်ဖိုးမဖြတ်နိုင်လောက်အောင် တန်ဖိုးကြီးလှပါတယ်။

မရေမတွက်နိုင်အောင်

ပညာမဲ့သူ လူမိုက်တွေရဲ့ စကားလေးတစ်ခွန်းကြောင့် မကောင်းကျိုးတွေ မရေမတွက်နိုင်အောင် ဖြစ်သွားနိုင်ပါတယ်။

လူချမ်းသာလို့

ပစ္စည်းဥစ္စာတွေ မပေါများ၊ မကြွယ်ဝပေမယ့် သူတော်ကောင်း ဥစ္စာတွေ (သဒ္ဓါစသည်) ပေါများကြွယ်ဝရင် အဲဒီလူကို ပညာရှိသူတော် ကောင်းတွေက လူချမ်းသာလို့ သတ်မှတ်ကာ ချီးမွမ်းကြပါတယ်။

အောင်မြင်သူ

အားမငယ်ပါနဲ့၊ ကိုယ်လုပ်သင့် လုပ်ထိုက် လုပ်ရမယ့် အလုပ်တွေ ကိုသာ လုပ်နေရင် အဲဒီလူဟာ အောင်မြင်သူ ဖြစ်လာတာပါပဲ။

http://www.dhammadownload.com

ဘယ်မှာမှ

မကြိုးစားဘဲ ကြီးပွားချမ်းသာနေတဲ့သူ ဘယ်မှာမှ မရှိ။ မကြိုးစား ဘဲ ကြီးပွားချမ်းသာတဲ့နေရာ ဘယ်မှာမှ မရှိ။

အတတ်နိုင်ဆုံး

ရှေးသူတော်ကောင်းကြီးတွေရဲ့ လမ်းစဉ်ကို အတတ်နိုင်ဆုံး လိုက်နိုင်အောင် ကြိုးစားရပါတယ်။

အကြောင်း ကွာခြားလို့

လူတွေမှာ အကျိုးပေးကွာခြားနေကြတာဟာ အကြောင်း ကွာခြားလို့ပါပဲ။ အများမသိနိုင်တဲ့ အကြောင်းတရားတွေကို ဘုရားရှင်က ထုတ်ဖော်ဟောကြားတော်မူခဲ့ပါတယ်။

အမြင်ကျယ်တဲ့လူ

စီးပွားဖြစ်အောင်လည်း လုပ်၊ ကုသိုလ်ရအောင်လည်းလုပ်။ အဲဒါ မှ အဟုတ်တကယ် အမြင်ကျယ်တဲ့ လူ။

http://www.dhammadownload.com

လူတော်

သူတစ်ပါးကို နှိမ်မပြောတတ်ဘဲ ချီးမြှောက်ပြော တတ်သူက လူတော်။

သူတစ်ပါးကို ချီးမြှောက်မပြောတတ်ဘဲ နှိမ်ပြော တတ်သူက လူရှော်။

အရိပ်ပမာ

ဒီဘဝမှာရော နောင်ဘဝမှာပါ ကိုယ်အားကိုးရာ အစစ်ဖြစ်တဲ့ အရာက ကိုယ့်ရဲ့စိတ်ကောင်းလေးပါပဲ။ အဲဒီ စိတ်ကောင်းလေးက ကိုယ့် နောက်ကို အရိပ်ပမာလိုက်ကာ ကောင်းကျိုးတွေကို ပေးပါမယ်။

လူ့ဘဝဆိုတာ

လူ့ဘဝဆိုတာ ချမ်းသာတစ်လှည့်၊ ဆင်းရဲတစ် လှည့်ပါပဲ။ အမြဲလည်း မချမ်းသာ၊ အမြဲလည်း မဆင်း ရဲပါ။

ရေကန်အသင့်

ရှေးဘုန်း ရှေးကံပါလာသူတွေမှာ ရေကန်အသင့်၊ ကြာအသင့် ဖြစ်တတ်ပါတယ်။

http://www.dhammadownload.com

အခုထက် ပိုပြီး

လူတွေဟာ ကိုယ်သေရမယ့် အချိန်အခါကို အတိအကျ သိရရင် အခုထက် သံဝေဂပိုရကာ ကုသိုလ်ကောင်းမှုကို အခုထက် ပိုပြီးပြုဖွယ်ရှိပါတယ်။

နီးကပ်နေပေမယ့်

ကိုယ်သေရမယ့် အချိန်က အလွန်နီးကပ်နေပေမယ့် အလွန်ဝေးသေးတယ်လို့ ထင်မှတ်ကာ သေသွားကြရသူတွေက မရေမတွက်နိုင်အောင်ဘဲ များလှပါတယ်။

အသေးစိတ်

ဉာဏ်ကြီးရင် ကြီးသလောက် သိစရာတွေကို အသေးစိတ် သိမြင်နိုင်ပါတယ်။

ဆက်လက်လျှောက်လှမ်း

ကိုယ့်ထက်သာတဲ့လူတွေ အများကြီးရှိသလို ကိုယ့်အောက် ညံ့တဲ့ လူတွေလည်း အများကြီးပဲ ရှိပါတယ်။ အားငယ်ဖို့လည်း မလို၊ မာန် တက်ဖို့လည်း မလို၊ ကိုယ်ဆက်လက်လျှောက်လှမ်းရဖို့ လမ်းမှန်ကို ဆက်လက် လျှောက်လှမ်းဖို့ပဲ လိုပါတယ်။

http://www.dhammadownload.com

အေးမြနေတဲ့ နလုံးသား

ခြောက်သွေ့ပူလောင်နေတဲ့ ကွင်းပြင်ကြီးထက် စိမ်းစိုအေးမြနေတဲ့ ကွင်းပြင်ကြီးက ပိုကောင်းပါတယ်။ မြင်ကွင်းလှပါတယ်။ မေတ္တာသွေ့ခြောက် ပူလောင်နေတဲ့ နှလုံးသားထက် မေတ္တာနဲ့ စိုပြည်အေးမြနေတဲ့ နှလုံးသားက အေးမြသာယာလှပါတယ်။

ဟင်းမှာလိုပါပဲ

ငရုတ်လို အစပ်အရသာလည်း ပါဝင်ပါမှ အရသာ စုံလင်ပါမယ်။ ဘဝမှာလည်း ခါးသီးတဲ့ အတွေ့အကြုံကို ကြုံတွေ့ရပါမှ ဘဝအရသာ စုံလင်ပါမယ်။ ဘဝမှာလည်း ဟင်းမှာလိုပါပဲ။ အချို၊ အခါး၊ အငန်၊ အစပ်၊ အချဉ်၊ အဖန် အရသာစုံနေတာပါပဲ။

လိုက်ဖက်အောင်

အဝတ်အစားဟာ အသက်အရွယ်နဲ့ လိုက်ဖက် အောင် ဝတ်ဆင်တတ်မှ အပြစ်တင်ဖွယ် ကင်းပါတယ်။ အပြောအဆို၊ အပြုအမူ၊ အနေ အထိုင်၊ အသွားအလာ၊ အဆက်အဆံတွေဟာလည်း အဲဒီလိုပါပဲ။

http://www.dhammadownload.com

အသက်ထင်ရှားရှိစဉ်

လောကလူသားတွေထဲမှာ ကိုယ့်အပေါ် ကျေးဇူးအများဆုံး ပုဂ္ဂိုလ်တွေ ဖြစ်ကြတဲ့ မိခင်၊ ဖခင်တွေအား ကိုယ်ကြိုးစားရွာဖွေ စုဆောင်းထားတဲ့ကြေးငွေနဲ့ အမှတ်တရ၊ အမြတ်တနိုးနဲ့ အစားအသောက် အဝတ်စတာတွေကို ပေးကာ ကျေးဇူးဆပ်တဲ့ ကုသိုလ်ကို မိဘတွေ အသက်ထင်ရှားရှိစဉ် များများရအောင် စုဆောင်းသင့်ပါတယ်။

အဲဒီလို မဟုတ်ရင်

ကာယကံအလုပ်ပဲ ဖြစ်ဖြစ်၊ ဝစီကံအလုပ်ပဲ ဖြစ်ဖြစ်၊ မနောကံ အလုပ်ပဲ ဖြစ်ဖြစ် စိတ်အားကောင်းတဲ့ အလုပ်တစ်ခုခုကို ပေးပေးထား ရပါတယ်။ အဲဒီလို မဟုတ်ရင် စိတ်က တေလေပွေနေတတ်ပါတယ်။

အနိုင်ကို ခံရစမြဲပါပဲ

အချစ်ခံရသူက ရုပ်လှလှ၊ ရုပ်ဆိုးဆိုး သူ့ကို ချစ်တဲ့သူအပေါ် နိုင်ပါတယ်။ ချစ်တဲ့သူက နည်းနည်း ချစ်ရင် နည်းနည်း နိုင်ပါတယ်။ များများ ချစ်ရင်တော့ များများနိုင်ပါတယ်။ ချစ်တဲ့သူဆိုတာ အချစ်ခံရသူရဲ့ အနိုင်ကို ခံရစမြဲပါပဲ။

http://www.dhammadownload.com

တဏှာကျွန်

အချစ်ခံရသူရဲ့ အဟိန်း၊ အဟောက်ကို ကြောက်စရာလို့၊ စိတ်ဆိုး စရာလို့ မထင်နိုင်ဘဲ သာယာတဲ့တေးသံလို ထင်မှတ်နေတတ်ပါသေးတယ်။ တဏှာကျွန်ဆိုတာ အဲဒီလို ခံစားရှုမြင်တတ်ပါတယ်။

ကိုယ့်ဘဝဖြစ်စဉ်

လူတွေက ကိုယ့်ဘဝဖြစ်စဉ်ကို မတွေးချင်ကြ မေ့ချင်ကြတယ်။ မတွေးလို့ မရ၊ မေ့လို့ မဖြစ်။ မွေးလာတယ်၊ အိုရတယ်၊ နာရတယ်၊ သေရတယ်။ လူတိုင်း မရှောင်ကွင်း နိုင်တဲ့ အရာတွေပဲ။

ကရုဏာနဲ့ပညာ

ကရုဏာနဲ့ပညာရှိပါမှ အများအကျိုးဆောင်ရာမှာ အောင်မြင်နိုင်ပါတယ်။

တန်ခိုးကြီးတယ်

ရွှေဟာ အညစ်အကြေးကင်းရင် ကင်းသလောက် အရည်အသွေး ကောင်းတယ်၊ တန်ခိုးကြီးတယ်။ စိတ်ဟာလည်း အညစ်အကြေးကင်းရင် ကင်းသလောက် အရည်အသွေး ကောင်းတယ်၊ တန်ခိုးကြီးတယ်။

http://www.dhammadownload.com

အင်အားရှိမှ

ခန္ဓာကိုယ်မှာ အင်အားရှိမှ ခန္ဓာကိုယ်နဲ့ ပြုလုပ်ရတဲ့ ကိစ္စတွေဟာ ပြီးမြောက်အောင်မြင်နိုင်ပါတယ်။ စိတ်မှာလည်း အင်အားရှိမှ ကိစ္စအားလုံးဟာ ပြီးမြောက်အောင်မြင်နိုင်ပါတယ်။

အား (၅) မျိုး

စိတ်မှာ သဒ္ဓါအား၊ ဝီရိယအား၊ သတိအား၊ သမာဓိအား၊ ပညာအားဆိုတဲ့ အား (၅) မျိုးကို ထည့်ပေးနိုင်ရင် ထည့်ပေးနိုင်သလောက် စိတ်ကအားရှိလာတာပါပဲ။

အလိုလို ဝင်လာကြ

သတိပဋ္ဌာန်ရှုမှတ်ရင် စိတ်မှာ အဲဒီအင်အား (၅) မျိုးဟာ အလိုလို ဝင်လာကြတာပါပဲ။

ခဏ ခဏ

စိတ်အပျင်မြိမ်းအေးစေတဲ့ အာရုံလေးကို ခဏ ခဏ ယူပေးရင် စိတ်ဟာ ခဏ ခဏ ငြိမ်းအေးမှု ရနေတာပါပဲ။

http://www.dhammadownload.com

သတိပဋ္ဌာန်ရေအေး

ပန်းတိမ်သည်ဟာ ရွှေရဲ့အညစ်အကြေးကို အပူပေးပြီး ထုတ်ထုတ်ပစ်ရပါတယ်။ ပညာရှိပုဂ္ဂိုလ် ဟာလည်း စိတ်အပူတွေကို သတိပဋ္ဌာန်ရေအေး ပက်ဖြန်း ပက်ဖြန်း ပေးကာ ဖယ်ရှားပစ်ရပါတယ်။

အိမ်ပမာ

အရာရာမှာ သတိကပ်နိုင်သူအဖို့ကောင်းဆိုးအာရုံအဖုံဖုံဟာ သူ့စိတ်ကို အနှောင့်အယှက် မပေးနိုင်ပါ။ တံခါးစောင့်ကောင်းရှိတဲ့ အိမ်ပမာ လုံခြုံနေပါတယ်။

အေးမြတဲ့ အောင်မြင်မှု

နံနက်ခင်း နေရောင်တောက်ပမှုနဲ့ နေ့လယ်ခင်း နေရောင် တောက်ပမှုဟာ မတူကြပါ။ နံနက်တောက်ပမှုက အေးမြတယ်။ နေ့ခင်း တောက်ပမှုက ပူလောင်တယ်။ လူသားတွေ ရဲ့ အောင်မြင်မှုဟာလည်း ပူလောင်တဲ့ အောင်မြင်မှုနဲ့ အေးမြတဲ့ အောင်မြင်မှုလို့ (၂) မျိုး ရှိပါတယ်။

http://www.dhammadownload.com

ခိုင်မြစ်စွာ

ကိုယ်ဆင်းရဲဒုက္ခရောက်နေတဲ့အချိန်မှာ ကိုယ့်အပေါ် မေတ္တာ၊ ကရုဏာအပြည့်နဲ့ ကြည့်ရှုစောင့်ရှောက်တဲ့ ကျေးဇူးရှင်တွေရဲ့ ကျေးဇူး တွေဟာ ဘယ်လိုပုဂ္ဂိုလ် လာပြီး ဖျက်ဖျက် မပျက်ပြယ်နိုင်အောင် ရင်ထဲမှာ ခိုင်မြစ်စွာ တည်ရှိနေကြပါတယ်။

ကျော်ကြားလာတာပါပဲ

ဆင်ခြင်တုံတရားနဲ့ ကိုယ့်ကိုကိုယ် စောင့်စည်းပြီး သတိ၊ ဝီရိယနဲ့ ကိုယ့်အလုပ်ကြိုးစားသူဟာ အောင်မြင်တာပါပဲ။ ကျော်ကြားလာတာပါပဲ။ ကြီးပွားတိုးတက်လာတာပါပဲ။

ထွန်းပေါက်ခဲ့ပါတယ်

သိပ္ပံပညာဟာ အံ့သြရလောက်အောင် ထွန်းပေါက်နေသလို စိတ် (နာမ်) ပညာ (အဘိညာဉ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်စသည်)ဟာလည်း အံ့သြရလောက်အောင် ထွန်းပေါက်ခဲ့ပါတယ်။

http://www.dhammadownload.com

ဒေါသပြေသွားမှ

ဒေါသထွက်နေတဲ့အခါ စကားပြောရင် သင့်၊ မသင့် မနှိုင်းချင့်နိုင် တော့ဘဲ မသင့်တာကို ပြောဆိုမိတတ်ပါတယ်။ ဒါကြောင့် ဒေါသထွက်ခိုက်မှာ စကားမပြောမိတာဟာ အကောင်းဆုံးပါပဲ။ ဒေါသပြေသွားမှ ပြောရင် နောင်တ ပူပန်မှု ကင်းရပါမယ်။

သုသာန်လည်း ဟုတ်ပါတယ်

ပိုးပေါင်းများစွာရဲ့ တည်နေရာ ဒီခန္ဓာကိုယ်ကြီးဟာ ပိုးပေါင်းများ စွာရဲ့ မွေးဖွားရာနေရာလည်း ဟုတ်ပါတယ်။ အိမ်သာလည်း ဟုတ်ပါတယ်။ မကျန်းမာတဲ့ ပိုးတွေရဲ့ ဆေးခန်းလည်းဟုတ်ပါတယ်။ သုသာန်လည်း ဟုတ်ပါတယ်။

မွေးတဲ့ပန်းလို

လူမိုက်ဆိုတာ မီးလို ပူလောင်စေတတ်ပါတယ်။ မစင်လို ရွံစရာကောင်းတယ်။ ပညာရှိသူတော်ကောင်း ဆိုတာ ရေလို အေးမြစေတတ်ပါတယ်။ မွေးတဲ့ပန်းလို မြတ်နိုးစရာကောင်းပါတယ်။

http://www.dhammadownload.com

ပိုမိုအကျိုးပေးကောင်း

ပန်းတစ်ပွင့်နဲ့ ဘုရားရှင်ကို ပူဇော်တာထက် သီလ အကျင့်၊ သမာဓိ အကျင့်၊ ပညာအကျင့် (တရားတစ်မိနစ် လောက်၊ တစ်စက္ကန့်လောက် ရှုမှတ်မှု)နဲ့ ပူဇော်တာက ပိုမို အကျိုးပေးကောင်းပါတယ်။

ချေချေငံ့ငံ

နှိုင်းနှိုင်းချိန်ချိန်နဲ့ ချိုချိုသာသာ ချေချေငံ့ငံ ပြောတတ်သူဟာ စည်းရုံးအားကောင်းသူ ဖြစ်ပါတယ်။

ကောင်းတဲ့ဘက်သို့

ကိုယ့်ကိုကိုယ် မကောင်းတဲ့ဘက်ကနေ ကောင်း တဲ့ဘက်သို့ ပြောင်းရွှေ့နိုင်အောင် ကြိုးစားတာဟာ ကြီးပွား ချမ်းသာဖို့ အကြောင်း ဖြစ်ပါတယ်။ မင်္ဂလာဖြစ်ပါတယ်။

ရှောင်လွှဲသွားကြပါတယ်

အအေး၊ အပူ၊ ဆာမှု၊ ဗိုက်ပြည့်မှု၊ စောမှု၊ မိုးချုပ်မှု တွေကို အကြောင်းပြကာ အလုပ်မလုပ်သူတွေကို ကောင်း ကျိုးတွေက ရှောင်လွှဲသွားကြပါတယ်။

http://www.dhammadownload.com

အလျှို့ အလျှို့

အအေး၊ အပူ စတာတွေကို ဂရုမစိုက်ဘဲ လုပ်ရမယ့် ကိစ္စတွေကို တစိုက်မတ်မတ် လုပ်တတ်သူတွေထံ ကောင်းကျိုးအထွေထွေက အလျှို့အလျှို့ ရောက်လာတတ်ကြပါတယ်။

တရားအလှူ

ဘုရားအဆုံးအမတရားတွေကို သူတစ်ပါး အကျိုးလိုလားတဲ့ စိတ်ထားနဲ့ ပြောပြရင် တရားအလှူ (ဓမ္မဒါန) ပြုလုပ်နေတာပါပဲ။ ပစ္စည်းအလှူထက် ပိုမိုသာလွန် မြင့်မြတ်တဲ့အလှူပါပဲ။

အသာဆုံး သားသမီးပါပဲ

မိဘတွေကို ရတနာသုံးပါးအပေါ် ကြည်ညိုသဒ္ဓါပွားလာအောင်၊ သီလစောင့်ထိန်းလာအောင်၊ တရားရှုမှတ်လာအောင်၊ ရှင် ရဟန်း ဘဝ ခံယူနိုင်အောင် လုပ်ပေးတဲ့ သားသမီးဟာ မိဘပြုစုသူတွေထဲမှာ အသာဆုံး သားသမီးပါပဲ။

ဝေယျာဝစ္စပြုလုပ်ရတာ

ဝေယျာဝစ္စပြုလုပ်ရတာဟာ မင်္ဂလာရှိတဲ့ အလုပ်ပါ။

http://www.dhammadownload.com

သတိရှိနေရင်

ကုသိုလ်ပြုဖို့ သတိရှိနေရင် ကုသိုလ်တွေ တိုးနေမှာပါပဲ။ ကောင်းကျိုးတွေ စည်ပင်နေမှာပါပဲ။

အဆင့်တန်းမြင့်တဲ့ အလုပ်ပါ

ရိုသေထိုက်သူတွေကို ရိုသေလေးစားတာဟာ အဆင့်တန်းမြင့်တဲ့ အလုပ်ပါ။

စိတ်ထားမြင့်မားသူ

ရိုကျိုးထိုက်သူတွေကို ရိုကျိုးတာဟာ စိတ်ထားမြင့်မားသူတွေရဲ့ အလုပ်ပါ။

အပြောချိုသာမှု

မာန်ကင်းပြီး သိမ်မွေ့ညက်ညော အပြောချိုသာမှုဟာ ကြီးပွားချမ်းသာဖို့ အကြောင်းဖြစ်ပါတယ်။

ကြည်လင်နေမှ

စိတ်နောက်ကျနေရင် မိမိအကျိုး၊သူတစ်ပါးအကျိုးကို မမြင်နိုင်ပါ။ စိတ်ကြည်လင်နေမှသာ မြင်နိုင်ပါတယ်။

http://www.dhammadownload.com

စိတ်အလှုက

ရုပ်အလှထက် သီလအလှ၊ စိတ်အလှက ပိုပြီး မြတ်နိုးဖွယ်ကောင်းပါတယ်။

စွန့်လွှတ်ရိုးမရှိကြ

ပညာရှိ အမျိုးသား၊ အမျိုးသမီးဟာ ဒုက္ခနဲ့ကြုံတွေ့ ရတောင်မှ ကောင်းကျိုးပေးတဲ့ ကောင်းမှုကို စွန့်လွှတ်ရိုး မရှိကြပါ။

အကြည့်မခံရအောင်

ကိုယ့်ရဲ့ အထင်သေးဖွယ် လုပ်ရပ်ကြောင့်ပတ်ဝန်း ကျင်ရဲ့ အထင်သေးတဲ့ မျက်လုံးတွေနဲ့ အကြည့်မခံရအောင် သတိရှိရပါတယ်။

သူတစ်ပါးရဲ့သုခ

ကိုယ့်အတွက်သုခကို အလိုရှိလို့ သူတစ်ပါးရဲ့သုခကို မဖျက်ဆီးရပါ။

ကျက်သရေ မတည်

ကဲ့ရဲ့ဒဏ်၊ ခွီးမွမ်းဒဏ်ကို ခံနိုင်ရည်အား မရှိသူမှာ ကျက်သရေ မတည်ရှိပါ။

http://www.dhammadownload.com

ဂုဏ်တွေ

သူတော်ကောင်းမှာ ခန္တီ၊ မေတ္တာ၊ သီလအကျင့်ဆိုတဲ့ အလွန် ခိုးမွမ်းဖွယ်ကောင်းတဲ့ ဂုဏ်တွေ ရှိကြပါတယ်။

သစ်ရွက်လေး

သူတော်ကောင်းဟာ ကြွေကျတဲ့သစ်ရွက်လေးကို ကြည့်ကာ သံဝေဂရပြီး တရားကျင့်လို့ တရားထူး ရသွားပါပေတယ်။ တော်လှပါပေတယ်။ အားကျဖွယ် ကောင်းလှပါပေတယ်။

အေးမြတဲ့ နှလုံးသား

ပူလောင်တဲ့ နှလုံးသားပိုင်ရှင်တွေရဲ့ အလယ်မှာ အေးမြတဲ့ နှလုံးသားပိုင်ရှင်ဟာ ကျီးငှက်တွေရဲ့ အလယ်က ရွှေဟင်္သာပမာ တင့်တယ် လှပါတယ်။

တံတွေးပေါက်ပမာ

အင်မတန် ကြီးကျယ်လှတဲ့ စည်းစိမ်တွေကို တံတွေး ပေါက်ပမာ စွန့်နိုင်ကြတဲ့ သူတော်ကောင်းကြီးတွေရဲ့ စိတ်ထားဟာ ဘယ်လောက် အားကျဖွယ် ကောင်းလိုက်သလဲ။

http://www.dhammadownload.com

ပြောင်းပြန်

သေရမယ့်အရေးက ပိုပိုပြီး နီးကပ်လာနေပါလျက် အဝေးကြီးမှာပဲ ရှိနေသေးတယ်လို့ ပြောင်းပြန်ထင်မှတ်နေချင်တတ်ကြတာဟာ ကိုယ့်ဘဝအပေါ် တွယ်တာတဲ့ တဏှာကြောင့် ဖြစ်ရပါတယ်။

လပမာ

ကိုယ့်ဆက်ရှည်ရမယ့် အသက်ဟာ လဆုတ်ပိုင်းက လပမာယုတ်လျော့ ယုတ်လျော့လာနေပါတယ်။

တိုးတိုးပြီးသာ

ကိုယ့်ကုသိုလ်တွေဟာ လဆန်းပိုင်းက လပမာ တိုးတိုးပြီးသာ လာနေရပါမယ်။

အားပြည့်နေရင်

စိတ်မှာ ကြည်လင်ပြီး အားပြည့်နေရင် လုပ်ရမယ့် အလုပ်ကိစ္စ တွေကို တွင်ကျယ်ထိရောက် ပြီးမြောက်အောင် လုပ်နိုင်ပါတယ်။

http://www.dhammadownload.com

နှင်းဝေဝေ

နှင်းတွေ ဝေတော့လည်း နှင်းတွေ ဝေလို့၊ မိုးတွေ စွေတော့လည်း မိုးတွေစွေလို့၊ နွေနေ ပူတော့လည်း နွေနေ ပူလို့ အလွမ်းဓာတ်ခံရှိသူ တွေက အလွမ်းတွေဝေနေတတ် ကြပါတယ်။ နှင်းဝေဝေ၊ မိုးစွေစွေ၊နေ ပူပူ လွမ်းတတ်သူတွေ ကတော့ အမြဲတမ်း လွမ်းနေတတ်ကြတာပါပဲ။

ရွှေထက် ရှားမယ်

ဒါနနဲ့ ပျော်၊ သီလနဲ့ ပျော်၊ ဘာဝနာနဲ့ ပျော်၊ ဘုရား အဆုံးအမတွေ နဲ့ပျော် အဲဒီလောက်တော်သူဟာ ရွှေထက် ရှားမယ်ထင်ပါတယ်။

ဆံပင်ဖြူ

ကိုယ့်ဦးခေါင်းမှာ ဆံပင်ဖြူကို တွေ့ရုံမျှနဲ့တောထွက် ကာ တရား ကျင့်နိုင်တဲ့ သူတော်ကောင်းတွေရဲ့ စိတ်ထားဟာ အလွန်ပဲမြင့်မြတ်အထက်တန်းကျလှပါပေတယ်။

အံ့ဖွယ်ပုဂ္ဂိုလ်

ကိုယ်မှာလည်း ကုသိုလ်တွေ တိုးပွား၊ သူတစ်ပါး တွေမှာလည်း ကုသိုလ်တွေ တိုးပွားအောင် ကြိုးစားပေး သူဟာ အံ့ဖွယ်ပုဂ္ဂိုလ်တစ်ဦးပါပဲ။

http://www.dhammadownload.com

အတိုင်းအတာမရှိတဲ့

အတိုင်းအတာမရှိတဲ့ ဒါန၊ သီလ၊ ဘာဝနာ စတဲ့ ကုသိုလ်တွေကို ဆည်းပူးထားသူဟာ အတိုင်းအတာ မရှိတဲ့ အကျိုးကောင်းတွေကို ခံစားရမှာ မြေကြီးလက်ခတ် မလွဲပါပဲ။

ဘာဝနာက

ဒါနထက် သတိပဋ္ဌာန် ရှုမှတ်မှု စတဲ့ ဘာဝနာက အဆ ရာထောင်၊ သိန်း၊ သန်းမက အကျိုးပေး ပိုမိုကြီးမား လှပါတယ်။

အခြားလူအဖော်နဲ့မှ

တရားအဖော်နဲ့ မပျော်နိုင်သူဟာ အခြားလူအဖော် နဲ့မှ ပျော်တတ်ပါတယ်။

မကြံစည်တာတွေကလည်း

လွယ်လွယ်ကူကူရမယ်လို့ ထင်မှတ်ထားတဲ့အရာ ကို ခက်ခက်ခဲခဲ နဲ့ ရအောင် လုပ်ယူရတာ ရှိတတ်သလို ခက်ခက်ခဲခဲ လုပ်မှရမယ်လို့ ထင်မှတ်ထားရတဲ့အရာကို လွယ်လွယ်ကူကူနဲ့ ရတာလည်း ရှိတတ်ပါတယ်။ လောကမှာ မကြံစည်တာတွေကလည်း ဖြစ်လာတတ်သလို ကြံစည် ထားတာကွေကလည်း ပျက်သွားတတ်ကြပါတယ်။

http://www.dhammadownload.com

ပိုးဖလံပမာ

ပူလောင်တဲ့ဘဝကို အေးချမ်းတယ်လို့ထင်ပြီး အေးချမ်းတဲ့ ဘဝကိုတော့ ပူလောင်ခြောက်သွေ့ငြီးငွေ့ဖွယ်လို့ထင်နေသူမှာ မီးကိုတိုးတဲ့ပိုးဖလံပမာ ဖြစ်နေပါမယ်။

ဝတ်ကြောင်ဘဝမှ

သူတော်ကောင်းစိတ် အားကြီးသူတွေဟာ သံဝေဂဖြစ်ဖွယ် မြင်ကွင်းလေးကို တစ်ကြိမ်မြင်ရရုံမျှနဲ့ အကြီးအကျယ် သံဝေဂရကာ ဝတ်ကြောင်ဘဝမှ လွတ်အောင်ရုန်းထွက်နိုင်ကြပါပေတယ်။

ရင်အေးရပါတယ်

ရင်တွင်းမှာ ပူလောင်နေရင် အပြင်မှာ ရာသီဥတုခိုက်ခိုက်တုန်အောင် အေးနေပေမယ့် ရင်မအေးရပါ။ ရင်တွင်းမှာ အေးနေရင်တော့အပြင်မှာ ရာသီဥတုခြစ်ခြစ်တောက် ပူနေပေမယ့် ရင်အေးရပါတယ်။

http://www.dhammadownload.com

ဘယ်အကြောင်းကြောင့်မှ

စိတ်ထားခိုင်မာသူတွေဟာ ကိုယ့်ရဲ့ကောင်းတဲ့ဆုံးဖြတ်ချက်၊ အဓိဋ္ဌာန်ချက်ကို ဘယ်အကြောင်းကြောင့်မှ အပျက်မခံကြပါ။ ကိုယ့်ဆုံးဖြတ်ချက်၊ အဓိဋ္ဌာန်ချက်အတိုင်း ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်စွမ်းရှိကြပါတယ်။

စမ်းသပ်တတ်ကြပါတယ်

ကိုယ့်ဆုံးဖြတ်ချက်၊ အဓိဋ္ဌာန်ချက်ရဲ့ ခိုင်မာမှုရှိ၊ မရှိကို ဆန့်ကျင်ဘက် အတိုက်အခိုက် အမျိုးမျိုးတွေက စမ်းသပ်တတ်ကြပါတယ်။ အဲဒီအတိုက်အခိုက်တွေရဲ့ အစမ်းအသပ်ကို ခံနိုင်ရည်ရှိရပါမယ်။

စွန့်လွှတ်နိုင်သူသာ

အများသူငါ မစွန့်လွှတ်နိုင်တဲ့ အရာတွေကို စွန့်လွှတ်နိုင်သူသာ စိတ်ထားမြင့်မားရင့်ကျက်သူဖြစ်ပါတယ်။

လေးစားမှ

ကိုယ်လုပ်ရမယ့် အလုပ်ကို လေးစားမှ လူလေးစားခံရသူ ဖြစ်နိုင်ပါတယ်။

http://www.dhammadownload.com

မရှိပါ

မအို၊ မသေတဲ့ အရာဟာ သက်ရှိလောကမှာရော သက်မဲ့လောက မှာပါ မရှိပါ။

ချီးမွမ်းထိုက်ပါတယ်

ကိုယ့်လောက်မတော်ပေမယ့် ချီးမြှောက်ထိုက်သူကို ချီးမြှောက်နိုင်တာဟာ ချီးမွမ်းထိုက်ပါတယ်။

သူ့အခက်အခဲရှိတဲ့အခါ

ကိုယ့်အခက်အခဲရှိတဲ့အခါ ကူညီသူကို သူ့အခက်အခဲ ရှိတဲ့အခါ ကိုယ်ကကူညီရပါတယ်။

မေတ္တာရှိသူဟာ

ကိုယ့်အပေါ် မေတ္တာရှိသူဟာ ကရုဏာရှိရမယ့် အခါမှာ ကရုဏာလည်း ရှိပါတယ်။ မုဒိတာပွားရမယ့်အခါမှာ မုဒိတာလည်း ပွားပါတယ်။ သည်းခံရမယ့်အခါမှာ သည်းခံမှုလည်း ရှိပါတယ်။ ခွင့်လွှတ်ရမယ့်အခါ မှာ ခွင့်လွှတ်မှုလည်း ရှိပါတယ်။

http://www.dhammadownload.com

စိတ်ဝင်စားစရာ

အရိုးဆုံးအရာက ရေရှည်မှာ စိတ်ဝင်စားစရာ အကောင်းဆုံးဖြစ်လာတတ်ပါတယ်။

မျက်နှာငယ်ရဦးမှာ

ရာထူး၊ အာဏာ၊ ပစ္စည်းဥစ္စာ၊ အသိုင်းအဝိုင်း၊ ရုပ်ရည်တွေ ဘယ်လောက်ပဲ ကြီးကျယ်ခမ်းနားထည်ဝါနေပါစေ ကုသိုလ်မကြီး ကျယ်သေးရင်တော့ ဘဝသံသရာမှာ မျက်နှာငယ်ရဦးမှာပါပဲ။

တစ်ကိုယ်တည်း

လူအဖော် မလိုဘဲ တစ်ကိုယ်တည်း ပျော်နိုင်တဲ့ အပျော်ဟာ မြင့်မြတ်လှပါပေတယ်။

မေတ္တာနဲ့

ကိုယ်က အမှန်ကို ပြောတာ ဖြစ်ပေမယ့် ဒေါသနဲ့ ခက်ခက် ထန် ထန် မာမာကျောကျော ပြောတာထက် မေတ္တာနဲ့ ချို့ချို့သာသာ အေး အေးဆေးဆေး ပြောပြတတ်တာက ကောင်းကျိုးတွေကို ပိုပြီး ပေးတတ်ပါတယ်။

http://www.dhammadownload.com

တိရစ္ဆာန်တွေတောင်မှ

တိရစ္ဆာန်တွေတောင်မှ ချို့သာတဲ့ စကားကို ကြိုက်တတ်ကြပါသေးတယ်။ လူသားတွေဆိုတော့ အထူးပြောစရာမလိုတော့ပါ။

စွမ်းနိုင်သမျှ

သေချိန်ရောက်တော့လည်း ဘယ်သူမဆို သေရမှာပါပဲ။ မသေခင် အတောအတွင်းလေးမှာ ကိုယ်လုပ်သင့်တဲ့ လုပ်နိုင်တဲ့ အလုပ်လေးတွေကို စွမ်းနိုင်သမျှ လုပ်သွားရမှာက ကိုယ့်တာဝန်ပါပဲ။

လူသားတွေရဲ့သဘာဝပါပဲ

ဆိုးကျိုးကို ကြောက်ဖွယ်ကောင်းလောက်အောင် မတွေ့ရသေးခင် ဆိုးကျိုးပေးတတ်တဲ့ မကောင်းမှုကို ကောင်းကောင်း မကြောက်ကြ တာဟာ ပုထုဇဉ်လူသားတွေရဲ့ သဘာဝပါပဲ။

ထူးထူးခြားခြားပဲ

ကုသိုလ်ကောင်းမှုတွေကို ဝတ်ထားပြီး မှန်မှန်၊ ထက်ထက်သန်သန် ပြုလုပ်ရင် ထူးထူးခြားခြားပဲ ကောင်းကျိုးတွေကို ရရှိခံစားလာရ စမြဲပါပဲ။

http://www.dhammadownload.com

အဖော်ဆိုတာ

အိုဖော်ရှိတော့ အိုပျော်သေးတာပေါ့။ နာဖော်၊ သေဖော် ရှိတော့လည်း နာပျော်၊ သေပျော်သေးတာပေါ့။ အဖော်ဆိုတာ အို၊ နာ၊ သေရာမှာတောင်မှ အားရှိစေတတ်သေးပါလား။

မအောင့်အီးရင်

အောင့်အီးသင့်တဲ့အရာကို မအောင့်အီးရင် အံ့သြစရာကောင်း လောက်အောင် အကျိုးမဲ့တွေဖြစ်ပေါ်လာတတ်ပါတယ်။

မာန်သမားကို

အကောင်းလောကဓံတွေကြောင့် မာန်ဝင်နေသူဟာ လောကဓံ အဆိုးတွေနဲ့ တွေ့ကြုံလာရတဲ့အခါ မာန်ကျသွားတတ်ပါတယ်။ အဆိုးလောကဓံက မာန်သမားကို ဆုံးမသွားတတ်ပါတယ်။

အမှတ်ရနေရမယ့်

လူ့လောကရောက်လာခိုက် မိမိကောင်းကျိုး၊ သူတစ်ပါး ကောင်းကျိုးတွေကို သယ်ပိုးနိုင်သူဖြစ်မှ အမှတ်ရနေရမယ့် လူသားတစ်ဦး ဖြစ်ပါမယ်။

http://www.dhammadownload.com

အပြောမကြီး

လောကမှာ အပြောသာကြီးပြီး အလုပ်မကြီး သူတွေ ရှိသလို အလုပ်ကြီးပြီး အပြောမကြီးသူတွေလည်း ရှိပါတယ်။

အလင်းလမ်းကနေ

အလင်းလမ်းကနေ အမှောင်လမ်းပေါ် မလျှောက်လှမ်းမိအောင် အမှောင်စိတ်ထားတွေကို ရှောင်ရှားပြီး အလင်းစိတ်ထားတွေကို မွေးမြူရပါမယ်။

တွင်ကျယ်ထိရောက်နိုင်

ကြားနာမှတ်သားမှုများမှ အသိအမြင် တိုးပွားပါမယ်။ အသိအမြင် တိုးပွားပါမှ လုပ်ငန်းကိစ္စတွေမှာ တွင်ကျယ်ထိရောက်နိုင်ပါတယ်။

မျက်စိပွင့်နိုင်

မျက်စိပွင့်နိုင်တဲ့(အသိအမြင် ပွင့်နိုင်တဲ့)နေရာမျိုးရောက်မှ မျက်စိ ပွင့်နိုင်ပါတယ်။ မျက်စိပိတ်ထားတဲ့ နေရာမျိုးမှာ မျက်စိမပွင့်နိုင်ပါ။

http://www.dhammadownload.com

အသိအမြင်လည်း

အရွယ်ရင့်ကျက်လာတာနဲ့အမျှ အသိအမြင်လည်းရင့်ကျက်လာတတ်ပါတယ်။

ဆင်ခြင်ရင်လည်း

စိတ်ကြည်လင်စေတဲ့ တရားတွေကို နှလုံးသွင်းဆင်ခြင်ရင်လည်း အသိအမြင် ရင့်ကျက်လာပါတယ်။

သည်းခံသင့်တဲ့အခါ

ဆရာဆိုတာ တပည့်ရဲ့အပြစ်ကို မြင်ပေမယ့်သည်းခံသင့်တဲ့အခါ သည်းခံရပါတယ်။

ဟေးလားဝါးလား

ဆရာဆိုတာ တပည့်နဲ့ ဟေးလားဝါးလား မပြောရပါ။ အပြက်အချော်မပြောရပါ။

စွန့်ပစ်မထားရပါ

ဆရာဆိုတာ တပည့်ဒုက္ခရောက်တဲ့အခါ စွန့်ပစ်မထားရပါ။ ချွတ်ယွင်းတိမ်းစောင်းခဲ့ရင် တည့်မတ်ပေးရပါတယ်။

http://www.dhammadownload.com

ဘယ်လိုနည်းနဲ့

ဆရာဆိုတာ "ဒီတပည့်ကို ဘယ်လိုနည်းနဲ့ မဆုတ်ယုတ်အောင် လုပ်ပေးရမလဲ"လို့ တိုးတက်စေလိုတဲ့စိတ်ထား ရှိရပါတယ်။

အစားအစာ

အစားအစာဆိုတာ အသက်ရှည်စေနိုင်တဲ့အရာ ဖြစ်ပေမယ့် စားလွန်းရင် အသက်သေစေတတ်ပါတယ်။ ဝမ်းမီးညှဲ့နေရင်လည်း အသက်မရှည်စေတတ်ပါ။

လေးလံထိုင်းမှိုင်း

ရာဂ၊ ဒေါသ၊ မောဟတွေ လွှမ်းမိုးနှိပ်စက်ခံနေရသူရဲ့ စိတ်ဟာလေးလံထိုင်းမှိုင်းနေပါတယ်။

ပေါ့ပါးသွက်လက်

သီလ၊ သမာဓိ၊ ပညာအကျင့် ကျင့်သူတွေရဲ့ စိတ်ဟာ ပေါ့ပါးသွက်လက် ထက်မြက်နေပါတယ်။

စည်ပင်တိုးပွားရင်

ကောင်းမှုတွေ စည်ပင်တိုးပွားရင် ကောင်းကျိုးတွေ စည်ပင်တိုးပွားလာပါမယ်။

http://www.dhammadownload.com

ခိုင်၊ မခိုင် သိပြီးမှ

ကိုယ်ဖြတ်သန်းမယ့် တံတား ခိုင်၊ မခိုင် သိပြီးမှ တက်ရောက်ရပါတယ်။ ကိုယ်လက်တွဲမယ့် ဘဝခရီးဖော် ဟာလည်း ကိုယ့်အပေါ် သစ္စာ၊ မေတ္တာခိုင်မာမှု ရှိ၊ မရှိ သိပြီးမှ လက်တွဲသင့်၊ မသင့် ဆုံးဖြတ်ရပါမယ်။

ကြိုတင်ပြင်ဆင်ထားရပါတယ်

သောက်ရေသောက်ချင်သူဟာ ရေတွင်းကို ကြိုတင်တူးထားရပါတယ်။ ထမင်းစားချင်သူဟာ စပါးကို ကြိုတင်စိုက်ထားရပါတယ်။ စစ်တိုက်ချင်သူဟာ အကာအကွယ်တွေကို ကြိုတင်ပြင်ဆင်ထားရပါတယ်။ ကိုယ့် အကျိုးစီးပွားကို သိသူဟာ ဝီရိယကြိုတင်ရှိထားရပါတယ်။

မြင့်မြတ်

ရှုမှတ်စရာအာရုံတွေမှာ သတိကပ် ရှုမှတ်နေနိုင် သူရဲ့ စိတ်ဓာတ် ဟာ မြင့်မြတ် အထက်တန်းကျလှပါတယ်။ စိတ်ထားဖြူစင် အရိယာသူတော်စင်တွေရဲ့လမ်းပေါ် ရောက် နေပါတယ်။

http://www.dhammadownload.com

ရေရှည်ကို

ရေတိုကို ကြည့်ပြီး ချစ်တဲ့အချစ်ထက် ရေရှည်ကို ကြည့်ပြီးချစ်တဲ့ အချစ်က ပိုမိုအားကိုးရပါတယ်။

ထောင်

ထောင်ကျသူနဲ့ ထောင်မကျသူရဲ့ လွတ်လပ်ခြမ်းသာမှုရှိ၊ မရှိကို စဉ်းစားကြည့်ရင် အိမ်ထောင်ကျသူနဲ့ အိမ်ထောင်မကျသူရဲ့ လွတ်လပ်ခြမ်းသာမှု ရှိ၊ မရှိကိုလည်း နားလည်နိုင်ပါတယ်။

ဘဝသံသရာမှာပါ

ကိုယ် ရှာဖွေစုဆောင်းထားတဲ့ ပစ္စည်းဥစ္စာတွေကို ဘဝသံသရာမှာ ပါပါအောင် ယူသွားနိုင်မှ ပညာရှိသူဖြစ်ပါမယ်။

နှင်းနဲ့ နေမင်း

ဆောင်းရာသီအစရဲ့ နံနက်ခင်းမှာ နှင်းနဲ့နေမင်း စစ်ခင်းနေကြလေရဲ့။ နှင်းကလည်း သတ္တိမခေပါ။ နေမြင့်လာတော့ နေမင်းပဲ အောင်ပွဲခံသွားပါတယ်။ အသက်နဲ့ သေမင်းလည်း နှင်းနဲ့နေမင်းလိုပါပဲ။

http://www.dhammadownload.com

နည်းပေါင်းစုံနဲ့

စိတ်ကလေး ဖြူစင်အောင် လုပ်နည်းကို ဘုရားရှင်က မျိုးပေါင်းစုံ နေအောင် ပေးတော်မူခဲ့ပါတယ်။ အဲဒီနည်းပေါင်းစုံနဲ့ စိတ်ကလေးကို ပိုပိုပြီး ဖြူစင်လာအောင် ကြိုးစားပေးရပါမယ်။

စေတနာ

လှူဖွယ်က မကြီးကျယ်ပေမယ့် စေတနာက ကြီးကျယ်ရင် အကျိုးပေး ကြီးကျယ်ပါတယ်။

ရှင်းမှ

စိတ်ရှင်းမှ အသိဉာဏ်အလင်း ပေါ်ထွက်ပါတယ်။ စိတ်ရှုပ်ရင် အသိဉာဏ်အလင်း ငုပ်လျှိုးနေတတ်ပါတယ်။

ပျော်နေကြတာပါပဲ

သတ္တဝါတွေဟာ ရောက်ရာဘဝမှာ ပျော်နေကြတာပါပဲ။ ခွေးလည်း ခွေးဘဝနဲ့ ပျော်နေတာပဲ။ လူလည်း လူဘဝနဲ့ ပျော်နေတာပဲ။ နတ်လည်း နတ်ဘဝနဲ့၊ ငြဟ္မာလည်း ငြဟ္မာဘဝနဲ့ ပျော်နေတာပဲ။

http://www.dhammadownload.com

အဆ ရာထောင်မက

မြေလေ၊ရေ၊နေ၊လတွေရဲ့ကျေးဇူးတွေဟာ လူသားတွေအပေါ်မှာ ကြီးမားလှပါတယ်။ မိဘရဲ့ကျေးဇူးကတော့ အဆ ရာ ထောင်မက ပိုပြီးကြီးမားလှပါတယ်။

နေရာလေးဟာ

တိတ်ဆိတ်ငြိမ်သက်တဲ့ နေရာလေးဟာ တရားနဲ့ ပျော်မွေ့လိုသူတို့အတွက် ပျော်မွေ့ဖွယ်ကောင်းသလို အလွမ်းပိုတတ်သူတွေအတွက် အလွမ်းပိုစရာဖြစ်ပါတယ်။

(၅) မိနစ်

နေဝင်ချိန်က(၅)မိနစ်နဲ့ နေထွက်ချိန်က(၅)မိနစ်ဟာ မတူပါ။ နေဝင်ချိန် (၅) မိနစ်က အမှောင်ထုဆီ တွန်းပို့နေပါတယ်။ နေထွက်ချိန်(၅) မိနစ်ကအလင်း လင်းသည်ထက် ပိုပိုလင်းလာစေပါတယ်။ ငယ်ရွယ်သူ ရဲ့ တစ်နှစ်တာနဲ့ ကြီးရင့်အိုမင်းလာသူရဲ့ တစ်နှစ်တာဟာလည်း မတူပါ။ နုပျိုမှု၊ အိုမင်းယိုယွင်းမှုတို့ သိသာပေါ်လွင်စေပါတယ်။

http://www.dhammadownload.com

ဘဝကောင်း

ကုသိုလ်များများရတဲ့ ဘဝဟာ ဘဝကောင်းပါပဲ။ ကုသိုလ်များများ မရတဲ့ဘဝက ဘဝညံ့ပါပဲ။ အကုသိုလ်တွေသာ တိုးပွားနေတဲ့ ဘဝကတော့ ဘဝဆိုးပါပဲ။

သိမ်းဆည်းမထားသင့်ပါ

စိုးရိမ်သောကပြင်းစွာ ခံစားနေရရင် အစားပျက်၊ အအိပ်ပျက် ဖြစ်လာတတ်ပါတယ်။ ကျန်းမာရေး ချို့ယွင်းလာတတ်ပါတယ်။ မလိုအပ်ဘဲ သောကတွေကို ရင်မှာ သိမ်းဆည်းမထားသင့်ပါ။

ကျင်ကြီးကို ကိုင်ပြီး

သူတစ်ပါးဂုဏ်ကို ချေဖျက်သူဟာ ရှေးဦးစွာ ကိုယ့်ဂုဏ်ကို ချေဖျက်ရာရောက်ပါတယ်။ ဥပမာ - ကျင်ကြီးကို ကိုင်ပြီး သူတစ်ပါးကို ပစ်ပေါက်သူနဲ့ တူပါတယ်။

မာနရဲ့ သင်္ကေတ

သူတစ်ပါးကို နှိမ်ချ၊ ကိုယ့်ကိုကိုယ်တော့ မြှောက်ပင့်တာတွေဟာ မာနရဲ့ သင်္ကေတတွေပါ။

http://www.dhammadownload.com

သိလျက်လုပ်ရင်

ကိုယ်နဲ့ မသင့်တာကို မသင့်မှန်း သိလျက် စားရင် ရောဂါများပါတယ်။ ပညာကင်းမဲ့သူဟာလည်း မကောင်းတာကို မကောင်းမှန်း သိလျက် လုပ်ရင်ကောင်းကျိုးတွေ ဆုတ်ယုတ်ကာ ဆိုးကျိုးတွေ တိုးပွားလာပါတယ်။

မမေ့ပါမှ

ကုသိုလ်တွေကို ကိုယ်က မမေ့ပါမှ ကောင်းကျိုးတွေက ကိုယ့်ကို မမေ့မှာပါ။ ကိုယ်က ကုသိုလ်တွေကို မေ့ရင် ကောင်းကျိုးတွေက ကိုယ့်ကိုမေ့ပါလိမ့်မယ်။

အလေးပြုစရာ မလိုပါ

ပညာမဲ့ လူမိုက်တွေရဲ့ ကဲ့ရဲ့ခံမွမ်းမှုကို အလေးပြုစရာ မလိုပါ။ ပညာရှိသူတော်ကောင်းတွေရဲ့ ကဲ့ရဲ့၊ ခံမွမ်းမှုကိုတော့ အလေးပြုရပါတယ်။

အကောင်းဆုံး လယ်ယာမြေပဲ

မိဘဆိုတာ သားသမီးတွေအတွက် ကောင်းမှုကုသိုလ်မျိုးစေ့ကို စိုက်ပျိုးကျဲချရာ အကောင်းဆုံး လယ်ယာမြေပဲ ဖြစ်ပါတယ်။

http://www.dhammadownload.com

လိမ္မာတဲ့ သားသမီး

လိမ္မာတဲ့ သားသမီးတွေဟာ မိဘကို ရှိခိုးလေ့ရှိကြပါတယ်။ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ကိုယ်စိတ်ချမ်းသာခြင်း၊ ကိုယ်အင်အားရှိခြင်း အကျိုးတွေကို ရကြပါတယ်။

ပို အကျိုးကြီးကြောင်း

ဒါနထက် သီလက၊ သီလထက် ဘာဝနာက ပိုအကျိုးကြီးကြောင်းကို ဘုရားရှင်ဟောထားပါတယ်။ မေတ္တာဘာဝနာထက် ဝိပဿနာ ဘာဝနာက ပိုအကျိုးကြီးကြောင်းကိုလည်း ဟောထားပါသေးတယ်။

အတိအကျ မသိနိုင်ပါ

မနက်ဖြန်မှ သေရမယ်။ သန်ဘက်ခါမှ သေရမယ်လို့ ဘယ်သူမှ အတိအကျ မသိနိုင်ပါ။ ဒါကြောင့် ဒီနေ့ပဲ ဝိပဿနာအလုပ်ကို ကြိုးစားအားထုတ်ထားသင့်ပါပြီ။

http://www.dhammadownload.com

အပါယ်မီး

ဝတ်ထားတဲ့ အဝတ်ကို မီးလောင်လာခဲ့ရင် အဲဒီ မီးကို ငြှိမ်းသတ်ဖို့ ထက် ဝိပဿနာအလုပ်ကို အားထုတ်မိ ဖို့က ပိုမိုအရေးကြီးပါတယ် - တဲ့၊ ရိုးရိုးမီးလောင်ခံရလို့ ဒုက္ခ ရောက်ရတာထက် ဝိပဿနာ အားမထုတ်မိလို့ အပါယ်ကျ ရင် အပါယ်မီးက ပိုမို အဆပေါင်းများစွာ ဒုက္ခရောက်စေ နိုင်ပါတယ်။

သားကောင်း သမီးမွန်

မိခင်နှင့် ဖခင်ကို သတိပဋ္ဌာန် အားထုတ်ခွင့်ရ အောင်၊ အားထုတ်ဖြစ်အောင် ဆောင်ရွက်ပေးနိုင်တဲ့ သားသမီးဟာ မိဘကျေးဇူးကြွေးကို ကျေအောင်ဆပ်ပေး နိုင်တဲ့ သားကောင်း သမီးမွန် ဖြစ်ပါတယ်။

သိလာရတဲ့အခါ

ငါပိုင်မဟုတ်တဲ့အရာကို "ဒါဟာ ငါပိုင်ပဲ" လို့ ခိုင်မြဲစွာ ထင်မှားစွဲလမ်းထားသူဟာ ငါပိုင်မဟုတ်မှန်း သိလာရတဲ့အခါ စိတ်ပူလောင်မှုကို ပြင်းစွာခံစားရတတ် ပါတယ်။

http://www.dhammadownload.com

မပူ၊ မအေးဘဲ

ရာသီဥတုဟာ ပူလွန်းရင်လည်း မကောင်းပါ။ အေးလွန်းရင်လည်း မကောင်းပါ။ မပူ၊ မအေးဘဲ ကောင်းပါတယ်။ လူဟာလည်း ပူလွန်းရင်လည်း မကောင်းပါ။ အေးလွန်းရင်လည်း မကောင်းပါ။ မပူ၊ မအေးဘဲကောင်းပါတယ်။

ချစ်ခင်နှိုင်ရပါမယ်

ကောင်းကျိုးတွေကို ပိုင်ဆိုင်ချင်ရင် ကောင်းမှုတွေကို ချစ်ခင်နှိုင်ရ ပါမယ်။

အသိ စုံသွားပါတယ်

အပူကို မခံစားဖူးရင် အပူအကြောင်းကို မသိနိုင်ပါ။ အအေးကို မခံစားဖူးရင် အအေးအကြောင်းကို မသိနိုင်ပါ။ အပူကိုရော၊ အအေးကိုပါ ခံစားဖူးသူဟာ အသိစုံသွားပါတယ်။

အချည်းနှီး မဖြစ်ပါ

နားမလည်သေးတဲ့အရာကို နားလည်အောင် ကြိုးစားကြည့်ရာ နားလည်လာတဲ့အခါ နားလည်မှု အကျိုးအမြတ်ကို ရရှိလာပါတော့တယ်။ ကြိုးစားမှုဟာ အချည်းနှီး မဖြစ်ပါ။

http://www.dhammadownload.com

သင်ခန်းစာများစွာ

ရင်ထဲမှာ နင့်ခနဲနေအောင် ခံစားလိုက်ရတဲ့ ခံစားမှုမျိုးကို ကြုံတွေ့ရတဲ့အခါ သင်ခန်းစာများစွာ ရလာတတ်ပါတယ်။ ပြင်းထန်တဲ့ ခံစားချက်ကြောင့် အလင်းဉာဏ်ပေါ်ထွက်လာတတ်တာပါပဲ။

ထွက်ပေါက်

အကျပ်အတည်း အခက်အခဲ ကြုံတွေ့လာရတဲ့အခါ ထွက်ပေါက်လေးက အလိုလို ပေါ်လာတတ်ပါတယ်။ ကုသိုလ်ကံကြောင့်ပဲလို့ ဆိုရမယ်ထင်ပါတယ်။

ခိုးကျူးရမှာပါပဲ

ကိုယ်ပြုလုပ်ဖို့ မစွမ်းနိုင်တဲ့ အလုပ်မျိုးကို လုပ်နိုင်စွမ်းရှိနေတဲ့ ပုဂ္ဂိုလ်ကို ခိုးကျူးရမှာပါပဲ။ အသက်ငယ်ပေမယ့် အစွမ်းအစရှိတဲ့ ပုဂ္ဂိုလ်ကို အလေးပြုရတာပါပဲ။

ရှားတယ်လေ

လိုနေတဲ့နေရာမှာ လိုအပ်တာကို ကြည့်ပြီး နာမည်ပေါ်လွင်လိုမှု မဖက်ဘဲဖြည့်စွက် ကူညီပေးတတ်တဲ့ စိတ်ထားဟာ ဘယ်လောက်အားရ ကျေနပ်စရာကောင်းလှပါသလဲ။ အဲဒီလို စိတ်ထားက ရှားတယ်လေ။

http://www.dhammadownload.com

နစ်နာတော့တာပါပဲ

မသေခင် အတောအတွင်း အသက်ရှင်နိုင်ဖို့၊ လူတစ်လုံး သူတစ်လုံးဖြစ်နိုင်ဖို့အတွက် လုံးပမ်းလိုက်ကြရတာ ဘယ်သက်သာလို့လဲ။ မတရားတာပါရင်တော့ ဘဝဟာ နစ်နာတော့တာပါပဲ။

နောင်တရတတ်ပါတယ်

ဒေါသထွက်နေတုန်းမှာ စိတ်လိုက်မာန်ပါ ပြောတတ်၊ ပြုမူတတ်ပါတယ်။ အဲဒီလို ပြောဆို၊ ပြုမူပြီးမှ နောင်တရတတ်ပါတယ်။ ဒေါသပြေကာ စိတ်အေးသွားမှ ပြောဆို ပြုမူရင် နောင်တကင်းရပါတယ်။

မေတ္တာအား

ကိုယ့်အပေါ် သည်းခံမှု၊ ခွင့်လွှတ်မှု များများထား နိုင်လေလေ အဲဒီပုဂ္ဂိုလ်ဟာ ကိုယ့်အပေါ်မှာ မေတ္တာအား ကြီးလေလေလို့ သတ်မှတ်ရပါတယ်။

ချီးကျူးမှုကို

ကိုယ် မြတ်နိုးသူထံကရတဲ့ ချီးကျူးမှုကို ကိုယ် မမြတ်နိုးသူထံကရတဲ့ ချီးကျူးမှုထက် ပိုပြီးမြတ်နိုးတတ်ကြပါတယ်။

http://www.dhammadownload.com

အန္တရာယ်ကင်းစွာ

ကိုယ်လုပ်ချင်တဲ့ကိစ္စကို သင့်၊ မသင့် နှိုင်းချင့်ပြီး အခြေအနေ၊ အချိန်အခါ ကြည့်ကာ ဆောင်ရွက်ရပါတယ်။ ဒါမှ အန္တရာယ်ကင်းစွာ ချောချောမောမော ပြီးမြောက်အောင်မြင်နိုင်ပါတယ်။

အောင့်နိုင်မှ

ကိစ္စတစ်ခုကို ကိုယ်ကလုပ်ဖို့ ဆန္ဒစောနေပေမယ့် လုပ်ဖို့ အခွင့်အခါ မဆိုက်ရောက်လာသေးရင် အောင့်အည်းနိုင်ရပါတယ်။ အောင့်နိုင်မှ ကောင်းကျိုးဖြစ်ထွန်းစေမယ့် ကိစ္စတွေ လောကမှာရှိပါတယ်။

အသိဉာဏ်အလင်း

ပကတိအမှောင်ကို ခွင်းပြီး အလင်းရောင်ပေးတတ်တဲ့ နေမင်းနဲ့ လမင်းဟာ လူသားတွေအား၊ သတ္တဝါတွေအား ကျေးဇူးများလှပါတယ်။ မောဟအမှောင်ကို ခွင်းပြီး အသိဉာဏ်အလင်းရောင်ကို ပေးတော်မူတဲ့ ဘုရားရှင်ကတော့ သတ္တဝါတွေအားနေမင်း၊ လမင်းထက် အဆပေါင်းရာ၊ ထောင်၊ သိန်း၊ သန်းမက ပိုကာ ကျေးဇူးများလှပါတယ်။

http://www.dhammadownload.com

သာမညပုဂ္ဂိုလ်တွေမှာ

လောကကြီးအား ကျေးဇူးများလှတဲ့ ဘုရားရှင်နဲ့ နေမင်း၊ လမင်းတို့သော်မှ ဖြစ်ပေါ်ပြီးနောက်ကွယ်ပျောက်ကြရပါသေးတယ်။ ငါတို့လို သာမညပုဂ္ဂိုလ်တွေမှာ ဘယ်လို အကြောင်းကြောင့် ဖြစ်ပေါ်ပြီးနောက် မကွယ်ပျောက်ဘဲ ရှိမှာလဲ။

အနာရောဂါ

ခန္ဓာကိုယ်မှာဖြစ်တဲ့ အနာရောဂါထက် စိတ်မှာ ဖြစ်တဲ့ အနာရောဂါ က ပိုမိုကုစားရခက်ပါတယ်။ ဘုရားရှင်ကတော့ စိတ်မှာဖြစ်တဲ့ အနာရောဂါကို ကုစားရာမှာ အစွမ်းအထက်မြက်ဆုံးပုဂ္ဂိုလ် ဖြစ်ပါတယ်။

သောက်သုံးမပေးက

ခန္ဓာကိုယ်မှာ ပူတဲ့ အပူထက် စိတ်မှာ ပူတဲ့ အပူက အဆပေါင်း ရာ ထောင် သိန်း သန်းမက ပူပြင်းလှပါတယ်။ တရားရေအေး သောက်သုံးမပေးက အဲဒီအပူဘေးမှ ကင်းဝေးနိုင်မယ် မဟုတ်ပါ။

http://www.dhammadownload.com

ငရုတ်သီးလိုပါပဲ

ငရုတ်သီးဟာ စားသုံးသူကို အဝင်မှာလည်း ပူစေတတ်ပါတယ်။ အထွက်မှာလည်း ပူစေတတ်ပါတယ်။ နောင်တပူပန်မှု ရစေတတ်တဲ့ အပြု၊ အပြော၊ အတွေးတွေဟာလည်း ငရုတ်သီးလိုပါပဲ။ စိတ်ကို အခု ရော၊ နောင်ပါ ပူလောင်စေတတ်ကြပါတယ်။

လေးစားစရာအလုပ်

ကိုယ်အလေးပေးပြီး လုပ်ရမယ့်အလုပ်ကို အလေးပေးပြီး မလုပ် ဘဲ အလေးမပေးရမယ့်အလုပ်ကို အလေးပေးဆောင်ရွက်နေရင် ကိုယ့်အလုပ်ဟာ လေးစားစရာအလုပ် ဖြစ်လာမယ် မဟုတ်တော့ပါ။ အလေးပေးလုပ်မှ လေးစားစရာဖြစ်လာပါမယ်။

ဒွန်တွဲ

အမှောင်ရှိသလို အလင်းရှိပါတယ်။ အပူ ရှိသလို အအေးရှိပါတယ်။ လူတွေမှာလည်း ကိုယ်၊ စိတ်ချမ်းသာမှု ရှိသလို ကိုယ်၊ စိတ်ဆင်းရဲမှုလည်း ရှိပါတယ်။ လူဘဝဆိုတာ ချမ်းသာ၊ ဆင်းရဲဒွန်တွဲနေတဲ့ဘဝပါ။

http://www.dhammadownload.com

တွေ့ရကျိုး

ဆင်းရဲကသာ များပြားပြီး ချမ်းသာက အနည်းအပါးလေးသာရှိတဲ့ ချမ်းသာမျိုးကို ရှောင်ရှားပြီး ချမ်းသာများတဲ့ ချမ်းသာကို ရအောင်ယူဖို့ ကြိုးစားနိုင်ပါမှ လူဘဝမှာ ဗုဒ္ဓသာသနာနဲ့ တွေ့ရကျိုးနပ်ပါမယ်။

မျက်နှာမငယ်ရတဲ့

ပိုက်ဆံကို နည်းနည်းများများ ရနိုင်သမျှ ရအောင် စုဆောင်းပါမှ ပိုက်ဆံပေါများကာ လောကမှာ မျက်နှာမငယ်ရတဲ့ အခြေအနေကို ဆိုက်ရောက်ရပါတယ်။ ယခုအချိန်က တည်းက ကုသိုလ်တွေကို နည်းနည်းများများ ရနိုင်သမျှရအောင် စုဆောင်းထားပါမှ ဘဝသံသရာမှာ မျက်နှာမငယ်ရတဲ့ အခြေအနေသို့ ဆိုက်ရောက်ရပါမယ်။

ပညာရှိ

ဘဝရဲ့ အကာတွေကို ပစ်ပြီး ဘဝရဲ့အနှစ်သာရတွေကို ရအောင် ယူတတ်သူသာ တကယ့်ပညာရှိဖြစ်ပါတယ်။

http://www.dhammadownload.com

လ မသာပေမယ့်

လျှပ်စစ်မီး တီထွင်နိုင်သူရဲ့ ကျေးဇူးကြောင့် ည အခါ လမသာပေမယ့် အလင်းရောင် ရနိုင်ကြပါတယ်။ အသိ ဉာဏ် အလင်းရောင်တွေကို ပေးနိုင်တဲ့ ဗုဒ္ဓရဲ့ကျေးဇူးတော် တွေကြောင့် နေ့မှာရော ညမှာပါ အခါခပ်သိမ်း တရားအသိ ဉာဏ်အလင်းရောင်တွေကို သတ္တဝါတွေဟာရကာထွန်းလင်း ပေါ် ပေါက်လာကြပါတယ်။

အအိုစော

စိတ်ပူလောင်မှုဒဏ်ကို ပြင်းထန်စွာ ခံရတဲ့ ကိုယ်ခန္ဓာဟာ ကြုံလို့ ပိန်ချုံးလာကာ အအိုစောတဲ့ အဖြစ်သို့ ရောက်လာတတ်ပါတယ်။ နောက်ဆုံးမှာ အကြွေလည်း စောတတ်ပါတယ်။

တစ်ဆင့်ထက် တစ်ဆင့်

ရရာရောက်ရာဘဝတွေမှာ ကုသိုလ်ကံတွေကို များသည်ထက် များအောင် စုဆောင်းနိုင်မှ တစ်ဆင့်ထက် တစ်ဆင့် မြင့်သည်ထက် ပိုပို မြင့်လာပါမယ်။

http://www.dhammadownload.com

ပူးပေါင်းပြီး

ဉာဏ်မပါတဲ့ ဝီရိယဟာ ပင်ပန်းသလောက် အကျိုးမပြီးမြောက်ဘဲ ရှိတတ်ပါတယ်။ ဉာဏ်ဝီရိယ ပူးပေါင်းပြီး ဆောင်ရွက်တတ်ပါမှ ပင်ပန်းသလောက် အကျိုးပြီးမြောက်ပါတယ်။

လမ်းသစ်

ခရီးမတွင်တဲ့ လမ်းဟောင်းနောက်ကို မလိုက်ဘဲ ခရီးတွင်တဲ့ လမ်းသစ်ကို ထွင်ကာသွားတဲ့ သူဟာ ခရီးမြန်မြန် ပေါက်ပြီး ပန်းတိုင်ကို မြန်မြန်ရောက်တာပေါ့။

မထွင်နိုင်ရင်

ခရီးတွင်စေမယ့် လမ်းသစ်ဖြစ်ပေမယ့် ပြီးမြောက်အောင်မြင်လာ အောင် မထွင်နိုင်ရင် အဲဒီလမ်းသစ်ဟာ မတောက်ပြောင်လာနိုင်ပါ။ ပျောက်ကွယ်သွားပါလိမ့်မယ်။

လိုလျှင် ကြံဆ

ကိစ္စတစ်ခုကို ပြီးမြောက်အောင် ဆောင်ရွက်ဖို့ ကြိုးစားရာမှာ ဒီနည်းနဲ့ မရသေးရင် အခြားနည်းနဲ့လည်း ကြိုးစားကြည့်ရပါသေးတယ်။ လိုလျှင် ကြံဆနည်းလမ်း ရစမြဲပါပဲ။

http://www.dhammadownload.com

လူ့တန်ဖိုး

စည်းကမ်းရှိသူက အထက်တန်းသို့ တက်လှမ်းနိုင်ပါတယ်။ စည်းကမ်းမရှိသူကတော့ အောက်တန်းသို့သာ မြန်းရပါတယ်။ စည်းကမ်းကို တန်ဖိုးမထားသူဟာ တန်ဖိုးမရှိသူဘဲ ဖြစ်ပါတယ်။ စည်းကမ်းဟာ လူ့တန်ဖိုးလို့ ဆိုတယ် မဟုတ်လား။

ခက်တာလေးတွေပါ

စည်းကမ်းမရှိသူတွေကို စည်းကမ်းကောင်းတွေ လိုက်နာတတ် လာအောင် ပြုလုပ်ပေးရာမှာ အခါခပ်သိမ်း လွယ်တာချည်း မတွေ့ရဘဲ ခက်တာလေးတွေပါ တွေ့လာရတဲ့အခါ အဆုံးအမအကောင်းဆုံး ဘုရားရှင်ရဲ့ဂုဏ်တော် (အနုတ္တရော ပုရိသ ဒမ္မသာရထိ ဂုဏ်တော်)ကို အာရုံပြုကြည်ညိုမိပါတယ်။

အဆင်ပြေပါတယ်

အခြေအနေကို နားလည်တတ် အလိုက်သိတတ်သူဟာ ရောက်လေရာအရပ်မှာ အဆင်ပြေပါတယ်။ ခင်မင်မြတ်နိုးစရာ ဖြစ်ပါတယ်။

http://www.dhammadownload.com

မကြိုးစားရင်တော့

ဘယ်နေရာမှာပဲ ဖြစ်ဖြစ်၊ ဘယ်အလုပ်မှာပဲ ဖြစ်ဖြစ် မကြိုးစားရင်တော့ ဘယ်သောအခါမှ မအောင်မြင်နိုင်ပါ။ မကြိုးစားဘဲ တိုးပွားနေရင်လည်း ရိုးသားမှု ကင်းဝေးနေပါလိမ့်မယ်။

တန်ဖိုးကို သိကြသူတွေက

ကိုယ့်မြန်မာ့ယဉ်ကျေးမှု၊ ကိုယ့်ဗုဒ္ဓယဉ်ကျေးမှုရဲ့ တန်ဖိုးကို သိကြသူတွေက ကိုယ့်မြန်မာ့ယဉ်ကျေးမှု၊ ကိုယ့်ဗုဒ္ဓယဉ်ကျေးမှုတွေကို မြတ်နိုးကြပါတယ်။ ထိန်းသိမ်း စောင့်ရှောက် ကာကွယ်ကြပါတယ်။ မသိသူတွေကတော့ ပြောင်းပြန်ပါပဲ။

အလုအယက်သာ

တရားအရသာကို ကောင်းမှန်း သိပါတယ်လို့ ဆိုကြပေမယ့် တကယ်ကောင်းကောင်း မသိနိုင်ကြသေးလို့သာ ကောင်းကောင်း မစားနိုင်ဘဲ ရှိနေကြပါတယ်။ တကယ်ကောင်းမှန်း သိသူတွေကတော့ သူ့ထက်ငါ အလုအယက်သာ စားသုံးနေကြပါတယ်။

http://www.dhammadownload.com

ဘုရားနဲ့ ဝေးနေသူ

ဘုရားစေတီတွေ ဘယ်လောက်ပဲတည်နေနေ ဘုရားရုပ်ပွားတော် စေတီတော်အနားမှာပဲ ဘယ်လောက်ပဲနေနေ ဘုရာမကြိုက်တဲ့ အလုပ်တွေကို လုပ်နေရင် အဲဒီသူဟာ ဘုရားနဲ့ဝေးနေသူပါပဲ။

တရားရှိသူပါပဲ

ကိုယ်အနာပေါ်မှာ စိတ်အနာ မထပ်အောင် ရှုမှတ်နိုင်သူဟာ တကယ့်တရားရှိသူပါပဲ။

ဘုရားနဲ့ နီးနေသူ

ဘုရားစေတီတွေ မတည်ချင်နေပါ။ ဘုရားရုပ်ပွား၊ စေတီတွေနဲ့ မိုင်ပေါင်းများစွာ ဝေးတဲ့အရပ်မှာ နေချင်နေပါ။ ဘုရားကြိုက်တဲ့ အလုပ်တွေကို လုပ်နေရင် အဲဒီသူဟာဘုရားနဲ့ နီးနေသူပါပဲ။

အပြောလွယ်သလောက်

တရားအားထုတ်တဲ့ အလုပ်ဟာ အပြောလွယ်သလောက် အလုပ်ခက်နေပါတယ်။ ဒါကြောင့်အပြောသမားတွေသာ များပြားပြီး အလုပ်သမားတွေက နည်းပါးနေကြပါတယ်။

http://www.dhammadownload.com

မမေ့မလျော့

သီလလောက်နဲ့သာ အားရတင်းတိမ် ကျေနပ်မနေဘဲ သမာဓိ၊ ပညာအကျင့်ပါ ကျင့်ပါမှ မမေ့မလျော့နေသူလို့ ဆိုနိုင်ပါတယ်။

မြူမှုန်လောက်ပဲ

ငါးပါးသီလ မလုံခြုံသူ၊ မိဘ မလုပ်ကျွေးသူ၊ ကြီးသူကို မရိုသေသူတွေက မြေကြီးလောက်ပဲ ကြီးကျယ်များပြားပါတယ်။ ငါးပါးသီလ လုံခြုံသူ၊ မိဘလုပ်ကျွေးသူ၊ ကြီးသူကို ရိုသေသူတွေက လက်သည်းပေါ် တင်ထားတဲ့ မြူမှုန်လောက်ပဲ ရှိပါတယ်။ နည်းပါးလှပါတယ်။

သူတော်စင်တွေရဲ့စိတ်ထား

ပရိယတ်၊ ပဋိပတ်ဂုဏ်တွေနဲ့ ပြည့်စုံနေပေမယ့် မပေါ်လွင်ချင်တဲ့ သူတော်စင်တွေရဲ့စိတ်ထားဟာ ဘယ်လောက်လေးစားကြည်ညိုစရာ ကောင်းလိုက်ပါသလဲ။

http://www.dhammadownload.com

ကြည်ညိုလေးစားရပါတယ်

ငယ်ရွယ်စဉ်က ခင်မင်ခဲ့ရတဲ့ သီတင်းသုံးဖော် အပေါင်းက မေတ္တာ ကာယကံ၊ မေတ္တာဝစီကံ၊ မေတ္တာ မနောကံတွေနဲ့ အားပေးကြတဲ့အခါ သူတို့ရဲ့မေတ္တာကို ကြည်ညိုလေးစားရပါတယ်။

တုန်လှုပ်သွားစေနိုင်စွမ်း

ထင်ပေါ်ကျော်ကြားကြတဲ့ ပုဂ္ဂိုလ်တွေရဲ့ အပြုအမူ၊ အပြောအဆိုတွေက ပတ်ဝန်းကျင်ကို ရိုက်ခတ် တုန်လှုပ် သွားစေနိုင်စွမ်း ရှိကြပါတယ်။

ပိုကောင်းပါတယ်

တစ်သိန်းတန်ကို ကျွတ်ကျွတ်လွတ်လွတ် မရှိဘဲ လျှဒါန်းတာထက် တစ်ဆယ်တန်ကို ကျွတ်ကျွတ်လွတ်လွတ် လျှဒါန်းတာက ပိုကောင်း ပါတယ်။

ကြွယ်ဝချမ်းသာသူ

ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအပေါ် ဉာဏ်နဲ့ သက်ဝင်ယုံ ကြည်ပြီး ငါးပါးသီလ လုံခြုံသူကို တရားနယ်ပယ်မှာ ကြွယ်ဝချမ်းသာ သူလို့ပဲ ဆိုရပါတယ်။

http://www.dhammadownload.com

အလှ

သစ်ရွက်နုနုလေးမှာ အလှရှိသလို သစ်ရွက်ရင့်ရင့်မှာလည်း အလှရှိတာပါပဲ။ လူမှာလည်း ငယ်ရွယ်စဉ် အလှရှိသလို ကြီးတော့လည်း ရင့်ကျက်မှုအလှ ရှိတာပါပဲ။ အလှဆိုတာ ကိုယ်စီရှိကြစမြဲပါပဲ။

အချစ်ဆိုတာလည်း

ကြာပင်ဟာ ရေနဲ့ရွှံ့ညွန်ရှိရင် ပန်းပွင့်ပါတယ်။ အချစ်ဆိုတာလည်း ရှေးဘဝက အတူနေထိုင်ခဲ့ဖူးခြင်း၊ ဒီဘဝမှာလည်း တစ်ဦး အကျိုးကို တစ်ဦးက သယ်ပိုးပေးခြင်း ဆိုတဲ့ အကြောင်း (၂) ပါးရှိရင် ဖြစ်ပေါ်လာပါတယ်။

ငါတွေ့ ဖြစ်လာတဲ့အခါ

စာတွေ့သာ ရှိပြီး ငါတွေ့မဟုတ်သေးတဲ့ အရာကို ငါတွေ့ဖြစ်လာတဲ့အခါ၊ စာတွေ့ကို ပိုမိုသဘောပေါက် နားလည်လာရပါတယ်။

http://www.dhammadownload.com

ကရဏာရှင်

ကရဏာရှင်ဟာ သူတစ်ပါး ဒုက္ခရောက်နေတာကို တွေ့ရတဲ့အခါ သူတစ်ပါးရဲ့ ဒုက္ခကို ဖယ်ရှားပေးလိုတဲ့ အတွက် ကိုယ့်သုခကို မငဲ့ကွက်ဘဲ လစ်လျူရှုပါတယ်။

မှားနေပါတယ်

ကိုယ့်ရဲ့ ကိုယ်ခန္ဓာကိုတောင် သေရင် စွန့်ပစ်သွားရမှာ ဖြစ်လို့ ကိုယ်ပိုင်လို့မဆိုနိုင်ပါ။ ကိုယ်မပိုင်တာကို ကိုယ်ပိုင်လို့ ထင်နေတာဟာ မှားနေပါတယ်။

ဓမ္မစေတီက

ပိုက်ဆံများစွာ ကုန်ကျခံရပြီး တည်ရတဲ့ စေတီတွေကို တည်ဖို့ကြိုး စားကြပါလျက် ဘာကြောင့် ပိုက်ဆံမကုန်ဘဲ နှလုံးသားမှာ တည်လို့ရတဲ့ ဓမ္မစေတီကိုတည်ဖို့ မကြိုးစားကြပါလိမ့်။ ရွှေပြောင်ပြောင်၊ သင်္ကန်းဖွေးဖွေး စေတီတွေထက် ဓမ္မစေတီက ရင်ကိုပိုပြီး အေးမြချမ်းသာစေနိုင်ပါတယ်။

အချစ်အမှောင်

အချစ်အမှောင် ကျရောက်လာရင် ပညာအလင်းရောင် ကွယ်ပျောက်သွားပါတယ်။

http://www.dhammadownload.com

စီးပါမှ

တဏှာရေယဉ်ကျောမှာ မျောပါနေသူအဖို့ သမထ လေ့ကိုဖြစ်စေ၊ ဝိပဿနာလေ့ကို ဖြစ်စေ စီးပါမှ အပါယ် သမုဒ္ဒရာထဲ မနစ်မြုပ်ဘဲရှိပါမယ်။

တူပါတယ်

သူတစ်ပါးကို စိတ်ဆိုးတာဟာ ရဲနေတဲ့ မီးကျီးခဲ၊ ရဲရဲတောက် ပူ လောင်နေတဲ့ သံတုံး၊ ကျင်ကြီးတွေကို ယူပြီး သူတစ်ပါးကို ပစ်ခတ်လို တာနဲ့ တူပါတယ်။

အလွန်ပဲ ကြည်ညိုစရာ

ပြောသလိုလုပ်ပြီး လုပ်သလိုပြောတဲ့ ဘုရားရှင်ဟာ အလွန်ပဲ ကြည်ညိုစရာ ကောင်းလှပါဘိတယ်။

မင်္ဂလာ

မိဘတွေအား ပြုစုလုပ်ကျွေးတာဟာ ကြီးပွားချမ်းသာကြောင်း ဖြစ်တဲ့မင်္ဂလာဖြစ်သလို ပညာရှိသူတော်ကောင်းတွေ ဖော်ထုတ်ကျင့် သုံးကြတဲ့ လုပ်ငန်းလည်းဖြစ်ပါတယ်။

http://www.dhammadownload.com

တစ်ခဏတာ

အရည်အသွေး တကယ်မရှိပါဘဲ ကျော်ကြား အောင်မြင်နေရင် အဲဒီကျော်ကြားအောင်မြင်မှုဟာ ကောက်ရိုးမီးပမာ တစ်ခဏတာ ကာလလောက်သာ ကြာ ညောင်းတတ်ပါတယ်။

အလျှို့ အလျှို့

ကိုယ်လုပ်ရမယ့်အလုပ်ကို ရိုရိုသေသေ လေးလေး စားစား ဖိဖိစီးစီး ဆောင်ရွက်နေရင် ဆောင်ရွက်နေသမျှ ကာလပတ်လုံး ကိုယ့်ထံ အောင်မြင်မှုတွေက အလျှို့ အလျှို့ ဝင်ရောက်လာကြပါတယ်။

အလိုက်သိ

အလိုက်သိတတ်သူဟာ ချစ်ခင်မြတ်နိုးမှုကို ခံယူ ရစမြဲ ဖြစ်ပါတယ်။

သံယောဇဉ်

သူ့အပေါ် ကိုယ်ထားရှိတဲ့ သံယောဇဉ်ကြောင့် သူမှာ ပညာရေး၊ စီးပွားရေး၊ ကုသိုလ်ရေး၊ ကျန်းမာရေး၊ အရှိန် အဝါတွေ တိုးတက်လာရင် အဲဒီသံယောဇဉ်ကို ကောင်းကျိုး ပြု သံယောဇဉ်လို့ ဆိုနိုင်ပါတယ်။

http://www.dhammadownload.com

အောင်မြင်တာပါပဲ

ကိုယ်လုပ်ရမယ့်အလုပ်မှာ ကျွမ်းကျင်မှု၊ ကြိုးစားမှု ရှိရင် အောင်မြင်တာပါပဲ။

စီမံတတ်ရပါသေးတယ်

ကိုယ်လုပ်ရမယ့်အလုပ်ကို ကိုယ်တိုင်လည်း လုပ်တတ်ရသလို သူတစ်ပါးကိုလည်း လုပ်တတ်အောင် စီမံတတ်ရပါသေးတယ်။ ဒါမှကြီးပွားပါမယ်။

ဒါမှ

အာဟာရပြည့်တင်းစေပြီး ကျန်းမာရေးပြည့်စုံစေတဲ့ အစားအစာကို နေ့စဉ်လုံလောက်အောင် စားပေးရပါတယ်။ ဒါမှ ကျန်းမာအားရှိပြီး လုပ်ငန်းကိစ္စတွေကို ထိထိရောက်ရောက် အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ပါတယ်။

နှလုံးသား

ဒုက္ခရောက်နေသူရဲ့ အခြေအနေက သူတော်ကောင်းတွေရဲ့ နှလုံးသားကို တုန်လှုပ်ချောက်ချား သွားစေနိုင်ပါတယ်။ အဲဒီ တုန်လှုပ်ချောက်ချားသွားတာဟာ ကရုဏာပါပဲ။

http://www.dhammadownload.com

မေတ္တာပါပဲ

ဒီဘဝမှာရော၊ နောင်ဘဝသံသရာ အဆက်ဆက်မှာပါ ရုပ်ရည်လှပချောမော တင့်တယ်ချင်သူတိုင်းဟာ မေတ္တာပါတဲ့ အပြော၊ အပြု၊ အတွေးတွေကို များများပြောပေးရပါတယ်။ ပြုပေးရပါတယ်။ တွေးပေးရပါတယ်။

မှန်မှန် လုပ်နေဖို့ပဲ

လောကကြီးမှာ ကိုယ့်ထက်တော်တဲ့သူတွေ အများကြီး ရှိသလို ကိုယ့်အောက်ရှော်တဲ့သူတွေလည်း အများကြီးပဲ ရှိပါတယ်။ ကိုယ့်ဘဝကို တွေးပြီးအားငယ်နေဖို့ မလိုသလို ဘဝမြင့်နေဖို့လည်း မလိုပါ။ ကိုယ်လုပ်ရမယ့် အလုပ်ကို မှန်မှန်လုပ်နေဖို့ပဲလိုပါတယ်။

စုဆောင်းဆည်းပူး

နေ့စဉ် ဘုရားရှိခိုး၊ မေတ္တာပို့၊ တရားရွှမ့်တ်၊ အမျှဝေ၊ ဘုရားစကားတွေ ဖတ်ရှုစတဲ့ ကုသိုလ်တွေကို စုဆောင်းဆည်းပူးနေတာဟာ ချမ်းသာတွေကို စုဆောင်းဆည်းပူးနေတာပါပဲ။

http://www.dhammadownload.com

မဏ္ဍူသကနတ်ပန်း

ယူဇနာပေါင်းများစွာထိ သင်းပျံ့မွှေးကြိုင်ရနံ့လှိုင်တဲ့ နတ်ပြည်က မဏ္ဍူသကနတ်ပန်းထက်တောင် သီလရနံ့က အဆပေါင်းများစွာ ပိုမိုသင်းပျံ့မွှေးကြိုင်ရနံ့လှိုင်ပါတယ်။

သံယာအား လှူတာက

သံယာထုကို ရည်စူးပြီး လှူတဲ့ ညီမဖြစ်သူ သုဘဒ္ဒါက သေတော့ နိမ္မာနရတိနတ်ပြည်ကို ရောက်ပါတယ်။ ပုဂ္ဂိုလ်ကို ရည်စူးပြီးလှူတဲ့ အစ်မဖြစ်သူ ဘဒ္ဒါကတော့ တာဝတိံသာနတ်ပြည်ကိုသာ ရောက်ရပါ တယ်။ ပုဂ္ဂိုလ်အား လှူတာထက် သံယာအား လှူတာက ပိုအကျိုးကြီးပါတယ်။

ရိုရိုသေသေ

အလှူရှင်ဖြစ်သူ ပါယာသိမင်းက မရိုမသေ လှူလို့ စတုမဟာရာဇ် နတ်ပြည်ကိုပဲ ရောက်ရတယ်။ ပါယာသိမင်းရဲ့ အလှူတွေမှာ ဝေယျာဝစ္စ ဆောင်ရွက်ပေးသူ ဥတ္တရလုလင်ကတော့ ရိုရိုသေသေ လှူပေးလို့ တာဝတိံသာနတ်ပြည်ကို ရောက်ရပါတယ်။

http://www.dhammadownload.com

မိုက်ရူးရဲ့ သတ္တိ

အန္တရာယ်များတဲ့ ကိစ္စမျိုး၊ နေရာမျိုးမှာ မိုက်ရူးရဲ့ သတ္တိမျိုးကို မမွေးအပ်ပါ။ ဆိုးကျိုးတွေကို အမွေအဖြစ် ထားရစ်ခဲ့တတ်ပါတယ်။

အတွေးကောင်း

ကြည်လင်အေးမြတဲ့ စိတ်အစဉ်မှာ အတွေးသစ်၊ အကြံသစ်၊ အတွေးကောင်း၊ အကြံကောင်းတွေ ခိုအောင်း ပေါ် ပေါက်လာတတ်ကြပါတယ်။

တူမျှရင်

သက်တော်ထင်ရှားရှိတဲ့ ဘုရားရှင်ကိုပဲဖြစ်ဖြစ်၊ ရုပ်ပွားတော်ကိုပဲ ဖြစ်ဖြစ် ပူဇော်ကြည်ညိုရာမှာ သဒ္ဓါ၊ ပညာ စသည် တူမျှရင် အကျိုးပေးက အတူတူပါပဲ။

အကြောင်းအတိုင်း

အဖြူလမ်းပေါ် လျှောက်ရင် ဖြူစင်တဲ့ဘဝကို ရောက်မယ်။ အမည်းလမ်းပေါ် လျှောက်ရင် မည်းညစ်တဲ့ ဘဝကို ရောက်ပါမယ်။ အကြောင်းအတိုင်း အကျိုးဖြစ်ပေါ် ပါတယ်။

http://www.dhammadownload.com

ပညာရှင်တွေရဲ့စကား

အရှည်ကို မြော်မြင်နိုင်တဲ့ ပညာရှင်တွေရဲ့စကားကို အလေးအနက်ထားပြီး လေးလေးစားစား လိုက်နာကျင့်သုံးရပါတယ်။ ဒါမှ ကောင်းကျိုးအထွေထွေကို ရရှိနိုင်ပါမယ်။

ကောင်းတဲ့နေရာလို့ပဲ

စည်းကမ်းကောင်းရှိတဲ့ နေရာမှာ စည်းကမ်းမလိုက်နာသူတချို့ကြောင့် အဲဒီနေရာကို မကောင်းလို့ဆိုလို့မရပါ။ ကောင်းတဲ့လူတွေလည်း ရှိသေးတာမို့ ကောင်းတဲ့နေရာလို့ပဲဆိုနိုင်ပါတယ်။

အင်အားကောင်းတဲ့ စိတ်တွေ

သဒ္ဓါအား၊ ဝီရိယအား၊ သတိအား၊ သမာဓိအား၊ ပညာအားဆိုတဲ့ အားကောင်းတွေပါတဲ့။ အင်အားကောင်းတဲ့ စိတ်တွေကို များများမွေးမြူပေးနိုင်ပါမှ လောကရေးမှာရော၊ ဓမ္မရေးမှာပါ ကောင်းတဲ့အလုပ်တွေကို အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါမယ်။

http://www.dhammadownload.com

အားထုတ်ကြည့်ဖို့

ကိုယ့်မိဘဆွေမျိုး၊ သွေးသားတော်စပ်သူ မိတ်ဆွေ၊ အပေါင်းအသင်းတွေကို စကားနားထောင် လိုက်နာလောက်မယ့်သူဖြစ်ရင် သတိပဋ္ဌာန်တရား အားထုတ်ဖြစ်အောင် အားထုတ်ကြည့်ဖို့ တိုက်တွန်းပေးရပါတယ်။

နှေ့စဉ် သန့်စင်

ခန္ဓာကိုယ်အညစ်အကြေးတွေကို နှေ့စဉ်သန့်စင်ပေးရသလို စိတ်အညစ်အကြေးတွေကိုလည်း အချိန်ယူကာ နှေ့စဉ်သန့်စင်ပေးရပါတယ်။

စိတ်ညစ်ပေမှုကြောင့်တော့

ရုပ်ညစ်ပေမှုကြောင့် အပါယ်မကျနိုင်ပေမယ့် စိတ်ညစ်ပေမှုကြောင့်တော့ အပါယ်ကျနိုင်ပါတယ်။

ဒဏ်ပေးပြီး ဆုပေးကာ

လုပ်ငန်းခွင်မှာ ပေါ့လျော့ ပျက်ကွက်သူတွေကို သင့်တော်တဲ့ ဒဏ်ပေးပြီး မပေါ့လျော့၊ မပျက်ကွက်ဘဲ လေးလေးစားစား ပြုလုပ်တတ်သူတွေကို သင့်တော်တဲ့ဆုပေးကာ ပြုလုပ်ပေးရင် ကိုယ့်လုပ်ငန်းတွေ ပိုမိုအောင်မြင်လာနိုင်ပါတယ်။

http://www.dhammadownload.com

အောင်ပွဲ

ဆင်းရဲအခက်အခဲတွေကို ရင်ဆိုင်ကြုံတွေ့ရပေမယ့် မကြောက် မရွံ့နောက်မတွန့်ဘဲ ရဲရဲဝံ့ဝံ့စွန့်စွန့်စားစားကြိုးစားနိုင်သူဟာ နောက်ဆုံးမှာ အောင်ပွဲခံရတာပါပဲ။

ယောနိသော မနသိကာရ

အရာရာမှာ အသင့်အတင့် နှလုံးသွင်းမှု (ယောနိသော မနသိကာရ) ထားပြီး ကုသိုလ်ပွားအောင် ဆောင်ရွက်နိုင်သူဟာ စိတ်ချမ်းသာနဲ့ ပြည့်စုံပါတယ်။

ရင်အေးစရာဘဝ

တရားမရှိတဲ့ကျိုကျိုတက်သူဌေးဘဝထက် တရားရှိတဲ့ဆင်းရဲသား ဘဝက သံသရာနောင်ရေး မျှော်ခေါ်တွေးလိုက်တိုင်း ရင်အေးစရာဘဝ ဖြစ်နေပါတယ်။ အဲဒီသူဌေးထက် အဲဒီဆင်းရဲသားက အဆ ရာ ထောင် မက သာလွန်မြင့်မြတ်လှပါပေတယ်။

http://www.dhammadownload.com

ကိုယ် ပေးတာကို

သူတစ်ပါးအား ဒုက္ခပေးရင် ကိုယ့်မှာ ဒုက္ခပြန်ရတတ်ပါတယ်။ သူတစ်ပါးအား သုခပေးရင် ကိုယ့်မှာ သုခပြန်ရတတ်ပါတယ်။ ကိုယ်ပေးတာကို ကိုယ်ပြန်ရတတ်ပါတယ်။

အလုအယက်

ကိုယ်က သူတစ်ပါးတွေအပေါ် ကောင်းကျိုးပြုလုပ်ငန်းတွေကို များစွာပြုလုပ်ခဲ့ရင် ကိုယ့်ထံကောင်းကျိုးတွေက အလုအယက် ဝင်လာတတ်ကြပါတယ်။

ရှောင်ဖယ်သွားကြပါတယ်

ရှေးကောင်းကံလည်း နည်းပါး၊ ကောင်းကျိုးပြုအလုပ်လည်း ရှားပါးသူတွေကို ကောင်းကျိုးတွေက ရှောင်ဖယ်သွားကြပါတယ်။

မနာလိုဖြစ်နေကြသူတွေ

ကိုယ့်ထက် သာသူတွေကို မနာလို ဖြစ်နေကြသူတွေဟာ ကိုယ့် ဒုက္ခကို ရှာဖွေနေကြသူတွေပါပဲ။

http://www.dhammadownload.com

အကောင်း (၄) မျိုး

ရှေးကံကောင်း၊ နေရာကောင်း၊ အပေါင်းအသင်းကောင်း၊ စိတ်ကောင်းဆိုတဲ့ အကောင်း (၄) မျိုး ရှိသူဟာ ကြီးပွားချမ်းသာတာပါပဲ။

ဝီရိယနှန်း

လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စလုပ်ငန်းတွေမှာ တင်ထားတဲ့ ဝီရိယနှန်းကို ဘယ်သောခါမှ အလျော့မခံရပါ။ တတ်နိုင်ရင် မြင့်သည်ထက် မြင့်အောင်သာ မြှင့်တင်ပေးရပါတယ်။

သတိဆိုတာ

သတိဆိုတာ အရာရာမှာ ရှိနိုင်လေကောင်းလေပါပဲ။ သတိဆိုတာ လွတ်တာ၊ လိုတာပဲ ရှိပါတယ်။ လွန်တယ်လို့ ဘယ်သောအခါမှ မရှိပါ။

ဘာဝနာရေ

ဘာဝနာရေကင်းတဲ့ ရင်ဟာ ပူလောင်မှုပြင်းနေတတ်ပါတယ်။ ရင်အေးချင်ရင် ဘာဝနာရေကို နေ့စဉ် သောက်သုံးပေးရပါတယ်။

http://www.dhammadownload.com

ခံစားဖူးပါမှ

ကျော်လွှားနိုင်ခဲတဲ့ အခက်အခဲတစ်ခုကိုကျော်လွှားပြီးသွားတဲ့အခါ ကြီးကျယ်တဲ့ ကြည်နူးကျေနပ်မှုကို ခံစားရပါတယ်။ အဲဒီ ကြည်နူးကျေနပ်မှုမျိုးကို အကြိမ် ပေါင်းများစွာ ခံစားဖူးပါမှ ဘဝဟာ ရင့်ကျက်ပြည့်စုံလာပါမယ်။

အလေ့အကျင့်

သတိပဲဖြစ်ဖြစ်၊ ဝီရိယပဲ ဖြစ်ဖြစ်၊ သမာဓိပဲ ဖြစ်ဖြစ်၊ ပညာပဲ ဖြစ်ဖြစ် အလေ့အကျင့် အခါခါလုပ်ရင် ဘယ်အရာမဆို ပြည့်စုံလာတာပါပဲ။

လမ်းဖြောင့်ပေါ်

လမ်းဖြောင့်ပေါ် စိတ်ထားဖြောင့် သူတွေဟာ လျှောက်လှမ်းနိုင်ကြပါတယ်။ လမ်းကောက်ပေါ်မှာတော့ စိတ်ထားကွေ့ကောက်သူတွေ လျှောက်လှမ်းကြပါတယ်။

မပြတ် မပြတ်

သေရမယ့်အရေး မပြတ် မပြတ် တွေးတတ်သူဟာ သေခါနီးမှာ ကြောက်ခြင်း၊ တွေဝေခြင်းကင်းကာ သေရပါတယ်။

http://www.dhammadownload.com

မခက်ဘူးလား

ကိုယ်နဲ့ရွယ်တူတွေ၊ ငယ်သူတွေတောင် သေသေသွားကြတာကို မြင်တွေ့နေရပါလျက် ကိုယ့်ရောက်တော့ သေရဖို့အရေး ဝေးနေသေးတယ်လို့ ထင်တာ မခက်ဘူးလား။

ကိုယ့်စေတနာက

ကိုယ်က ရိုးသားဖြူစင်စွာ ကူညီခဲ့တဲ့သူတွေထံက အကူအညီကို မရပေမယ့် အခြားကိုယ်မကူညီခဲ့ဖူးသူတွေထံက အကူအညီကို ရလာ တတ်ပါတယ် - တဲ့။ မှန်တယ်နဲ့ တူပါတယ်။ ကိုယ့်စေတနာက ကိုယ့်ကိုတစ်နည်းနည်းနဲ့ အကျိုးပေးပုံရပါတယ်။

ထွက်သက်၊ ဝင်သက်လေ

ထွက်သက် ဝင်သက်လေ ရှိနေသေးသမျှ အသက်ရှင်နေသေး တာပါပဲ။ ထွက်လေပြန်မဝင်တော့ရင် ဝင်လေပြန်မထွက်တော့ရင် ဧသတော့တာပါပဲ။

များများတွေးတဲ့သူ

သေရမယ့်အရေး များများတွေးတဲ့သူဟာ ပစ္စည်းများများ မစုဆောင်းတတ်ပါ။ ပစ္စည်းတွေကို နှမြောမှုလည်း ကင်းပါတယ်။

http://www.dhammadownload.com

တကယ့်အရေးမှာ

သူက ကိုယ့်ထံမှ အကူအညီရယူလိုတဲ့အခါ ကိုယ့်ကိုသတိရပြီး သူကကိုယ့်ကို အကူအညီပေးရမယ့်အခါမျိုးမှာတော့ မေ့နေတတ်ရင် သို့မဟုတ် မေ့နေသလို ပြုမူတတ်ရင် တကယ့်အရေးမှာ အဲဒီသူကို ဘယ်လို အားကိုးလို့ရနိုင်ပါ့မလဲ။

တသသ

တက်ညီလက်ညီနဲ့အတူတူ အမျှားကောင်းကျိုးပြုလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ရပြီး သေကွဲဖြစ်စေ၊ ရှင်ကွဲဖြစ်စေ လမ်းခွဲသွားသူကို ကျန်ရစ်သူက တသသအောက်မေ့သတိရနေတတ်ပါတယ်။

ယူတတ်ပါမှ

ကိုယ်က သူ့ကို တစ်စုံတစ်ရာ ပေးချင်လှပေမယ့် အဲဒီအရာကို သူက ရထိုက်တဲ့ကံလည်း ပါပါမှ, ရအောင်လည်း သူကယူတတ်ပါမှ သူဟာရနိုင်ပါတယ်။

http://www.dhammadownload.com

အမည်းရောင်နယ်ပယ်မှာ

အဖြူရောင်နယ်ပယ်မှာ ရောက်နေပေမယ့် အမည်းရောင် စိတ်ထားရှိသူတွေ ရှိတတ်သလို အမည်းရောင်နယ်ပယ်မှာ ရောက်နေပေမယ့် အဖြူရောင်စိတ်ထား ရှိသူတွေလည်း ရှိတတ်ပါသေးတယ်။

တန်ဖိုးရှိလာအောင်

တန်ဖိုးမရှိသေးတဲ့အရာကို တန်ဖိုးရှိလာအောင် တန်ဖိုးရှိတဲ့စိတ် ထားပိုင်ရှင်တွေသာ ပြုလုပ်နိုင်စွမ်းရှိကြပါတယ်။

သူဟာသူ

ပုရွက်ဆိတ်ကလေးဟာ သူ့အလုပ်တာဝန်နဲ့သူ ကြီးကျယ်တဲ့ တာဝန်ရှိနေတာပါပဲ။ ဆင်ကြီးမှာလည်း သူ့အတိုင်းအတာနဲ့သူ ကြီးကျယ်တဲ့ တာဝန်ရှိနေတာပါပဲ။ ပုရွက်ဆိတ်ကလည်း သူဟာသူ ကြီးကျယ်နေရတာပါပဲ။ ဆင်ကြီးလည်း သူဟာသူ ကြီးကျယ်နေရတာပါပဲ။ ကိုယ့်အလုပ်ကိုကြီးကျယ်တယ်လို့ သတ်မှတ်ယူဆနိုင်မှလည်း ကြီးကျယ်တဲ့ အောင်မြင်မှုကို ရနိုင်တာပါပဲ။

http://www.dhammadownload.com

ခုခံအင်အားချင်း

အသက်ငယ်ရွယ်သေးသူနဲ့ အသက်ကြီးရင့်အိုမင်းလာသူတို့မှာ ခန္ဓာကိုယ် ခုခံအင်အားချင်း ကွာခြားလှပါတယ်။ ငယ်သူမှာလောက် ကြီးရင့်သူမှာ မကောင်းတော့ပါ။ စိတ်ခုခံအင်အားကတော့ အသက်ကြီးသူမှာ ပိုမိုကောင်းမွန်နေတတ်ပါတယ်။

မလိုရင် တစ်မျိုး

ချမ်းအေးလွန်းနေသူအတွက် နေမင်းရဲ့အလင်းရောင်ဟာ တကယ့်ကျေးဇူးရှင်ကြီးပါပဲ။ ပူအိုက်လွန်းနေသူအတွက်တော့ အနှောင့်အယှက်ပေးတဲ့ ရန်သူကြီးဖြစ်နေပါတော့တယ်။ သတ္တဝါတွေဆိုတာ အဲဒီလိုပါပဲ။ လိုရင်တစ်မျိုး၊ မလိုရင်တစ်မျိုး ဖြစ်တတ်ကြပါတယ်။

ရေသာခိုတတ်တဲ့ စိတ်ဓာတ်

ပိုက်ဆံအားကိုးပြီး ကိုယ်လုပ်ရမယ့် ကိုယ်လုပ်နိုင်တဲ့ အလုပ်မျိုးကို မလုပ်ဘဲ ရေသာခိုတတ်တဲ့ စိတ်ဓာတ်ဟာ ကြီးပွားချမ်းသာလိုသူတွေမှာ မရှိအပ်တဲ့ စိတ်ဓာတ်ပဲဖြစ်ပါတယ်။

http://www.dhammadownload.com

ကြိုးစားကြရသူတွေချည်းပါပဲ

ရိုးရိုးသားသားနဲ့ ကြီးပွားချမ်းသာနေသူတိုင်းဟာ ကိုယ့်အလုပ်ကို တကယ့်လေးလေးစားစားနဲ့ ကြိုးစားကြရသူတွေချည်းပါပဲ။ လူပျင်းလူပေါ့တွေ မဟုတ်ကြပါ။

မကြီးကျယ်ချင်နေပါစေ

အသိုင်းအဝိုင်း၊ အဆောင်အယောင်တွေ ဘာမျှ မကြီးကျယ်ချင်နေပါစေ။ ကိုယ်လုပ်သင့်တဲ့၊ ကိုယ်လုပ်ချင်တဲ့၊ ကိုယ်လုပ်ရမယ့် အလုပ်ကို လုပ်နေရရင် ကြည်နူးကျေနပ်အားရဝမ်းသာစရာ ကောင်းလှပါတယ်။

မမျှော်လင့်တဲ့

သူတစ်ပါးတွေအား ရိုးသားဖြူစင် လှိုက်လှဲစွာ ကူညီတတ်သူမှာ မမျှော်လင့်တဲ့နေရာမှ မမျှော်လင့်တဲ့ အကူအညီတွေ ရလာတတ်ပါတယ်။

မလုပ်သင့်ရင်

လုပ်ချင်ပေမယ့် မလုပ်သင့်ရင် အဲဒီအလုပ်မျိုးကို ဆန္ဒကို မျိုသိပ် အောင့်အည်းကာ ရှောင်ကြဉ်ရပါတယ်။

http://www.dhammadownload.com

လုပ်သင့်ရင်တော့

မလုပ်ချင်ပေမယ့် လုပ်သင့်ရင်တော့ အဲဒီအလုပ်မျိုးကို ကိုယ့်စိတ်ကို နှိုးဆော်တိုက်တွန်းကာ လုပ်ဖြစ်အောင် လုပ်ရပါတယ်။

မမျှော်လင့်ချင်ပေမယ့်

အရာတစ်ခုခုကို အကောင်းဆုံး မျှော်လင့်ထားတတ်ပေမယ့် အဆိုးဆုံးလည်း ဖြစ်ချင်ဖြစ်နေတတ်တာမို့ အဆိုးဆုံးကိုလည်း မမျှော်လင့်ချင်ပေမယ့် ထည့်စဉ်းစားရပါသေးတယ်။ ဒါမှ အဆိုးဆုံးနဲ့ တွေ့ကြုံရတဲ့အခါ ခံနိုင်ရည်ရှိပါမယ်။

အရတော်တဲ့ လူဘဝ

ကုသိုလ်များများ စုဆောင်းနိုင်တဲ့ လူရဲ့ဘဝဟာ အရတော်တဲ့ လူ့ ဘဝပါပဲ။

ဉာဏ်ပညာ ထက်မြက်သူ

သူတစ်ပါးကို အသိပညာ အလိမ္မာတိုးပွားအောင် ကူညီပေးသူဟာ ဘဝသံသရာမှာ ဉာဏ်ပညာထက်မြက်သူ ဖြစ်နေမှာပါပဲ။

http://www.dhammadownload.com

နိဗ္ဗာန်ကိုသာ

ကြီးကြီးသေးသေး၊ နည်းနည်းများများ ကုသိုလ်ကောင်းမှုပြုလုပ် လေတိုင်းနိဗ္ဗာန်ကိုသာ ရည်စူးကာပြုလုပ်ရမှာပါပဲ။ အကြောင်းကတော့ နိဗ္ဗာန်က အကောင်းဆုံးချမ်းသာဖြစ်လို့ပါပဲ။

ရွှေလက်ခိုင်ခိုင်

ဒီဘဝမှာသာမကနောင်ဘဝသံသရာ အဆက်ဆက်မှာပါ မပျက်ပြယ်တဲ့ မေတ္တာနဲ့ထာဝရ ရွှေလက်ခိုင်ခိုင်တွဲကာ လျှောက်လှမ်းလိုကြပါ ရင်တူ (၄) မျိုး ပိုင်ဆိုင်ကြရပါမယ်။ ယုံကြည်ချက် သဒ္ဓါ၊ သီလ၊ ဒါန၊ တရားအသိပညာတွေ တူရမှာပါပဲ။

အဖော်မွန်

တကယ့်အားကိုးရမယ့် အဖော်ကောင်း၊ အဖော်မွန်ကင်းမဲ့လို့ အားငယ်ခြောက်သွေ့နေရတဲ့ဘဝမှာ တကယ့်အားကိုးရမယ့် အဖော်ကောင်း၊ အဖော်မွန်ကို ရလာတဲ့အခါ တကယ့်ကိုပဲ အတိုင်းထက် အလွန်ဝမ်းသာကြည်နူးပျော်ရွှင်ကာ စိတ်ချမ်းသာပြီး အားရှိ စိုပြည်သွားပါတယ်။

http://www.dhammadownload.com

ရှာဖွေစုဆောင်း

ကျန်းမာရေးအတွက် နည်းလမ်းကောင်းတွေကို ရှာဖွေစုဆောင်း လေ့လာမှတ်သားကာ လိုက်နာကျင့်သုံးတဲ့ အလေ့အထကောင်းတွေကို ပြုလုပ်ပေးရပါတယ်။ ဒါမှ သက်ရှည်ကျန်းမာပြီး လိုရာဆန္ဒ ပြည့်ဝ နိုင်ပါမယ်။

ကြံကြံဖန်ဖန်

တစ်ဦးနဲ့တစ်ဦး တွေ့ကြုံဆုံဆည်းခွင့်တော့လည်း ကြံကြံဖန်ဖန် ဆုံဆည်းတတ်ကြပါတယ်။ လွဲခွင့်တော့လည်း ကြံကြံဖန်ဖန် လွဲတတ်ကြပါတယ်။ ကံတရားတွေဆိုတာ ဆန်းကြယ်လှပါတယ်။

အခိုးပွင့်ဆေး

ဆောင်းရာသီ ရောက်လာတဲ့အခါမှာ ရေအေး၊ လေအေး၊ နှင်း အေး၊ အစာအေး (အအေးစာ)တွေကို သတိထားပြီး ရှောင်ရပါတယ်။ အအေးမိရင်လည်း အခိုးပွင့်ဆေးကို ချက်ချင်း သုံးဆောင်ပေးရပါတယ်။

http://www.dhammadownload.com

မိခင်စိတ်

မွေးသမိခင်ဟာ ကိုယ့်ရဲ့ တစ်ယောက်တည်း သားအရင်းလေးကို အသက်ပေးပြီး ချစ်သလို မေတ္တာပွားသူဟာ သတ္တဝါတွေအပေါ် အဲဒီလို မိခင်စိတ်မွေးမြူကာ မေတ္တာထားရပါတယ်-တဲ့။ ဘုရားရှင်ရဲ့ ဒီ အဆုံးအမဟာ မွန်မြတ်ပြီး အထက်တန်းကျလိုက်တာ။

လောကအကြောင်း

စာပေတွေဆိုတာ သက်ရှိ၊ သက်မဲ့ လောကရဲ့ သဘာဝတွေကို ထုတ်ဖော်ရေးသားထားကြတာပဲ။ အဲဒီ စာပေတွေကို ဖတ်ရှုရင် လောကအကြောင်းကို ကောင်းကောင်း သိနိုင်တာပါပဲ။

တန်ဖိုးထားတတ်ပါမှ

မြတ်နိုးတန်ဖိုးထားသင့်သူကို မြတ်နိုးတန်ဖိုးထားတတ်ပါမှ မြတ်နိုး တန်ဖိုးထားစရာပုဂ္ဂိုလ် ဖြစ်လာရပါတယ်။

http://www.dhammadownload.com

ဘယ်ကုသိုလ်မဆို

ကုသိုလ်မှန်ရင် ဘယ်ကုသိုလ်မဆို ကောင်းတာပါပဲ။ အကြောင်းကတော့ ကုသိုလ်ဆိုတာ အပြစ်ကင်းပြီး ကောင်းကျိုးအထွေထွေကို ပေးနိုင်စွမ်းရှိလို့ပါပဲ။

ချစ်တတ်သူ

ကုသိုလ်ကို ချစ်တတ်မှ ကိုယ့်ကိုကိုယ် ချစ်တတ်သူ မည်ပါတယ်။ ကုသိုလ်ကို ချစ်နိုင်ပါမှ ကိုယ့်ကိုကိုယ် ချစ်နိုင်သူ ဖြစ်ပါတယ်။

ကုသိုလ်နေမင်း

ကုသိုလ်နေမင်း ထွက်ပေါ်လာရင် ကုသိုလ်နေမင်းရဲ့ အလင်းရောင်ကြောင့် အကုသိုလ်နှင်းမှုန်တွေဟာ လွင့်ပျောက်သွားကြရစမြဲပါပဲ။

ထူးခြားတဲ့ ဂုဏ်

ကုသိုလ်မျိုးစုံကို များများ ယူနိုင်တဲ့အဖြစ်ဟာ လူဘဝရဲ့ ထူးခြားတဲ့ ဂုဏ်တစ်ရပ်ပါပဲ။

http://www.dhammadownload.com

ယူတတ်ဖို့ပဲ

ကုသိုလ်မျိုးစုံ ယူပုံ ယူနည်းတွေကို ဘုရားရှင်က နည်းမျိုးစုံအောင် ပေးထားခဲ့တာပါပဲ။ ကိုယ်က ယူတတ်ဖို့ပဲ လိုပါတယ်။

အထင်မသေးရပါ

ကုသိုလ်နည်းနည်းလေးမို့ အကျိုးပေးမှာ မဟုတ်ပါ ဘူးလို့ အထင်မသေးရပါ။ နည်းနည်းချင်းစုရင် ကုသိုလ် တွေနဲ့ ကိုယ့်နှလုံးသားမှာ ပြည့်လျှံလာပါတယ်။

အားရကျေနပ် ပျော်ရွှင်သွားပါတယ်

ရေဆာသူဟာ ရေသောက်ရတဲ့အခါ အားရ ကျေနပ်ပျော်ရွှင်သွားပါတယ်။ ထမင်းဆာသူဟာ ထမင်း စားလိုက်ရတဲ့အခါ အားရကျေနပ် ပျော်ရွှင်သွားပါတယ် မေတ္တာ ဆာလောင်မွတ်သိပ်သူဟာ မေတ္တာရလိုက်တဲ့အခါ တွေမှာလည်း အဲဒီလိုပါပဲ။

http://www.dhammadownload.com

ချစ်ခင်လာအောင်

ကိုယ်ချစ်ခင်သူကို ကုသိုလ်ကို ချစ်ခင်လာအောင် လုပ်ပေးနိုင်ရင် သူ့ကိုကိုယ်က အမြော်အမြင်ပါတဲ့ ချစ်ခင်မှုနဲ့ ချစ်တတ်သူပဲဖြစ်ပါတယ်။

တကယ့် ကယ်တင်ရှင်

ကိုယ့်ကုသိုလ်ကသာကိုယ့်ရဲ့သံသရာခရီးတစ်လျှောက်မှာ တကယ့်ကယ်တင်ရှင်ပါပဲ။ တကယ့်အားကိုးရာအစစ်ပါပဲ။ သေချာတဲ့ ခိုကိုးရာပါပဲ။

ကိုယ့်ကုသိုလ်

ကိုယ့်ရဲ့ ကြောက်စရာအကောင်းဆုံး ရန်သူက ကိုယ့်အကုသိုလ်ပါပဲ။ ကိုယ့်ရဲ့ ချစ်စရာအကောင်းဆုံး မိတ်ဆွေက ကိုယ့်ကုသိုလ်ပါပဲ။

အာဇာနည်စိတ်ထား

အပြစ်ကင်းတဲ့ လုပ်ငန်းတွေမှာ မကြောက်မရွံ့ နောက်မတွန့်တာဟာ အာဇာနည်စိတ်ထားပါပဲ။

http://www.dhammadownload.com

လဆုတ်ပိုင်းက လလို

သူတစ်ပါးအကျိုးကို လုံးဝမစဉ်းစားဘဲ ကိုယ့်အကျိုးကိုသာ စဉ်းစားတတ်သူမှာ ကိုယ့်အကျိုးတွေဟာ လဆုတ်ပိုင်းက လလို တဖြည်းဖြည်း ဆုတ်ယုတ်သွားတတ်ကြပါတယ်။

မတုန်လှုပ်မှု

အင်အားဆိုတာ ဆန့်ကျင်ဘက်တွေကြောင့် တုန်လှုပ်မသွားတဲ့ သဘောကို ခေါ်ပါတယ်။ တုန်လှုပ်နေရင် အားနည်းနေသေးတယ်။ မတုန်လှုပ်မှ အင်အားပြည့်ပါတယ်။

သေနေသူပမာ

အစွမ်းအစ ရှိပါလျက် အဲဒီအစွမ်းအစကို အမျှားအကျိုးပြုလုပ်ငန်းတွေမှာ အသုံးမပြုပါရင် အသက်ရှင်လျက် သေနေသူပမာ ဖြစ်နေပါတော့တယ်။

ကြောက်မက်ဖွယ်

အာဇာနည်သူတော်ကောင်းကြီးတွေဟာ သာမန်လူတွေ ကြားလိုက်ရုံမျှနဲ့ ကြောက်မက်ဖွယ်ဖြစ်ကာ အလွန်လုပ်ရခက်ခဲတဲ့ ကောင်းကျိုးပြုအလုပ်တွေကို ပြုလုပ်တော်မူကြပါတယ်။

http://www.dhammadownload.com

အကြင်နာကြီးသူ

ပညာမရှိသူတွေရဲ့ ကဲ့ရဲ့မှု၊ ခိုးမွှမ်းမှု၊ အလေးပြုမှု၊ မလေးမစားပြုမှုတွေကို ထည့်မစဉ်းစားဘဲ အကြင်နာကြီးသူတွေဟာ ကိုယ့်ချမ်းသာကို ပယ်စွန့်လျက် အများအတွက် အကျိုးဆောင်စိတ်ရှိကြပါပေတယ်။

အဆာ

ဟင်းအသား တစ်မျိုးတည်းကိုပဲ အဆာအမျိုးမျိုး ပြောင်းလဲရော စပ်ပြီးချက်ရင် အရသာအမျိုးမျိုးကို စားသုံးရသလို အကြောင်းအရာ တစ်မျိုးတည်းကိုပဲ စကားတန်ဆာဥပမာအမျိုးမျိုး ပြောင်းပြောရင် အရသာအမျိုးမျိုးကို ခံစားရပါတယ်။

မရောင့်ရဲတာဟာ

ကုသိုလ်တွေမှာ မရောင့်ရဲတာဟာ မြင့်မြတ်လှတဲ့သူတော်ကောင်း စိတ်ဓာတ်ပါပဲ။

ပေးချင်ဆုံးအရာကို

ကိုယ် အလိုချင်ဆုံးအရာကို ရလို့ ပျော်ရသလို ကိုယ်ပေးချင်ဆုံး အရာကို ပေးရလို့လည်း ပျော်တတ်တာဟာ လောကသဘာဝပဲ ဖြစ်ပါတယ်။

http://www.dhammadownload.com

တန်ဖိုးအရှိဆုံး

လောကမှာ ကိုယ်မြတ်နိုးဆုံးအရာဟာ ကိုယ့်အတွက် တန်ဖိုးအရှိဆုံးအရာပါပဲ။

ကြောက်ရွံ့မှုကင်းမှ

ကိုယ်အလိုရှိတဲ့ ကောင်းကျိုးကို ရအောင် ကြိုးစားရာမှာ ငြီးငွေ့မှု၊ ကြောက်ရွံ့မှုကင်းမှ ရနိုင်ပါတယ်။

မိတ်ဆွေကောင်း

အောင်မြင်ကြီးပွားချမ်းသာဖို့ အကြောင်းတွေထဲမှာ မိတ်ဆွေကောင်းရှိတာဟာ အားကောင်းလှတဲ့ အကြောင်းတစ်ရပ်ဖြစ်ပါတယ်။

တစ်နာရီအချိန်ဟာ

တစ်နာရီအချိန်ဟာ တစ်ခုခုအပေါ် စိတ်ဝင်စားနေသူမှာ ကြာတယ်လို့ မထင်ရပါ။ မဝင်စားသူမှာတော့ ကြာညောင်းလှပါတယ်။

http://www.dhammadownload.com

ပျင်းရိမှုရဲ့အပြစ်

ဝီရိယရှိသူဟာ ဝီရိယရဲ့အကျိုးကို သိနေရလို့ ပျင်းရိမှုရဲ့အပြစ်ကို မြင်ပါတယ်။

ကျယ်ပြန့်တဲ့ မေတ္တာ

ကိုယ့်အပေါ် မေတ္တာထားသူတွေကိုရော၊ မေတ္တာမထားသူတွေကိုပါ ကိုယ်က မေတ္တာထားနိုင်ပါမှ ကိုယ့် မေတ္တာဟာ ကျယ်ပြန့်တဲ့ မေတ္တာဖြစ်နိုင်ပါတယ်။

ရှောင်ဖယ် ရှောင်ဖယ်

ကိုယ်လုပ်ရမယ့်အလုပ်ကို ရှောင်ဖယ် ရှောင်ဖယ် လုပ်နေသူဟာ ကောင်းကျိုးတွေကလည်း ကိုယ့်ကို ရှောင်ဖယ် ရှောင်ဖယ် လုပ်နေတတ်ကြပါတယ်။

လူဆိုးကြီး

စိတ်ဆိုး၊ စိတ်မိုက်ကို အလိုလိုက်ရင် လူဆိုးကြီး၊ လူမိုက်ကြီးပဲ ဖြစ်ပါလိမ့်မယ်။

http://www.dhammadownload.com

အတိတ်က ကြည်နူးစရာ

ငယ်စဉ်ကစပြီး ယခု လူလားမြောက်သည်အထိ ပြုစုစောင့်ရှောက် ပေးခဲ့ကြတဲ့ ကျေးဇူးရှင်တွေရဲ့ ကျေးဇူး အဖုံဖုံကို အာရုံပြုလိုက်တဲ့အခါ အတိတ်က ကြည်နူးစရာ အခြေအနေတွေဟာ စိတ်ထဲမှာ အစီစီအရီရီပေါ်ပေါက် လာကြပါတယ်။

ပတ္တမြား

ပတ္တမြားဟာ အသွေးကောင်းတဲ့ ဆရာထံရောက်ရင် နာမည်ကြီးကာ လူတွေချီးကျူးခံရပါတယ်။ တပည့်ကောင်းဟာလည်း ဆရာကောင်းထံ ရောက်ရင် အဲဒီလိုပါပဲ။

နှိပ်ကွပ်ထိုက်သူတွေကို

ဘုရားရှင်သော်မှ နှိပ်ကွပ်ထိုက်သူတွေကို နှိပ်ကွပ်တော်မူပါတယ်။ ဘုရားရှင်က နှိပ်ကွပ်ရာမှာ ဒေါသနဲ့ နှိပ်ကွပ်တာမဟုတ်ဘဲ မဟာ ကရုဏာတော်နဲ့ နှိပ်ကွပ်တာသာ ဖြစ်ပါတယ်။

http://www.dhammadownload.com

အောင်မြင်တဲ့ ဦးဆောင်မှု

မဟာကရုဏာနဲ့ သဗ္ဗညုတညာဏ်တော်သာ ဘုရားရှင်မှာ မရှိခဲ့ရင် သူ့သာသနာကို ဒီလို ကျယ်ပြန့်အောင်၊ တည်ရှိနေအောင် ဆောင်ရွက်နိုင်မယ် မဟုတ်ပါ။ ဦးဆောင် သူတိုင်းမှာ အကြင်အနာနဲ့ အမြော်အမြင်ဟာ ရှိကြရစမြဲ ပါပဲ။ အဲဒီ (၂) ပါးသာမရှိရင် အောင်မြင်တဲ့ ဦးဆောင်မှု မရှိနိုင်ပါ။

ဝေစည်ရာနေရာဟာ

စိတ်ကောင်းစိတ်မြတ်တွေ တည်ရှိရာ နှလုံးသားဟာ အေးချမ်းပါတယ်။ စိတ်ကောင်းစိတ်မြတ်တွေ ဝေစည်ရာနေရာဟာ သာယာစိုပြည်တယ်။

အလှမ်းဝေး

အောင်မြင်မှု အနည်းငယ်လေးကို ကြိုးကျယ်တဲ့ အောင်မြင်မှုပဲလို့ ထင်နေသူဟာ ကြိုးကျယ်တဲ့ အောင်မြင်မှုနဲ့ အလှမ်းဝေးနေပါလေးတယ်။

http://www.dhammadownload.com

နှုန်းမှန်မှန်နဲ့

ကိုယ်လျှောက်မယ့်လမ်းကို အကြိမ်ကြိမ် စဉ်းစားရွေးချယ်ပြီး လျှောက်လှမ်းတဲ့အခါ ကိုယ့်ကိုအပြစ်တင်ခြင်း၊ ရှုတ်ချခြင်း၊ အထင်သေးခြင်း၊ မထီမဲ့မြင်ပြုခြင်း၊ ကဲ့ရဲ့ခြင်း စသည်တွေကို အခြားသူတွေက ပြုလုပ်လာခဲ့ရင်တောင် အားလုံးကို နားလည်သည်းခံခွင့်လွှတ်ကာ ကိုယ်ရွေးချယ်ထားတဲ့လမ်းကို နှုန်းမှန်မှန်နဲ့ ဆက်လျှောက်ရမှာပါပဲ။

ကြာကြာ

ဘုန်းကံနည်းပါးသူဟာ ကြီးကြယ်တဲ့ အောင်မြင်မှုကို ကြာကြာထိန်းမထားနိုင်ပါ။

ဂုဏ်က

ဂုဏ်နောက်ကို ကိုယ်က လိုက်ရင် ဂုဏ်ကကိုယ်နဲ့ ဝေးရာကို ပြေး သွားတတ်ပါတယ်။ ဂုဏ်နောက်ကို ကိုယ်က မလိုက်ပါမှ ဂုဏ်ကကိုယ့်နောက်ကို လိုက်လာပါတယ်။

သည်းခံရုံမှတစ်ပါး

ကိုယ့်သဘောအမှန်ကို မသိကြလို့ ဝေဖန်ပြောကြား ပြစ်တင်နေ ကြသူတွေကို သည်းခံရုံမှတစ်ပါး အခြားဘာမှ လုပ်စရာမလိုပါ။ အချိန်တန်တော့ အဖြေမှန်ကို သိလာကြမှာပေါ့။

http://www.dhammadownload.com

ချို့မြို့နှံတဲ့

ခါးသီးတဲ့ အတွေ့အကြုံတွေကို တွေ့ကြုံရလေလေ ချို့မြို့နှံတဲ့အသိဉာဏ်တွေကို ရရှိလာရလေလေပါပဲ။

အကောင်းနှစ်ထပ်ကွမ်း

ကိုယ်တိုင်လည်း လူကောင်းဖြစ်ပြီး သူတစ်ပါးကိုလည်း လူကောင်း ဖြစ်အောင်လုပ်ပေးနိုင်သူဟာ အကောင်းနှစ်ထပ်ကွမ်းပုဂ္ဂိုလ်ပါပဲ။

အစွမ်းအစ

ကိုယ်ဟာအများအကျိုး သယ်ပိုးနိုင်တဲ့ အစွမ်းအစတွေ ရှိနေပါလျက် သယ်ပိုးခွင့် မရရင်, ရပေမယ့် မသယ်ပိုးရင် ကိုယ်အစွမ်းအစတွေဟာ အကျိုးမပြီး အချည်းနှီးပဲ ဖြစ်နေပါလိမ့်မယ်။

သယ်ပိုးခွင့်ရပြီး သယ်ပိုးနေနိုင်ခဲ့ရင် တွေးလိုက်တိုင်း ကြည်နူး အားရစရာကောင်းလှပါတယ်။ ကိုယ့်အစွမ်းအစ အရည်အသွေးတွေဟာ ပိုမိုတောက်ပြောင်, ပိုမိုထက်မြက်လာပါတယ်။

http://www.dhammadownload.com

မိခင်စိတ်ထား

သား, သမီးအပေါ် ထားရှိတဲ့ မိခင်စိတ်ထားဟာ ဖြူစင်မြင့်မြတ်လှပါတယ်။ လူသားတိုင်းအပေါ် မိခင်စိတ်ထားမျိုး တတ်နိုင်သမျှ ကြိုးစားကာ ထားကြည့်ရပါမယ်။ မိခင်စိတ်ထား အင်အားကောင်းလာရင် ကောင်းလာသလောက် ဖြူစင်မြင့်မြတ်တဲ့ ဘဝကို ပိုင်ဆိုင်လာနိုင်တော့တာပါပဲ။

ကိုယ့်အနားမှာ

ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူသွားလို့ မရှိတော့ပေမယ့် သူ့ကိုယ်စားထားခဲ့တဲ့ စကားတော်တွေက ကျန်ရှိနေတဲ့ တပည့်တွေမှာ ဘုရားရှင် သက်တော်ထင်ရှားရှိကာ ကိုယ့်အနားမှာ ရှိနေဘိအလား ခံစားကြရပါတယ်။

ကိုယ် လေးစားခင်မင်မြတ်နိုးရတဲ့ ပုဂ္ဂိုလ်ရဲ့ အမြော်အမြင်ပါပါ ကြင်ကြင်နာနာနဲ့ ပြောဆိုသွားခဲ့တဲ့ စကားလေးတွေကို ပြန်လည် ကြားယောင်ကာ သတိရလေတိုင်းသူဟာ ကိုယ့်အနားမှာ လာရောက်နေတဲ့အလား ခံစားရပါတယ်။

http://www.dhammadownload.com

အားရမိပါတယ်

လောကအကျိုးပြု, သာသနာအကျိုးပြုလုပ်ငန်းတစ်ခုကို မြင့်မြတ်တဲ့အသွင်နဲ့ အင်တိုက်အားတိုက် လှိုက်လှိုက်လဲ့လဲ့ စိတ်ဇဲသန်သန် ဆောင်ရွက်လှုပ်ရှားနေတဲ့ ဟန်အမူအရာမျိုးစုံကို အာရုံပြုမိလိုက်လေတိုင်း ရင်ထဲမှာပီတိလှိုင်းတွေ အထပ်ထပ်ရိုက်ခတ်လာနေကြပါတယ်၊ အားရမိပါတယ်၊ ကျေနပ်မိပါတယ်။

ရင့်ကျက်တဲ့ ဘဝ

သည်းခံစရာ အတွေ့အကြုံတွေနဲ့ တွေ့ကြုံလေရတိုင်း သည်းခံတဲ့ အလေ့အကျင့်ကို တစ်စတစ်စ လေ့ကျင့်ပေးပါမှ သည်းခံနိုင်တာတွေ မြင့်တက်လာပါမယ်။ မြင့်တက်လာရင် ဘဝဟာရင့်ကျက်လာတော့ တာပါပဲ။ တည်ငြိမ်လာတော့တာပါပဲ။

အသာလွန်ဆုံး

စိတ်ကောင်း၊ စိတ်မြတ်ဟာ လူ့ဘဝရဲ့ အလှတွေထဲမှာ အသာလွန်ဆုံး အလှအပဖြစ်ပါတယ်။

http://www.dhammadownload.com

စေတနာကောင်း

စိတ်ထားဖြူစင်သန့်ရှင်းစွာနဲ့ အများအကျိုးရွက်သယ်ပိုးခဲ့ရင် ကိုယ့်စေတနာကောင်းက ကိုယ့်ထံသို့ ကောင်းကျိုးအဖုံဖုံကို စုံနေအောင် သယ်ပို့ပေးလာပါတယ်။

ရေစက်အရ

ကိုယ့်ဘဝကြောင်ဖော်ကသာ ရုပ်လှပနေပြီး ကိုယ်က ရုပ်ဆိုးနေလို့ အားငယ်စရာ မလိုလှပါ။ အကြောင်းကတော့ ကိုယ်လိုဘဝတူတွေ လောကကြီးမှာ များစွာရှိနေလို့ပါပဲ။ ရုပ်လှသူနဲ့ မလှသူတို့ မေတ္တာရေစက်အရ ပေါင်းဖက်နေကြတာကို တောမှာရော မြို့မှာပါ တွေ့မြင်နိုင်ကြပါတယ်။

ဟာတာတာ

အစားအစာကို စားချိန်ကျရင် စားရမှ နေသာထိုင်သာ ရှိပါတယ်။ မစားရရင် ရင်ထဲမှာ ဟာတာတာဖြစ်နေတတ်ပါတယ်။ ကြားနေကျ အသံလေးကို ကြားချိန်ကျရင် ကြားရမှ၊ မြင်နေကျ အဆင်းလေးကို မြင်ချိန်ကျရင် မြင်ရမှ နေသာထိုင်သာ ရှိပါတယ်။ မကြားရ, မမြင်ရရင် ရင်ထဲမှာ ဟာတာတာ ဖြစ်နေတတ်ပါတယ်။ တဏှာဆိုတာ ဆာလောင်တတ်ပါတယ်။

http://www.dhammadownload.com

စိုပြည်လန်းဆန်း

ငယ်ရွယ်စဉ်က အမိမေတ္တာမရခဲ့ရှာတဲ့ အမိမဲ့သူဘဝမှာ အမိမေတ္တာကို ဆာလောင်မွတ်သိပ်နေပါတယ်။ အမိမေတ္တာ မရခဲ့လို့ စိတ်ဓာတ်မှာလည်း သိမ်ငယ်မှု, အားငယ်မှုတွေ ဖြစ်နေတတ်ပါတယ်။ အမိ မေတ္တာ၊ အမိအကြင်အနာတွေလို မေတ္တာအကြင်နာတွေကို ရရှိခံစားလာရတဲ့အခါ ဘဝမှာအားတက်လာပါတယ်၊ ပျော်ရွှင်လာပါတယ်၊ ကြည်နူးကျေနပ်လာပါတယ်။ ခြောက်ကပ်ကပ်ရှိရာက စိုစိုပြည်ပြည်ရှိလာပါတယ်။ မေတ္တာ၊ အကြင်နာတွေဆိုတာ စိုပြည်လန်းဆန်းမှုကို ပေးစွမ်းရှိကြပါပေတယ်။

ချမ်းသာအတူတူ၊ ဆင်းရဲအတူတူ

ကိုယ်မေတ္တာရှိသူမှာ ကိုယ်ကျန်းမာ စိတ်ချမ်းသာလျက်ရှိကြောင်းကို ကိုယ်တိုင်မြင်ရရင်ဖြစ်စေ, တစ်ဆင့်ကြားရရင်ဖြစ်စေ ကိုယ့်မှာပျော်ရွှင်ကျေနပ်နေရပါတယ်။ သူမှာ ဆင်းရဲနေရရင်တော့ ကိုယ့်မှာလည်း ဆင်းရဲနေရပါတယ်။

http://www.dhammadownload.com

ဩော် --- အနတ္တ

ဘဝမှာ ကိုယ့်အလိုအတိုင်း ဖြစ်တဲ့အခါလည်း ရှိရဲ့၊ မဖြစ်တဲ့အခါ လည်း ရှိရဲ့။

ကိုယ့်အလိုအတိုင်းမဖြစ်တဲ့အခါ ဘယ်လိုဖြေရပါ့။

ဩော်. . . အနတ္တ၊ အနတ္တ။

သတိရ

အစားကောင်း၊ အသောက်ကောင်းတွေ ကိုယ့်ထံမှောက် ရောက်ရှိလာရင် ကိုယ်ချစ်ခင်သူကို အတူတူ စားဖို့၊ သောက်ဖို့ သတိရကြပါတယ်။ ခက်ခဲနက်နဲတဲ့ အကြောင်းအရာ, ပြဿနာပေါ်ပေါက်လာရင် ပညာရှင်ကို တမ်းတတတ်ကြပါတယ်။

မီး

မီးထဲ လောင်စာထည့်ရင် ထည့်သလောက် မီးဟာတောက်တယ်။ တဏှာမီးထဲ သာယာမက်မောဖွယ် အာရုံလောင်စာတွေထည့်ရင် ထည့်သလောက် တဏှာမီးဟာတောက်လာပါတယ်။ လောင်စာများများထည့်လေ တဏှာမီးတောက်ဟာလည်း ကြီးလာလေလေပါပဲ။ တဏှာမီးတောက်ကြီးလေလေ အလောင်ခံရသူမှာ ဒုက္ခကြီးကြီးခံစားရလေပါပဲ။

http://www.dhammadownload.com

အသက်ကြီးလာရုံမျှနဲ့ တဏှာမီးဟာ အားသေးမသွားနိုင်ပါ။ အသိပညာ ကြီးလာမှသာ အားသေးသွားနိုင်ပါတယ်။

နေရာပေးတတ်မှု

ကိုယ့်အား သူကနေရာပေးလာရင် ကိုယ်သဘောကျတယ်။ သူ့အား ကိုယ်ကနေရာပေးရင်လည်း သူသဘောကျတယ်။ နေရာပေး သင့်သူ့အား သင့်တင့်ရာနေရာ ပေးတတ်တာဟာ စည်းရုံးရေးတစ်ခုပဲ ဖြစ်ပါတယ်။

မွန်မြတ်သူ

ယဉ်ကျေးလိမ္မာ ပညာအသိ မရှိကြသေး, မပြည့်ဝသေးလို့ ယဉ်ကျေးလိမ္မာ ပညာပြည့်ဝ အချိုးကျလာအောင် တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးရတဲ့ အလုပ်ဟာ အလွန်ပဲ မွန်မြတ်လှပါတယ်။ မွန်မြတ်တဲ့ အလုပ်ကို မွန်မြတ်တဲ့ သူတွေပဲ လုပ်နိုင်စွမ်း ရှိကြပါတယ်။

အသံလေး

ဝမ်းနည်းအားငယ်မှု နှောနေတဲ့ အသံဟာ ကြားရတဲ့ ကြင်နာမှုရှိ သူရဲ့ရင်ကို ဆို့သွားစေပါတယ်။ တုန်ယင်ချည့်နဲ့နေတဲ့ အသံလေးက နှလုံးသားကို ပြင်းပြင်းထန်ထန် တုန်ခါသွားစေနိုင်စွမ်းရှိပါတယ်။

http://www.dhammadownload.com

အံတုနေပါလား

သားလေး၊ သမီးလေးတွေရဲ့ အနာဂတ်မှာ အေးကွက်ကိုရှာလို မြင်တွေ့လိုလို့ နွေရာသီခိုန်အခါ ပူပြင်းနေတဲ့ နေမင်းအောက်မှာ ထီးကိုနှစ်ယောက်ပေါင်း တစ်လက်ဆောင်းကာ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းတက်ဖို့ လာပို့ရှာကြတဲ့ မိဘတွေကို မြင်ရတဲ့အခါ မိဘတွေရဲ့ ရင်တွင်းက အေးမြလှတဲ့ မေတ္တာဟာ နွေအပူကို အလေးမထား, ထီမထင်ဘဲ အံတုနေပါလားလို့ စဉ်းစားနေမိပါတယ်။

တဲကုတ်နဲ့ ရွှေပုံ

ရွှေပုံပေါ်မှာ ရောက်နေပါစေ, စိတ်ပူလောင် ကျဉ်းကျပ် ဆင်းရဲနေရရင် တဲကုတ်ထဲမှာ စိတ်ပျော်ရွှင် လွတ်လပ်ပေါ့ပါး ချမ်းသာစွာနေရတဲ့ ဘဝက ပိုမိုကောင်းပါတယ်, မြတ်နိုးစရာကောင်းပါတယ်။

ရှာမှ ရှား

ကိုယ့်ကို ကဲ့ရဲ့ရှုတ်ချ အပြစ်တင်နေပေမယ့် အဲဒီသူအပေါ်ပြန်အပြစ်မတင်ဘဲ ခွီးမွမ်းစကားတောင် ပြောလိုက်နိုင်သေးတဲ့ သူရဲ့စိတ်ထားဟာ ဘယ်လောက် လေးစားစရာကောင်းလိုက်သလဲ။ ရှာမှ ရှားတယ်နော်။

http://www.dhammadownload.com

ခြားနားလှချေလား

မမျှော်လင့်ဘဲ မကြားချင်တဲ့ အသံကို ကြားရလိုက်တဲ့အခါ စိတ်ထဲမှာ နောက်ကျိုး ပူလောင်ရှုပ်ထွေးသွားပါတယ်။

မမျှော်လင့်ဘဲ ကြားချင်တဲ့အသံကို ကြားလိုက်ရတဲ့အခါ စိတ်ထဲမှာအတိုင်းမသိ ဝမ်းသာကြည်နူးသွားမိပါတယ်။

သြော်၊ ခြားနားလှချေလား။

မေတ္တာ

စစ်မှန်တဲ့ မေတ္တာဟာ စစ်မှန်တဲ့ ရတနာထက် အဆပေါင်း ရာ, ထောင်, သိန်း, သန်းမက ပိုမို တန်ဖိုးရှိပါတယ်။

ကံကို ကြည့်၍

ကိုယ့်အပေါ် ဘယ်သူတွေက မေတ္တာစစ်, မေတ္တာမှန် ရှိကြတယ်ဆိုတာကို သူတို့ရဲ့ ကာယကံ, ဝစီကံတွေကို ကြည့်ခြင်းအားဖြင့် သိနိုင်ပါတယ်။ သူတို့ရဲ့ ကာယကံ, ဝစီကံတွေက သူတို့ရဲ့ မနောကံကို ထုတ်ဖော်ကာ လှစ်ပြနေကြပါတယ်။

http://www.dhammadownload.com

ခံနိုင်ရည်

အပူ (ရာသီဥတုအပူ) နဲ့ တွေ့တဲ့အခါ အပူဒဏ်ကို၊ အအေးနဲ့တွေ့တဲ့အခါ အအေးဒဏ်ကို ခံနိုင်ရည်ရှိဖို့ ကြိုတင်ပြင်ဆင်ထားရပါတယ်။ လောကဓံအကောင်း၊ အဆိုးတွေနဲ့ တွေ့တဲ့အခါမှာလည်း လောကဓံ ဒဏ်ကို ခံနိုင်ရည်ရှိအောင် ကြိုတင်ပြင်ဆင်ထားရပါတယ်။

အတိတ်နဲ့အနာဂတ်

ခံစားခဲ့ဖူးတဲ့ သာယာကြည်နူးဖွယ် အခြေအနေလေးတွေကို အောက်မေ့သတိရကာ အနာဂတ်မှာလည်း အဲဒီလိုပဲ သာယာကြည်နူးဖွယ်လေးတွေကို ခံစားလိုကာ မျှော်လင့်တမ်းတနေမိတတ်ကြပါတယ်။

အကူအညီ

ကြီးကျယ်တဲ့ လုပ်ငန်းကို လုပ်ရာမှာ အကူအညီ ပေါင်းများစွာ လိုအပ်ပါတယ်။ တစ်ဦးကောင်းနဲ့ မစွမ်းဆောင်နိုင်ပါ။ စုပေါင်းအားနဲ့သာ ပြီးမြောက်နိုင်ပါတယ်။ စိတ်ရှည်မှု, သည်းခံမှုများစွာ ထားနိုင်ပါမှ လုပ်ငန်းကြီးတွေ ပြီးမြောက်အောင်မြင်နိုင်ပါတယ်။

http://www.dhammadownload.com

မေတ္တာများစွာ

မွေးနေ့အလှူပွဲမှာ အလှူခံပုဂ္ဂိုလ်တွေက မွေးနေ့အလှူရှင်ကို အသက်ရှည်စွာ ကျန်းမာချမ်းသာပါစေလို့ မေတ္တာပွားပို့ကြတဲ့အတွက် အလှူခံပုဂ္ဂိုလ်ပေါင်းများစွာရဲ့ မေတ္တာများစွာကို ခံယူရလို့ အသက်ရှည်စွာ ကျန်းမာချမ်းသာစွာ ဘဝခရီးမှာ ဆက်လက်လျှောက်လှမ်း သွားရပါမယ်။

အကြံကောင်း

နောက်ကျနေတဲ့ ရထဲမှာ မျက်နှာအရိပ်ကို မမြင်တွေ့နိုင်ပါ။ နောက်ကျနေတဲ့စိတ်အစဉ်မှာ အတွေးကောင်းသစ်, အကြံကောင်းသစ်တွေ မပေါက်ထွက်နိုင်ပါ။

လွမ်းမောဖွယ်

နွေအကူးမှာ အော်ဟစ်ပျော်မြူးနေတဲ့ ဥဩငှက်သံလေးဟာ ထူးထူးခြားခြား ပိတ်သည်းစွာ ကျနေတဲ့နှင်းတွေ ဝေနေရာ နံနက်ခင်းခါမှာ သာယာကြည်နူးဖွယ်, လွမ်းမောဖွယ်ကောင်းလှပါတယ်။

http://www.dhammadownload.com

ကောင်းကောင်းကြီး

ယခုလို ဘဝကောင်းကို ကံကောင်းထောက်မလို့ ရလာတဲ့ ဘဝပဲ လို့ သတိမပြုမိရင်, မယူဆမိရင် ကိုယ့်ဘဝကို အားမလို အားမရ ဖြစ်ချင် ဖြစ်နေတတ်ပါတယ်။ ယခုလို ဘဝကောင်းကို ကောင်းကောင်းကြီး ကျေနပ်အားရသင့်ပါတယ်။ ဒီလို ဘဝကောင်းမှာ ဒီထက်ပိုကောင်းတဲ့ ဘဝ ပိုင်ဆိုင်နိုင်အောင်ကံကောင်းတွေကို ပိုမိုများပြားလာအောင် စုဆောင်းရပါမယ်။

ကြီးပွားကြောင်း

ကိုယ့်အပြစ်ကို အပြစ်လို့မြင်ပြီး ကုစားတာ၊ နောင်အခါမှာ အဲဒီ အပြစ် ထပ်မဖြစ်ရအောင် စောင့်စည်းတာဟာ ကိုယ့်ဘဝ ကြီးပွားကြောင်းပါပဲ။

ခွင်ကျ

ဦးဆောင်သူက ကိုယ်လုပ်စေလိုတဲ့အလုပ်ကို အဲဒီ အလုပ်နဲ့ အံဝင်ခွင်ကျဖြစ်မယ့် ပုဂ္ဂိုလ်ကို ရွေးချယ်ကာ လုပ်စေရင် လွယ်ကူစွာပြီးမြောက် သွားတတ်ပါတယ်။

http://www.dhammadownload.com

ကျွမ်းကျင်သူ

ကိုယ်ပြောလိုတဲ့စကားကို တစ်ဖက်သားနားဝင်အောင် (လက်ခံချင်လာအောင်) ပြောတတ်သူဟာ စကားပြောလိမ္မာသူ, ကျွမ်းကျင်သူဖြစ်ပါတယ်။

ထူးထူးခြားခြား

စိတ်ရှည်ဇွဲသန် သည်းခံပြီး ဘယ်ကိစ္စကိုမဆို ဆောင်ရွက်နိုင်အောင် ကြိုးစားရပါတယ်။ အဲဒီလို ဆောင်ရွက်နိုင်ရင် ထူးထူးခြားခြား အောင်မြင်မှုတွေ ရရှိလာပါလိမ့်မယ်။

ဘာ ထူးဦးမှာလဲ

လူသားဖြစ်နေပါလျက် တိရစ္ဆာန်စိတ်ထားတွေရှိနေရင် တိရစ္ဆာန်နဲ့ ဘာထူးဦးမှာလဲ။ တိရစ္ဆာန်တွေမှာ မထားရှိနိုင်တဲ့ စိတ်ထားကောင်းတွေကို ထားတတ်ပါမှ မြင့်မြတ်တဲ့ လူသားလို့ ဆိုရပါမယ်။

အတွေး

နေကို မကြည့်ပါဘဲလျက် နေကို မြင်နေရတယ်။ သူ့ကို မကြည့်ပါ ဘဲလျက် သူ့ကို မြင်နေရတယ်။ အဲဒါ ဘာပါလဲ၊ အတွေးပဲပေါ့။

http://www.dhammadownload.com

နားဝင်ချိုအောင်

ဒီကိစ္စမှာ ငါဟာ ဒီလိုပြောလိုက်လို့ အပြောခံရသူ မှာရော ငါ့မှာပါ စိတ်ဆင်းရဲရတယ်။ ဒီလိုကိစ္စမှာ နောင်အခါ သူရော ငါပါ စိတ်ချမ်းသာ စရာဖြစ်အောင် ပြောမယ်လို့ သတိ ဝင်ကာ ဆုံးဖြတ်ပြီး တစ်ဖက်သား နားဝင်ချိုအောင် ပြော တတ်ရပါမယ်။ ဒါမှသာ ကိုယ့်ကိစ္စတွေကို ကူညီဆောင်ရွက် ပေးလိုသူတွေ ပေါများလာပါမယ်။

ငါးပမာ

အစာကိုသာမြင်ပြီး ငါးမျှားချိတ်ကို မမြင်တဲ့ ငါးနဲ့ တူတဲ့ လူတွေ ဟာ လောကကြီးမှာ များပြားလှပါတယ်။ အဲဒီ လူတွေဟာ ဒုက္ခလှလှကြီး တွေ့ခါမှ နောင်တရနေတတ် ကြပါတယ်။

အလင်းရောင်

အခက်အခဲ တွေ့ရတဲ့အခါ ထိုင်ပြီးညည်းတွား နေတာထက် အဖြေ ရှာဖို့ ကြိုးစားတာက ကောင်းပါတယ်။ အမှောင်ထဲမှာ ငြိမ်ပြီးထိုင်နေတာထက် မီးတိုင်ရအောင် ရှာဖွေတာက ပိုကောင်းပါတယ်။ အလင်းရောင်ရဖို့ နီးလာ ပါတယ်။

http://www.dhammadownload.com

မြတ်နိုးမှု

မြတ်နိုးဖွယ်ကောင်းသူက မြတ်နိုးဖွယ်ပစ္စည်းလေးကို ပေးလိုက်ရာ အဲဒီပစ္စည်းလေးက မြတ်နိုးဖွယ်ကောင်းသူရဲ့ မြတ်နိုးမှုကို ဖော်ပြနေတယ်လို့ နားလည်ရပါတယ်။

အံ့သြမိပါတယ်

ကိုယ်က သူတို့အပေါ် ကျေးဇူးမပြုဘဲ ကိုယ့်ကို သူတို့က ကူညီပေးနေကြတယ်။ ကိုယ်က သူတို့အပေါ် ကျေးဇူးပြုပေးဖူးပါလျက် ကိုယ့်ကိုတော့ သူတို့က ပြန်ပြီး ကျေးဇူးမပြုကြ။ အဲဒီလို စိတ်ထားခြားနားကြပုံကို မြင်တွေ့ရတဲ့အခါ လောကသတ္တဝါတွေရဲ့သဘောကို အံ့သြမိပါတယ်။

တိုးတိုးပြီး

ကိုယ်ချစ်တဲ့သူရဲ့ အချစ်ကို ခံယူရရှင် လောကီသားတွေဟာ ပျော် ရွှင်ကြည်နူး ကျေနပ်နေတတ်ကြတာပါပဲ။ ကိုယ်ချစ်တဲ့သူရဲ့အချစ်ကို တိုးတိုးပြီးသာ ခံယူချင်နေတတ်ကြပါတယ်။ တဏှာဆိုတာ အမြဲသာ လိုလျက် ရှိနေပါတယ်။ ဘုရားရှင်က မိန့်တော်မူခဲ့ပါတယ်။ တဏှာနဲ့တူတဲ့ မြစ်ဆိုတာ မရှိပါတဲ့။

http://www.dhammadownload.com

အောင်မြင်သူ

အလုပ်တစ်ခုမှာ အစမှာလည်း ကောင်း, အလယ်မှာလည်းကောင်း, အဆုံးမှာလည်းကောင်းအောင် လုပ်နိုင်ပါမှ အောင်မြင်သူတစ်ဦး ဖြစ်လာနိုင်ပါတယ်။ ပေါ့ပေါ့ဆဆ အလုပ်လုပ်တတ်သူဟာ ဘယ်သောအခါမှ အောင်မြင်သူ ဖြစ်မလာနိုင်ပါ။

အစီအမံ

အစီအမံ မကောင်းရင် အင်အားတွေ များနေပါလျက် အင်အားမရ ဖြစ်တတ်ပါတယ်။

ခန္တီနဲ့ဇဲ

အများအကျိုး, ရွက်သယ်ပိုးက, ခန်းခန့်, ဆိုက့ဲရဲ့လည်း, မဖဲ့မစောင်း, ကိုယ့်လမ်းကြောင်းကို, စိတ်ကောင်းနှင့်ယှဉ်, ရှေ့ရှုနှင်လော - တဲ့။

လက်ာလေးက ဘယ်လောက်ကောင်းလိုက်သလဲ။ ခန္တီနဲ့ဇဲကို အားပေးတဲ့ စာသားလေးတွေပေါ့။ ခန္တီနဲ့ဇဲ မရှိရင် ကိုယ့်အကျိုး, သူ့ အကျိုးဘာမှမပြီးစီးပါ။

http://www.dhammadownload.com

အချိန်

စောင့်ရမယ့်အချိန်ဆိုရင် စောင့်ရပါတယ်။ မစောင့်ဘဲ မရနိုင်ပါ။ သစ်စေ့ကို အခု စိုက်, အခု သီးစေချင်လို့ မဖြစ်နိုင်ပါ။ အချိန်ကို စောင့်ရပါသေးတယ်။

အလုပ်

မနေ့က သောကဝေးရာဆီဆိုတဲ့ စာအုပ်လေးရေးတာ ပြီးသွားပါတယ်။ တာဝန်တစ်ရပ် အပြီးသတ်သွားတော့ ပေါ့သွားသလိုရှိပေမယ့် ဆက်လက်လုပ်ရမယ့် တာဝန်တွေက ရှေ့ကအသင့်ကြိုဆိုနေကြပါတယ်။ အလုပ်လုပ်ချင်သူအတွက် အလုပ်ဆိုတာ အမြဲရှိနေတာပါပဲ။

စိတ်

လူက ဘယ်နေရာပဲ ရောက်ရောက် စိတ်ကတော့ သူရောက်ချင်ရာ နေရာကို အမြဲရောက်နေတာပါပဲ။ စိတ်က ကား မလို၊ ရထား မလို၊ လေယာဉ် မလိုဘဲ သူသွားလိုရာကို ချက်ချင်း သွားနိုင်ပါပေတယ်။

http://www.dhammadownload.com

မလွယ်ပါ

စိတ်ဆိုတာလည်း ရုပ်လိုပါပဲ။ လှအောင် ပြုပြင်ပေးရင် ပေးသလောက် ရုပ်လှလာတတ်သလို စိတ်ကလည်း လှလာတတ်တာပါပဲ။ မပြုပြင်ဘဲ အလိုလို စိတ်ဟာ လှလာဖို့ မလွယ်ပါ။ အကြောင်းကတော့ စိတ်ဆိုတာ မကောင်းမှုမှာ ပျော်မွေ့တတ်လို့ပါပဲ။

မာန

မာနကို ဖယ်ရှားနိုင်တဲ့ ပညာဟာ အဆင့်မြင့်ပညာပါပဲ။ ပညာရှိလို့ ပတ်ဝန်းကျင်က ထင်မှတ်နေကြပေမယ့် မာနကို မချိုးနှိမ်, မပယ်ရှားနိုင်သေးရင် သူ့မှာပညာအားနည်းနေသေးလို့ပါပဲ။

သူတော်ကောင်း

အများက ဒေါသနဲ့ တုံ့ပြန်တတ်ကြတဲ့ နေရာမျိုးမှာ မေတ္တာနဲ့ တုံ့ပြန်နိုင်ပါမှ သူတော်ကောင်း ဖြစ်နိုင်ပါတယ်။

အများက မာနနဲ့ တုံ့ပြန်တတ်ကြတဲ့ နေရာမျိုးမှာ မာနမပါဘဲ တုံ့ပြန်နိုင်ပါမှ သူတော်ကောင်း ဖြစ်နိုင်ပါတယ်။

http://www.dhammadownload.com

အခွဲ - အသဲ

သား, သမီးကလည်း လိုအပ်တာထက် ပိုမခွဲပါမှ၊ မိဘကလည်း လိုအပ်တာထက် ပိုမကဲ, မသဲပါမှ သား, သမီး ကောင်း ဖြစ်လာနိုင်ပါ တယ်။ အခွဲပို, အကဲပို, အသဲပိုကြရင် လောကမှာ အသုံးမဝင်တဲ့ သား, သမီး ဖြစ်သွားတတ်ပါတယ်။

အလေ့အကျင့်

ကိုယ့်ကို အပြစ်ပြောလာသူတွေအပေါ် ဒေါသနဲ့ မတုံ့ပြန်ဘဲ အေးဆေးတည်ငြိမ်စွာ နေနိုင်အောင်, နေတတ် အောင် လေ့ကျင့် လေ့ကျင့်ပေးရပါတယ်။

မွေးနေအောင်

သူတစ်ပါးအပြစ်ပြောတဲ့ စကားတွေနဲ့ ကိုယ့်ပါးစပ် မှာ ညစ်ပေ မနေရအောင် သတိဆောင်ရပါမယ်။ သူတစ်ပါး ဂုဏ်ကို ပြောတဲ့စကားတွေနဲ့ ကိုယ့်ပါးစပ်မှာ မွေးကြိုင်နေ အောင် သတိဆောင်ရပါမယ်။

စကား

ကိုယ့်ပါးစပ်မှာ သူတစ်ပါးအပြစ်ပြောစကား နည်းသည်ထက်ပို နည်းနည်းလာအောင်၊ သူတစ်ပါးဂုဏ် ပြောတဲ့ စကား များသည်ထက် ပိုများများလာအောင် သတိထားကာ လေ့ကျင့်ပေးရပါမယ်။

http://www.dhammadownload.com

သိ၊ မသိ

သိစရာတွေ မကုန်နိုင်တဲ့ ဒီလောကကြီးမှာ ကိုယ် သိတာလေးက နည်းပါးလှပြီး ကိုယ်မသိသေးတာတွေကပဲ များပြားလှပါတယ်။

လျစ်လျူရှု

လောကသတ္တဝါတွေက သူတစ်ပါးအပြစ်ကို လျစ်လျူရှုရမယ့်အစား ကိုယ့်အပြစ်ကိုသာ လျစ်လျူရှုနေကြ ပါတယ်။ လျစ်လျူရှုမှု မှား နေပါတယ်။

နားနေခွင့်

သင့်နှလုံးအိမ်မှာ သူတစ်ပါးအပြစ်ကို ကြာကြာ စိမ်ထားရင် သင့် နှလုံးအိမ်ဟာ ပူလောင်မှု ခံစားရပါလိမ့်မယ်။ နှလုံးအေးချမ်းချင်ရင် သင့်နှလုံးအိမ်မှာ သူတစ်ပါးအပြစ်တွေ နားနေခွင့် မပေးသင့်ပါ။

အလေးအနက်

ကိုယ်က သူ့ကို အလေးအနက်ထားကာ ပြောဆို နေပေမယ့် သူက ကိုယ့်စကားကို အလေးအနက် မထားရင် ကိုယ့်ဘက်က ဆင်ခြင်ရ တော့မှာပါပဲ။

http://www.dhammadownload.com

အမွေ

လူငယ်တွေက လူကြီးတွေထံမှ အတုမြင် အတတ်သင် တတ်ကြပါတယ်။ ဒါကြောင့် လူကြီးတွေက အပြုမှား, အပြောမှား, စိတ်ထားမှား တွေကို လူငယ်တွေရဲ့ ရှေ့မှောက်မှာ မပြု, မပြော, မထားမိအောင် သတိပြုကာ ဆင်ခြင်ကြရပါမယ်။ မဆင်ခြင်ရင် လူငယ်တွေအား မကောင်းတဲ့ အမွေတွေကို ပေးရာရောက်သွားပါမယ်။

အရေးမစိုက်ဘဲ

ကိုယ်လည်း လုပ်နိုင်, ကိုယ်လည်း လုပ်သင့်တဲ့ အလုပ်မျိုးကို လုပ်ချင်လို့ လုပ်နေတဲ့အခါ ဘေးက ဘယ်လောက်ပင် ပြောကြပါစေ အရေးမစိုက်ဘဲ ကိုယ့်အလုပ်ကိုသာ တစိုက်မတ်မတ် လုပ်ရမည်သာ ဖြစ်ပါတယ်။

သတိထားပြီး

လူတွေကို ပေါင်းသင်းဆက်ဆံတဲ့အခါ လူ့သဘောကို သိအောင် လေ့လာကာ ပေါင်းသင်းဆက်ဆံရပါတယ်။ တချို့လူတွေက ကိုယ့်ကျိုး ကိုသာ ကြည့်တတ်ပြီး သူတစ်ပါး အကျိုးကို မသိတတ်ကြပါ။ အဲဒီလို လူမျိုးတွေကို သတိထားပြီး ရှောင်ရှားရပါတယ်။

http://www.dhammadownload.com

မလိမ့်တပတ်

လောကကြီးမှာ မလိမ့်တပတ် လုပ်တတ်သူတွေ ရှိကြပါတယ်။ အဲဒီလိုလူတွေကိုဝေးဝေးကပဲ ရှောင်ရှားတာဟာ စိတ်ချမ်းသာရပါတယ်။

ရလဒ်

အများအကျိုးပြုလုပ်ငန်းတွေလို ဆောင်ရွက်ရာမှာ စိတ်ရှည်, ဇွဲသန်, သည်းညည်းခံရပေမယ့် အကျိုးရလဒ်တွေကို များစွာတွေ့လာရတဲ့အခါ စိတ်ရှည်, ဇွဲသန်, သည်းညည်းခံရကျိုး နပ်ပါပေတယ်လို့ သဘောပေါက်ကာ ကျေနပ်လာရပါတယ်။

ဆန္ဒ

ကိုယ့်အလိုဆန္ဒ ပြည့်ဝခါနီးလာရင် လူတွေဟာ ပျော်ရွှင်တတ်ကြ ပါတယ်။ လူတိုင်း လူတိုင်း ကိုယ်စီဆန္ဒလေးတွေ ပြည့်ဝနေကြရင် သိပ်ပျော်ရွှင်ကြမှာပဲ။

ကြိုတင်ပြင်ဆင်မှု

လုပ်ငန်းတိုင်းမှာ ကြိုတင်ပြင်ဆင်မှု ရှိပါမှ အောင်မြင်တဲ့ လုပ်ငန်းဖြစ်လာနိုင်ပါတယ်။

http://www.dhammadownload.com

ဖျာလိပ်

ပွဲပြီးတော့လည်း ဖျာလိပ်, အိတ်ထမ်းပြီး လာလမ်းကို ပြန်ကြတာပါပဲ။ အလာရှိတော့လည်း အပြန်ရှိရတာပေါ့။

အသနားပို

ကိုယ် ချစ်ခင်ရသူမှာ သနားစရာ အခြေအနေကို တွေ့ရရင် အခြားသူ အပေါ် မှာထက် အသနားပိုတတ်ကြပါတယ်။

အနှစ်

တည်ငြိမ်ရင့်ကျက်တဲ့စိတ် ရှိလာတဲ့အခါ အကာတွေ နောက် မလိုက်တော့ဘဲ အနှစ်ကိုသာ ရွေးချယ်ပြီးလုအောင် ယူလာတတ်ကြပါတယ်။

ဆင်နဲ့ ပုရွက်ဆိတ်

ဆင်လည်း ဆင်အလျောက်, ပုရွက်ဆိတ်လည်း ပုရွက်ဆိတ် အလျောက် အလုပ်တွေ ရှုပ်နေတာပါပဲ။ အလုပ်ဆိုတာ အလုပ်လုပ်လိုသူတွေအတွက် အမြဲရှုပ်နေတာပါပဲ။

http://www.dhammadownload.com

စိတ်

ချင်ခင်ကြသူတွေဟာ ခွဲခွာရခါနီးမှာ လွန်စွာ စိတ်ဆင်းရဲရသလို ပြန်လည်ဆုံတွေ့ရခါနီးမှာ လွန်စွာ စိတ်ချမ်းသာ ပျော်ရွှင်နေကြပါ တယ်။

အလုပ်

စိတ်အား သင့်တော်ကောင်းမြတ်တဲ့ အလုပ်တွေကို ပေးတတ်ရပါတယ်။ အဲဒီစိတ်ကလေးက ချမ်းသာအောင် ကူညီပေးတတ်ပါတယ်။

အတွင်း - အပြင်

သတ္တဝါတွေက ကိုယ့်ခန္ဓာရဲ့အတွင်းက အခြေအနေတွေကို မကြည့်ရှုလိုကြဘဲ အပြင်က အခြေအနေတွေကိုသာ ကြည့်ရှုလိုနေကြပါတယ်။

သာမဏောကျော်

သာမဏောကျော် မဟာဂန္ဓာရုံကျောင်းတိုက်၊

လှော်ကားဥယျာဉ်အနီး၊ မှော်ဘီမြို့နယ်၊ ရန်ကုန်မြို့။

ပြာသိုလပြည့်ကျော် (၈) ရက်၊ ၁၃၆၈ ခုနှစ်

၁၀-၁-၂၀၀၇

http://www.dhammadownload.com

http://www.dhammadownload.com

သာဓုခေါ်ပါလေ



* ပညာဆိုတာ, လောကမှာ, အရာရာကို သိနိုင်ပေ။
* စာအုပ်လှူရာ, ပညာပါ, လှူရာရောက်ပါပေ။
* ဗုဒ္ဓသာသနာ, လောကမှာ, ရှည်ကြာတည်ပါစေ။
* ဤသို့ ရည်မှန်း, ငါလှူဒါန်း, ရွှင်လန်း သာဓုခေါ်ပါလေ။

သာမဏေကျော်စာပေ ပညာဒါန အလှူရှင်များ

၁။ ကိုမျိုးခိုင်ကို ရည်စူး၍
ကျန်ရစ်သည့် မောင်နှမတစ်စု၊
အမှတ် (၃၄/**A**)၊ အင်းယားမြို့လမ်း၊
ရွှေတောင်ကြား (၁) ရပ်ကွက်၊ ဗဟန်း။ ၁,၅၀၀,၀၀၀

၂။ **Sukhavati (Korea, Seoul)** ၆၈၇,၅၀၀

၃။ ကိုစိန်ကျော်နှင့် မောင်နှမတစ်စု၊
ဘုရင့်နောင်ပွဲရုံ။ ၃၅၀,၀၀၀

၄။ ဦးခင်ဇော် + ဒေါ်စန်းစန်းအေးမိသားစု။ ၃၀၀,၀၀၀

http://www.dhammadownload.com

၅။ မခင်ညွန့်လွင် (ခ) မဖြူ၊ မန္တလေးမြို့။ ၃၀၀,၀၀၀

၆။ အရှင်သံဝရာလင်္ကာရ ဓမ္မပိယဆရာတော်၊
သယ်နှံးကျွန်း။ ၃၀၀,၀၀၀

၇။ သင်တန်းမှူးဆရာမ ဒေါ်ခင်လှတင်နှင့် ပဲခူးမြို့
ဓမ္မဗျူဟာ သာသနမာမကအဖွဲ့
သင်တန်းသူ/သားများ ၃၀၀,၀၀၀

၈။ ဦးလှမြင့် + ဒေါ်တင်တင်အေး၊ သား ဟိန်းစည်၊
သမီး ဧကရီ မိသားစု၊ ပြင်ဦးလွင် ၂၃၀,၀၀၀

၉။ ဦးအောင်ကျော်ဆင့် + ဒေါ်နှင်းငွေရည်၊
သမီး သောတာငွေစင်၊ မြကြာငုံစာပေ၊
၅၄၊ အုတ်လမ်း၊ ဗဟန်း၊ ရန်ကုန်။ ၂၀၀,၀၀၀

၁၀။ဦးအောင်ကျော်မောင် + မယမင်းလှိုင်
သား ကောင်းထက်သူ မိသားစု ၂၀၀,၀၀၀

၁၁။ကိုတိုးတိုး (ခ) ကိုသန်းထွန်း-မခင်ဝင်းရီ၊
သမီး ယွမ်ယွမ်း၊ ဝမ်ဝမ်း။ ၂၀၀,၀၀၀

၁၂။ကိုရဲ၊ ရွှေမဟာ အထွေထွေရောင်းဝယ်ရေး၊
အမှတ် (၈၇)၊ ကုန်စျေးတန်းလမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ၂၀၀,၀၀၀

http://www.dhammadownload.com

၁၃။ကိုကျော်ကျော် + မသီတာထွန်း၊
သမီး ကြည်ဖြူခင် မိသားစု
အမှတ် (ဃ/၂)၊ အောင်သပြေလမ်း၊
ဘုရင့်နောင်ပွဲရုံ။ ၂၀၀,၀၀၀

၁၄။ဦးခင်မောင်လွင် + ဒေါ်ခင်သူဇာ
သားသမီး မြေးတစ်စု။ ၁၈၀,၀၀၀

၁၅။ကိုကြည်လင်မိသားစု၊ ကောင်းဆက်ပွဲရုံ။ ၁၅၀,၀၀၀

၁၆။ကိုမောင်မောင် + မစန်းနု၊ ကောင်းဆက်ပွဲရုံ။ ၁၅၀,၀၀၀

၁၇။ဦးကက်စိန် + ဒေါ်သန်းသန်းညွှန့်၊
သမီး မဝါဝါဝင်းလှိုင်၊ မဇာဇာစိမ့်၊
မပြုံးအေးခိုင်၊ မခင်ချောနွယ်၊
၃၁၊ ၅-လွှာ၊ ၁၁ လမ်း၊ လမ်းမတော်။ ၁၂၀,၀၀၀

၁၈။မသုဘဒ္ဒါ၊ မဝိဇယာ၊ ကိုရီးယား။ ၁၁၅,၅၀၀

၁၉။ဦးတင်ထူး + ဒေါ်နွဲ့နွဲ့ဝင်း၊ သား ထူးအောင်ဝင်း၊
သမီး ခင်စုစုဝင်း (ထူးရေခဲမုန့်) ၁၀၀,၀၀၀

၂၀။ကိုမောင်မောင် + မစန်းနု
အမှတ် (၁၆၁)၊ ထီးတန်းဈေးလမ်း။ ၁၀၀,၀၀၀

http://www.dhammadownload.com

၂၁။ကောင်းသီဟ၊ မင်းသီဟ၊ မေဦးခိုင် မောင်နှမများ
အမှတ် (၅)၊ ငွေပြည်သာ၊ သဃ်နိုးကျွန်း။ ၁၁၁,၀၀၀

၂၂။အရှင်နန္ဒသီရိ၊ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း
သာသနာရိပ်သာ၊ မော်လမြိုင်။ ၁၀၀,၀၀၀

၂၃။ကိုမျိုးအောင် + မစန်းစန်းဝင်း မိသားစု
(၅၃)၊ ကမ်းနားလမ်း၊ ပုသိမ်မြို့။ ၁၀၀,၀၀၀

၂၄။ဦးအောင်ထွန်း + ဒေါ်မြင့်မြင့်အေး
သား ကျော်ကျော်ထွန်း၊ ဟန်လင်းအောင်၊
သမီး မသဇင်အောင်၊ တောင်ကြီးမြို့။ ၁၀၀,၀၀၀

၂၅။ဦးအောင်သန်း + ဒေါ်ဝေ၊ ဒေါ်နုနုဝေ၊
ဒေါ်အေးအေးလွင်၊ ဒေါ်ခင်လေးဝင်း၊
တောင်ကြီးမြို့။ ၁၀၀,၀၀၀

၂၆။ဦးစိမ်း မိသားစု ၁၀၀,၀၀၀

၂၇။ဦးကုလားဖြူ မိသားစု ၁၀၀,၀၀၀

၂၈။ကိုထင်ကျော် + မအေးအေးခိုင်၊
သား အောင်အောင်ဦး၊ ဟိန်းထက်ဇော်။ ၁၀၀,၀၀၀

၂၉။ကိုဇင်မျိုးနိုင် + မဝင်းမာဦး မိသားစု ၁၀၀,၀၀၀

http://www.dhammadownload.com

၃၀။ကောင်းဆက်ပွဲရုံ မိသားစု ၁၀၀,၀၀၀

၃၁။ဒေါ်နန်းနွယ်၊ သမီး မခင်ခင်ဦး

ညီမ မနန်းမိုးသီတာ၊ ကြပ်ပြင်၊ မိုးကုတ်မြို့။ ၁၀၀,၀၀၀

၃၂။ဦးအောင်မြင့်သိန်း (ကားဝပ်ရှော့)

၄၇၂ သစ္စာလမ်း၊ တ/ဥက္ကလာ။ ၁၀၀,၀၀၀

၃၃။ဒေါ်ခင်စောတင့် မိသားစု၊

H - 1 ၊ သံလွင်လမ်း၊ ရန်ကုန်။ ၁၀၀,၀၀၀

၃၄။မသန်းသန်းရီ (ဓမ္မဗျူဟာ) ပဲခူးမြို့။ ၅၀,၀၀၀

၃၅။မကမလဉာနီနှင့် မပရမဉာနီ၊

ပဏ္ဍိတာရာမရွှေတောင်ကုန်းသာသနာ့ရိပ်သာ။ ၅၀,၀၀၀

၃၆။အရှင်သောပါက၊ ဗိုလ်ရုံကျော်ငြိမ်းဆရာတော်

ဝက်လက်မြို့နယ်၊ လှတွေရွာ။ ၅၀,၀၀၀

၃၇။ဦးစောမောင်၊ ဦးဗိုလ်တင့်၊ ခင်မမ၊ တင်မိုးခိုင်၊

ဝက်လက်မြို့နယ်၊ လှတွေရွာ။ ၅၀,၀၀၀

၃၈။ဒေါ်ခင်မြင့်ကြည် မိသားစု။ ၅၀,၀၀၀

၃၉။ဦးစိန်ကြည် + ဒေါ်ခင်ရီ မိသားစု

၁၉/ဂ၊ ပဏ္ဍိတလမ်း၊ လှိုင်၊ ရန်ကုန်။ ၅၀,၀၀၀

http://www.dhammadownload.com

၄၀။ကိုထွန်းထွန်း မိသားစု ၅၀,၀၀၀

၄၁။မောင်သိန်းဦးကို ရည်စူး၍

အောင်ပန်း ဖိနပ်ဆိုင်မိသားစု၊ ပုဇွန်တောင်။ ၄၀,၀၀၀

၄၂။ပုညာရာမ (တောင်သာ)

သီလရှင်ကျောင်းတိုက် မိသားစု၊ မှော်ဘီ။ ၃၀,၀၀၀

၄၃။ဦးတင်ဝင်း + ဒေါ်ဝမ်းဝမ်း မိသားစု။ ၃၀,၀၀၀

၄၄။ဦးအောင်သူဆန်း + ဒေါ်ဌေးဌေးရီ မိသားစု။ ၃၀,၀၀၀

၄၅။ဦးတင်အောင် + ဒေါ်ကျင်ပု၊ စံပြရွှေဆိုင်၊

(၅၃)၊ ဝါးတန်းလမ်း၊ ရန်ကုန်မြို့။ ၃၀,၀၀၀

၄၆။ဒေါ်ကြူကြူ (ဓမ္မဗျူဟာ၊ ပဲခူးမြို့)

ရွှေရတုမွေးနေ့ ၃၀,၀၀၀

၄၇။ဦးနီပွန် + ဒေါ်ခင်လေးရီ၊

သင်္ဘာမျက်မှန် မိသားစု၊ ပဲခူးမြို့။ ၃၀,၀၀၀

၄၈။ဝင်းနုနုဝင်း + စုသွယ်သွယ်ဝင်း

ဉာဏ်ပေါ်ထွန်း၊ စင်ကာပူ။ ၃၀,၀၀၀

၄၉။ဦးမျိုးသန့် + ဒေါ်ခင်စန္ဒာထွန်း၊

ဦးတင်မျိုးဦး + ဒေါ်မိုးမိုးဝင်းလှိုင် မိသားစု ၃၀,၀၀၀

http://www.dhammadownload.com

၅၀။ဦးတင်ဖေ + ဒေါ်မြန္မယ်၊
လှော်ကား၊ သံလမ်း။ ၃၀,၀၀၀

၅၁။ဦးစိုးအောင် + ဒေါ်ခင်စိုး မိသားစု ၃၀,၀၀၀

၅၂။မစုစုနိုင်၊ ပဲခူးမြို့။ ၂၀,၀၀၀

၅၃။ဦးသက်နိုင်ဦး + ဒေါ်သက်သက်ခိုင်
အမှတ် (၈)၊ မင်းလမ်း၊ ဟင်္သာစတိုး၊
ဇိုင်း/တောင်၊ ပဲခူးမြို့။ ၁၅,၀၀၀

၅၄။သာသနာမိခင်ကြီး ဒေါ်ကျင်ယုံ၊
မဟာစည်သာသနာ့ရိပ်သာ၊ သယ်နန်းကျွန်း။ ၁၅,၀၀၀

၅၅။ဒေါ်ညွှန့်ညွှန့်၊ သား ကိုထွန်းနိုင်၊ မိသားစု။ ၁၀,၀၀၀

၅၆။ဦးကြင်စန် + ဒေါ်တင်ကြည်
၆၈၊ ၁၁ လမ်း၊ ရန်ကုန်။ ၁၀,၀၀၀